# ကြေးမုံ

The Mirror Daily

Established in 1957

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

e – paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်၊ သောကြာနေ့။ Friday, 31 July 2026 ၁၂၂၅၆


## ဆွေမျိုးတို့နှင့် နေရသကဲ့သို့

သူမိုက်နှင့် ပေါင်းဖော်၍ လှည့်လည်သောသူသည် ကာလရှည်မြင့်စွာ စိုးရိမ်ရ၏။ လူမိုက်တို့နှင့် အတူနေရခြင်းသည် ရန်သူနှင့် အတူနေရသကဲ့သို့ အခါခပ်သိမ်း ဆင်းရဲရ၏။ ပညာရှိနှင့် အတူတကွ နေရခြင်းသည် ဆွေမျိုးတို့နှင့် အတူတကွ နေထိုင်ရသကဲ့သို့ ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ–၂၀၇)

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တက်ရောက်၍ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် နိုင်ငံတော်အခြေပြ မိန့်ခွန်းပြောကြားမည်

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ပြည်ထောင်စုလွှတ်တော်မှ ၂၀၂၆ ခုနှစ် ဇူလိုင် ၃၁ ရက်တွင်ကျင်းပမည့် တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၂)ရက်မြောက်နေ့အစီအစဉ်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်အား တက်ရောက်မိန့်ခွန်းပြောကြားပေးနိုင်ရန်အတွက် သဝဏ်လွှာပေးပို့ ဖိတ်ကြားမှုအရ နိုင်ငံတော်သမ္မတသည် အဆိုပါပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့တက်ရောက်ပြီး နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်း ပြောကြားမည်ဖြစ်ပါသည်။

အဆိုပါ နိုင်ငံတော်သမ္မတ၏ နိုင်ငံတော်အစိုးရ ရက်(၁၀၀)ပြည့် နိုင်ငံတော်အခြေပြမိန့်ခွန်းပြောကြားမှုအား တတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးကျင်းပမည့် ဇူလိုင် ၃၁ ရက်နေ့ နံနက် (၁၀) နာရီမှစတင်ပြီး MRTV–HD၊ MRTV–News၊ MRTV–Parliament၊ MRTV–Farmers'၊ MWD–HD၊ MWD – Variety ရုပ်သံလိုင်းများ နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM ရေဒီယိုတို့တွင် တိုက်ရိုက်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းနှင့်ပြန်ကြားရေးဇုန်ရုံ
နိုင်ငံတော်သမ္မတရုံး



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တိုကျိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde အား လက်ခံတွေ့ဆုံစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံသို့ တိုကျိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားနိုင်ငံ သံအမတ်ကြီးက လာရောက်ဂါရဝပြုတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထံ တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် တိုကျိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားနိုင်ငံသံအမတ်ကြီး H.E. Mr. Daba Debele Hunde ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတရုံးတော် ဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



## သဲကုန်းမြို့မဈေး၌ အသားနှင့် ကြက်ဥများ ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိ

သဲကုန်း ဇူလိုင် ၃၀

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့တွင် အခြေခံ စားသောက်ကုန်ပစ္စည်းများကို ပြင်ပဈေးနှုန်းထက်သက်သာစွာ ဝယ်ယူနိုင်ရန် ယမန်နေ့က မြို့မဈေးကြီး၌ ရောင်းချပေးလျက်ရှိသည်။

ထိုသို့ရောင်းချပေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးယဉ်ထွေး၏ လမ်းညွှန်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဥက္ကဋ္ဌနှင့် ဝန်ထမ်းများကကြီးကြပ်၍ ပြည်သူများအား စာမျက်နှာ ၃ ကော်လံ ၁ သို့ ○

## ယနေ့ ဖတ်စရာ


မိမိပိုင်ယာဉ်နံပါတ်ဖြင့် အခြားသူများမှ မသမာသော နည်းလမ်းအသုံးပြု၍ စက်သုံးဆီဝယ်ယူခြင်း ခံရသည့် ယာဉ်ပိုင်ရှင်များအတွက် စက်သုံးဆီဝယ်ယူခွင့် QR Code အသစ်ထုတ်ပေးရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ် အသိပေးထုတ်ပြန်ခြင်း စာမျက်နှာ » ၃

အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အပေါ် ပြည်သူများ၏သဘောထားအမြင် ဆောင်းပါး စာမျက်နှာ » ၁၀


## မုံရွာမြို့နယ်၌ အခြောက်မြုပ်စိုက်နည်းဖြင့် မိုးနှောင်းချည်မျှင်ရှည်ဝါများ စိုက်ပျိုး



မုံရွာ ဇူလိုင် ၃၀

မုံရွာမြို့နယ်တွင် မိုးနှောင်းချည်မျှင်ရှည်ဝါများကို အခြောက်မြုပ်စိုက်နည်းဖြင့် စိုက်ပျိုးလျက်ရှိသည်။

"မိုးနှောင်းချည်မျှင်ရှည်ဝါစိုက်ချိန်က နှစ်ပတ်လောက် ကျန်သေးတယ်။ ဩဂုတ်လ လဝက်လောက်အထိ တောင်သူတွေက စိုက်ကြမှာပါ။ အခုကထယ်ရေးထွန်ရေး ဝင်ပြီး စိုက်နေကြပါပြီ"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❐

# အာကာသနည်းပညာဂုဏ်ယူဝင့်ကြွား နိုင်ငံတော်နှင့် နိုင်ငံသားအကျိုးစီးပွား

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်အစိုးရ၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း မြန်မာအာကာသအေဂျင်စီက ဆောင်ရွက်ပြီးစီးခဲ့သည့် နည်းပညာလုပ်ငန်းများ အပ်နှင်းခြင်းနှင့် လက်တွေ့သရုပ်ပြခြင်းအခမ်းအနားကို ဇူလိုင် ၂၇ ရက်က ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်ရှိ မြန်မာအာကာသအေဂျင်စီ (MSA) ၌ စတင်ကျင်းပပြုလုပ်ရာ နိုင်ငံတော်သမ္မတက “MAH-1 ဂြိုဟ်တုမြေပြင်ထိန်းချုပ်ရေးစခန်းနှင့် Multi-Mission Operation Command and Control (MOCC)”ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ယခုကဲ့သို့ မြန်မာအာကာသအေဂျင်စီ ဖွဲ့စည်းနိုင်မှုနှင့် လုပ်ငန်းများတိုးတက်ဖွံ့ဖြိုးနေမှုများသည် နိုင်ငံတော်အတွက် အိပ်မက်တစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခြင်းပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

“အာကာသနည်းပညာဆိုင်ရာများနှင့်ပတ်သက်၍ လိုအပ်သည့် စက်ပစ္စည်းများ၊ အခြေခံအဆောက်အအုံများ၊ လူသားအရင်းအမြစ်များ ဖြည့်တင်းရေးနှင့်ပတ်သက်၍လည်း မိမိတို့အနေဖြင့် အကောင်းဆုံးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ပြီး အဆင့်ဆင့်ဖွံ့ဖြိုးတိုးတက်လာမှုများအတွက် ဝမ်းမြောက်ဂုဏ်ယူမိပါကြောင်း၊ မိမိတို့နေထိုင်သည့် ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲနေသည်ဖြစ်သဖြင့် အာကာသနည်းပညာဆိုင်ရာများကို မဖြစ်မနေသိရှိနားလည်ရမည်၊ အကျိုးရှိအောင် အသုံးချနိုင်ရမည်ဖြစ်ကြောင်း” နိုင်ငံတော်သမ္မတက ထည့်သွင်းလမ်းညွှန်မှာကြားခဲ့သည်။ နိုင်ငံတိုင်းအနေဖြင့် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာဆိုင်ရာ တိုးတက်မြင့်မားစေရေးအတွက် အိပ်မက်များ၊ ရည်မှန်းချက်များကိုယ်စီရှိကြသည်။ အာကာသနည်းပညာနှင့်ပတ်သက်၍ မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအများစုက အကောင်အထည်ဖော်ဆောင်ရွက်လိုသည့် စိတ်ကူးများ၊ ရည်မှန်းချက်များကိုယ်စီရှိကြရာ စိန်ခေါ်မှုအခက်အခဲများကြားမှ မြန်မာနိုင်ငံက အကောင်အထည်ဖော်နိုင်ခဲ့သည်။

မြန်မာနိုင်ငံအနေဖြင့် အာကာသနည်းပညာနှင့်ပတ်သက်၍ ယခင်ကတည်းက စိတ်ဝင်တစားဆောင်ရွက်ခဲ့ပြီး လူသားအရင်းအမြစ်များကိုလည်း ကြိုတင်မွေးမြူလေ့ကျင့်မွေးထုတ်ပေးပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရ နိုင်ငံ့တာဝန်ထမ်းဆောင်ချိန်တွင် အာကာသနှင့်သက်ဆိုင်သည့် နည်းပညာရပ်များ သင်ကြားနိုင်ရန်အတွက် ပြည်ပသို့ပညာတော်သင်များ စေလွှတ်ပေးခဲ့သည်။ ထို့ပြင် အာကာသနည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ပတ်သက်၍လည်း ဘက်ပေါင်းစုံမှ အားပေးဆောင်ရွက်ခဲ့ပြီး လက်ရှိအခြေအနေတွင် မြန်မာအာကာသအေဂျင်စီကို စနစ်တကျဖွဲ့စည်း၍ လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်သည့် အခြေအနေသို့ရောက်ရှိခဲ့သည်။ အာကာသနည်းပညာမြင့်မားတိုးတက်စေရေးအတွက် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတော်၏ ရေရှည်အကျိုးကိုကြည့်၍ ပံ့ပိုးအကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။

သုတေသနပြခန်းတွင် ပြသထားသည့် လေ့လာဆန်းစစ်မှုများသည် နိုင်ငံ၏အကျိုးစီးပွားအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ အာကာသအတွင်းသို့ ဂြိုဟ်တုလွှတ်တင်နိုင်ရေးသာမက အာကာသယာဉ်မှူးများကိုလည်း စေလွှတ်မည်ဖြစ်ပြီး ထိုသို့ဆောင်ရွက်နိုင်ခြင်းသည် နိုင်ငံတော်၏ဂုဏ်ကိုပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်သည်။ ရရှိလာမည့် အာကာသနည်းပညာများနှင့် အချက်အလက်များသည် နိုင်ငံတော်အတွက် အကျိုးများမည်ဖြစ်၍ လုပ်ငန်းများအောင်မြင်အောင် စနစ်တကျဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်သည်။ အာကာသနည်းပညာဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားတို့၏ အကျိုးစီးပွားနှင့်လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကိုရှေးရှု၍ စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားမည်ဆိုပါက မြန်မာနိုင်ငံအနေဖြင့် ဒေသတွင်းနှင့်ကမ္ဘာ့အလယ်တွင် အာကာသနည်းပညာဆိုင်ရာများနှင့်ပတ်သက်၍ ဂုဏ်ယူဝင့်ကြွားနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်လာမည်။ အခမ်းအနားတွင် နိုင်ငံတော်အတွက် ပထမဆုံးသော အာကာသယာဉ်မှူးလောင်းများကို ရွေးချယ်ဂုဏ်ပြုနိုင်ခဲ့သည်။

အာကာသနည်းပညာသည် မြန်မာနိုင်ငံနှင့် ကမ္ဘာပေါ်တွင်ဖြစ်ပေါ်နေသည့် ပထဝီမြေပြင် ပြောင်းလဲမှုဆိုင်ရာများ၊ မီးတောင်ပေါက်ကွဲခြင်း၊ ရေကြီးခြင်းစသည့် သဘာဝဘေးအန္တရာယ်များကို အာကာသနည်းပညာကိုအသုံးပြု၍ အသေးစိတ်အချက်အလက်များကို သိရှိနိုင်သည်။ ထိုသို့ ဂြိုဟ်တုများအသုံးပြု၍ သုတေသနလုပ်ငန်းများကို ဆောင်ရွက်ခြင်းအားဖြင့် ကမ္ဘာမြေပြင်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည်ဖြစ်သည်။ မြေပြင်အချက်အလက်များကို အာကာသအတွင်းရှိ ဂြိုဟ်တုများမှရရှိသည့် အချက်အလက်များနှင့် ပေါင်းစပ်ဆောင်ရွက်မည်ဆိုပါက ကမ္ဘာကြီးကို များစွာအကျိုးပြုမည်ဖြစ်သည်။

သို့ဖြစ်ရာ ယနေ့ကမ္ဘာကြီးသည် နေ့စဉ်နှင့်အမျှ တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသည်ဖြစ်၍ အာကာသနည်းပညာများကို မဖြစ်မနေသိရှိနားလည်အောင်၊ အကျိုးရှိအောင်အသုံးချပြီး နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး အတည်ပြုခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ထူး ကို အစမ်းခန့်ကာလ ( ၁ )နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

## ကျုံပျော်မြို့နယ်၌ ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်လှစ်

ကျုံပျော် ဇူလိုင် ၃၀

ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများအတွက် ဥပဒေအသိပညာပြန့်ပွားရေး ဆရာဖြစ်သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျုံပျော်မြို့ ဧရာမင်းခန်းမ၌ ကျင်းပသည်။

ဦးစွာ ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးစောထွန်းဝင်းက အမှာစကားပြောကြားပြီး ကျုံပျော်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ခရိုင်ဥပဒေအရာရှိ ဒေါ်အယ်လ်မာစိုးက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

သင်တန်းတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ၉၇ ဦးတို့အား ကျုံပျော်မြို့နယ်ဥပဒေအရာရှိ ဦးဇေယျာထက် က ဥပဒေဆိုင်ရာများကို ဇူလိုင် ၃၁ ရက်အထိ သင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။

နေဝင်းမြင့်(ပြန်/ဆက်)

## (၃၀-၇-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၃ ~ ၃၆၆၃.၆ | ၅၅၇ ~ ၅၅၈.၂ | ၁၂၅.၅ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၃၇၁,၇၂၃.၉၀ | ၅,၉၆၉,၄၂၃.၇၄ | ၃,၆၈၁,၀၄၇.၇၉ | - |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ ဓာတ်မြေဩဇာ၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဆက်သွယ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ အမေရိကန်ဒေါ်လာ ၀.၀၁ သန်းအား CMP ကဏ္ဍသို့လည်းကောင်း၊ အမေရိကန်ဒေါ်လာ ၅.၀၀ သန်းအား LNG ကဏ္ဍသို့လည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၃၀ - ၇ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၃၀ - ၇ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၂၀၇ | ၃,၇၂၆,၀၀၀ |
| MTSH | ၈,၄၀၀ | ၈,၅၀၀ | ၃,၄၉၄ | ၂၉,၆၈၆,၂၀၀ |
| MCB | ၁၄,၀၀၀ | ၁၃,၀၀၀ | ၁၀၆ | ၁,၄၁၃,၅၀၀ |
| FPB | ၆,၈၀၀ | ၆,၇၀၀ | ၄၀၇ | ၂,၇၅၃,၉၀၀ |
| TMH | ၃,၄၀၀ | ၃,၄၀၀ | ၁၄ | ၄၇,၆၀၀ |
| EFR | ၁,၉၅၀ | ၁,၉၀၀ | ၈၆၅ | ၁,၆၆၈,၄၀၀ |
| AMATA | ၄,၀၀၀ | ၄,၂၀၀ | ၃၇ | ၁၅၂,၇၀၀ |
| MAEX | ၆,၃၀၀ | ၆,၃၀၀ | ၅၂ | ၃၂၇,၆၀၀ |
| MADPL(PLB) | ၆,၆၀၀ | ၆,၅၀၀ | ၂၉ | ၁၈၉,၆၀၀ |
| ASPGB(PLB) | ၇,၇၀၀ | ၇,၇၀၀ | ၁၁,၈၄၀ | ၉၁,၁၆၈,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

☆ ရှေ့ဖုံးမှ

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်သမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေနှင့် တာဝန်ရှိသူတို့ တက်ရောက်ကြပြီး တိုကျိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားနိုင်ငံ သံအမတ်ကြီးနှင့်အတူ သံအမတ်ကြီး၏ဇနီး အီသီယိုးပီးယားနိုင်ငံ၏ အောက်လွှတ်တော်အမတ်နှင့် ယဉ်ကျေးမှုနှင့် အားကစားရေးရာဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဟောင်းဖြစ်သူ H.E. Mrs. Worknesh Biru နှင့် သံရုံးမှ တာဝန်ရှိသူတို့ တက်ရောက်ကြသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အီသီယိုးပီးယားနိုင်ငံတို့အကြား သံတမန်ဆက်ဆံမှုများ တိုးတက်ကောင်းမွန်အောင် မြှင့်တင်ဆောင်ရွက်နိုင်ခဲ့မှု၊ မြန်မာနိုင်ငံတွင် လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး ပြည်သူများက ရွေးချယ်တင်မြှောက်သည့် အစိုးရအနေဖြင့် ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာလျှောက်လှမ်း၍ နိုင်ငံတော်တာဝန်များ ထမ်းဆောင်လျက်ရှိသကဲ့သို့ အီသီယိုးပီးယားနိုင်ငံတွင်လည်း မေလအတွင်း ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပြီး အစိုးရသစ်မှ နိုင်ငံ့တာဝန်များ ထမ်းဆောင်နေမှု၊ နှစ်နိုင်ငံအကြား အဆင့်မြင့်အရာရှိကြီးများ ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားလာ၍ ဆက်ဆံမှုများမြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေ၊ ပြည်တွင်းပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် ငြိမ်းချမ်းရေးဆောင်ရွက်မှုနှင့် သက်ဆိုင်သည့် အတွေ့အကြုံများ နှစ်နိုင်ငံအကြား အပြန်အလှန်ဖလှယ်နိုင်ရေး၊ ငြိမ်းချမ်းရေး ဖော်ဆောင်မှုအဖွဲ့များကို လေ့လာရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် စေလွှတ်သွားမည့်အခြေအနေ၊ လွှတ်တော်များအချင်းချင်း ဆက်ဆံရေးနှင့် အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ဆောင်ရွက်သွားမည့်အခြေအနေ၊ နယ်စပ်ဒေသများတွင် တည်ငြိမ်အေးချမ်းမှု ပျက်ပြားပြီး နိုင်ငံ့ပုံရိပ်နှင့် နိုင်ငံတည်ဆောက်ရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဟန့်အတားများဖြစ်ပေါ်လျက်ရှိမှု၊ နယ်စပ်ပြဿနာများကို အကောင်းဆုံးကိုင်တွယ်ဖြေရှင်းရန် လိုအပ်မှုနှင့် နိုင်ငံအတွင်းသို့ နယ်စပ်ဒေသများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသားများအား သက်ဆိုင်ရာနိုင်ငံများသို့ စနစ်တကျ ပြည်နှင့်လွှဲပြောင်းပေးလျက်ရှိမှု၊ နှစ်နိုင်ငံအကြား စိုက်ပျိုးရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍနှင့် ခရီးသွားကဏ္ဍများအပါအဝင် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်နိုင်ရေး၊ နှစ်နိုင်ငံ ပြည်သူများအချင်းချင်း အပြန်အလှန် ကူးလူးဆက်ဆံမှုများ တိုးမြှင့်နိုင်ရေး ဆောင်ရွက်သွားနိုင်သည့် အခြေအနေ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်မြှင့်တင် ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်သမ္မတနှင့် တိုကျိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားနိုင်ငံ သံအမတ်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့် အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်နှင့် တိုကျိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုးပီးယားနိုင်ငံ သံအမတ်ကြီး H.E. Mr. Daba Debele Hunde တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



# ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇူလိုင် ၃၀**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေသည် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ် Mr. Arnaud de Baecque အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ ICRC က ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများနှင့် လူသားချင်းစာနာမှု အကူအညီများပေးအပ်ရေးနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီးနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

❒ မုံရွာမြို့နယ်မှ

“မုံရွာမြို့မှာတော့ တွင်းရေကိုစက်နဲ့တင်ပြီးစိုက်ကြရတာပါ။ မိုးတော့ မျှော်ကြရတာပေါ့။ မုံရွာအပြင်ဘက်က ရွာတွေမှာတော့ မိုးရွာတော့ မြေအစိုဓာတ်ရကြပြီး အပင်တွေဖြစ်ကြတယ်ကြားတယ်”ဟု မုံရွာမြို့နေ ချည်မျှင်ရှည်ဝါစိုက်တောင်သူက ပြောသည်။

တောင်သူများအနေဖြင့် ဝါဈေးကောင်းမွန်ပြီး ဝယ်ယူမည့် ဈေးကွက်ရှိသောကြောင့် ချည်မျှင်ရှည်ဝါစိုက်ပျိုးမှုအပေါ် စိတ်ဝင်စားကာ စိုက်ပျိုးနေကြပြီး ပြီးခဲ့သည့်နှစ်က မုံရွာမြို့နယ်တွင် ချည်မျှင်ရှည်ဝါဧက ၄၃၀၀ နီးပါးစိုက်ပျိုးခဲ့ကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

❍ သဲကုန်းမြို့မဈေးမှ

ဝက်သားတစ်ပိဿာ ငွေကျပ် ၂၀၀၀၀၊ အမဲသားတစ်ပိဿာ ငွေကျပ် ၁၉၀၀၀၊ ကြက်သားတစ်ပိဿာ ငွေကျပ် ၂၂၀၀၀ နှင့် ကြက်ဥတစ်လုံး ငွေကျပ် ၄၆၀ နှုန်းဖြင့် ဈေးနှုန်းသက်သာစွာရောင်းချပေးလျက်ရှိရာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ရွှေညောင်-ညောင်ရွှေလမ်း ရေကျော်မှုဖြစ်ပွားလေ့ရှိသည့်နေရာများအား လမ်းတာပေါင်မြှင့်တင်

**အေးသာယာ ဇူလိုင် ၃၀**

ရွှေညောင်-ညောင်ရွှေ လမ်း ရေကျော်မှုဖြစ်ပွားလေ့ရှိသည့်နေရာများအား လမ်းတာပေါင် မြှင့်တင်ခြင်းလုပ်ငန်းနှင့် ၂၈ ပေ အကျယ် ဒုအခြေခံလွှာခင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများ ဆောင်ရွက်နေမှုကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက ယနေ့သွားရောက်ကြည့်ရှုစစ်ဆေးပြီး ရေရှည်တည်တံ့ကောင်းမွန်စေရေးအတွက် သတ်မှတ်စံချိန်စံညွှန်းနှင့် အညီ အရည်အသွေး ပြည့်မီအောင်



ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့ပြင် အေးသာယာမြို့ အမှတ်(၉) ရပ်ကွက်ရှိ အတက်အဆင်း မတ်စောက်သည့် မြေသားလမ်းကို ရပ်ကွက်နေပြည်သူများ လမ်းအသုံးပြု သွားလာရာတွင် အခက်အခဲမရှိစေရန် ကွန်ကရစ်လမ်းအဖြစ် အဆင့်မြှင့်တင် ပြီးစီးခဲ့သည့် အေးငြိမ်းသီတာလမ်းကို တက်ရောက် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# မိမိပိုင်ယာဉ်နံပါတ်ဖြင့် အခြားသူများမှ မသမာသောနည်းလမ်းအသုံးပြု၍ စက်သုံးဆီဝယ်ယူခြင်းခံရသည့် ယာဉ်ပိုင်ရှင်များအတွက် စက်သုံးဆီဝယ်ယူခွင့် QR Code အသစ်ထုတ်ပေးရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ် အသိပေးထုတ်ပြန်ခြင်း

၁။ မိမိပိုင်ယာဉ်နံပါတ်ဖြင့် အခြားသူများမှ မသမာသောနည်းလမ်းအသုံးပြု၍ စက်သုံးဆီဝယ်ယူခြင်းခံရသည့်ယာဉ်ပိုင်ရှင်များအနေဖြင့် ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ တိုင်းဒေသကြီး/ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများသို့ စက်သုံးဆီဝယ်ယူခွင့် QR Code အသစ်ထုတ်ပေးနိုင်ရေး အောက်ဖော်ပြပါအထောက်အထားများနှင့်အတူ လျှောက်ထားရမည်ဖြစ်ပါသည်–

(က) မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ် အစစ်အမှန်ဖြစ်ကြောင်း သက်ဆိုင်ရာကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန၏ ထောက်ခံချက်မူရင်း၊

(ခ) မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်မိတ္တူ (Colour)၊

(ဂ) ယာဉ်ပိုင်ရှင်၏မှတ်ပုံတင်မိတ္တူ (Colour)၊

(ဃ) ယာဉ်ပိုင်ရှင်၏နေရပ်လိပ်စာ (မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်)နှင့် ဆက်သွယ်ရမည့် ဖုန်းနံပါတ်၊

(င) မိမိပိုင်ယာဉ်နံပါတ်ဖြင့် အခြားဆိုင်များတွင် စက်သုံးဆီဝယ်ယူခံရမှု အထောက်အထား(ရက်စွဲ၊ အချိန်၊ ဆိုင်အမည် စသည်)

၂။ ယင်းအချက်အလက်များနှင့်လျှောက်ထားလာပါက တိုင်းဒေသကြီး/ ပြည်နယ်ကြီးကြပ်စစ်ဆေးရေးအရာရှိရုံးများမှ စိစစ်တင်ပြမှု ဆောင်ရွက်ပြီးနောက် QR Code အသစ်ထုတ်ပေးမည်ဖြစ်ပါသည်။

၃။ QR Code အသစ်ထုတ်ပေးပြီးနောက် အဆိုပါယာဉ်အတွက် မော်တော်ယာဉ်မှတ်ပုံတင်သက်သေခံလက်မှတ်တွင် ပါရှိသည့် Barcode သို့မဟုတ် အရောင်းဆိုင်မှထုတ်ပေးခဲ့သည့် QR Code ဖြင့် စက်သုံးဆီဝယ်ယူခွင့်ရရှိမည်မဟုတ်ဘဲ အသစ်ထုတ်ပေးသည့် QR Code ဖြင့်သာ စက်သုံးဆီဝယ်ယူခွင့်ရရှိမည်ဖြစ်ပါသည်။

၄။ ယာဉ်ပိုင်ရှင်အနေဖြင့် အသစ်ထပ်မံထုတ်ယူသော QR Code ပျက်စီးပျောက်ဆုံးမှုမရှိစေရေး တာဝန်ယူထိန်းသိမ်းထားရှိရန် လိုအပ်မည်ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

# မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ (Myanmar Parliamentary Union – MPU) အစည်းအဝေး ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ (Myanmar Parliamentary Union – MPU) အစည်းအဝေး (၁/၂၀၂၆) ကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ဇမ္ဗူသီရိဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စု လွှတ်တော်နာယက ဦးအောင်လင်းဒွေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးဂျဲန်ဖန်နော်တောင်(ခ) ဦးနော်တောင်၊ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ဥက္ကဋ္ဌများ၊ လွှတ်တော်ရုံးများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ မြန်မာနိုင်ငံလွှတ်တော် အဖွဲ့ဥက္ကဋ္ဌပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက တတိယအကြိမ် လွှတ်တော် သက်တမ်းကာလ၏ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စု လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့တွင် လွှတ်တော်၏ သဘောတူညီချက်ရယူပြီး ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ ထိုသို့ ဖွဲ့စည်းရခြင်းမှာ လွှတ်တော် အသီးသီး၏ လုပ်ငန်းဆောင်ရွက်မှုနည်းလမ်းများ မှန်ကန်ခိုင်မာပြီး ပြည်ထောင်စုအဆင့် လွှတ်တော်များနှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များ အကြား လွှတ်တော်ဆိုင်ရာ လုပ်ငန်းများကို ဥပဒေနှင့်အညီ ပူးပေါင်းဆောင်ရွက်နိုင်ရေး၊ နိုင်ငံတကာ လွှတ်တော် အဖွဲ့အစည်းများနှင့် ထိတွေ့ဆက်ဆံမှု၊ အတွေ့အကြုံဖလှယ်မှုများ တိုးတက်လာစေရန်နှင့် ဒီမိုကရေစီစနစ် ပိုမိုဖြစ်ထွန်းလာစေရန် အတွက် ဖြစ်ကြောင်း။

ပြည်ထောင်စု လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈၄ – ခ ၊ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥပဒေပုဒ်မ ၄ တို့နှင့်အညီ ပြည်ထောင်စုအဆင့် လွှတ်တော်များ၏ လွှတ်တော်အကြီးအမှူးများ၊ ဒုတိယအကြီးအမှူးများ၊ တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်အကြီးအမှူးများ အပါအဝင် စုစုပေါင်း ၁၈ ဦးနှင့် ဖွဲ့စည်းထားခြင်းဖြစ်ပြီး သက်တမ်းမှာ ပြည်ထောင်စု လွှတ်တော်၏ သက်တမ်းနှင့်အညီ ဖြစ်ကြောင်း၊ ပထမအကြိမ် လွှတ်တော် သက်တမ်းကာလတွင် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာ အဖွဲ့အဖြစ် ၂၀၁၂ ခုနှစ် မတ်လ ၂၂ ရက်တွင် ဖွဲ့စည်း ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ဖွဲ့စည်းမှုနှင့် စပ်လျဉ်း၍ ပိုမိုခိုင်မာမှုရှိစေရန် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ စည်းမျဉ်းကို ၂၀၁၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်တွင် ထုတ်ပြန်ဆောင်ရွက်ခဲ့ကြောင်း။

ဒုတိယအကြိမ် လွှတ်တော် သက်တမ်းကာလတွင် မြန်မာနိုင်ငံ လွှတ်တော်ဆိုင်ရာအဖွဲ့ကို ၂၀၁၆ ခုနှစ် မတ်လ ၁ ရက်တွင် ဖွဲ့စည်းခဲ့ပြီး မြန်မာနိုင်ငံ လွှတ်တော် အဖွဲ့ဥပဒေကို ၂၀၁၈ ခုနှစ် ဖေဖော်ဝါရီလ ၈ ရက်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၄) ဖြင့် ပြဋ္ဌာန်းထုတ်ပြန်နိုင်ခဲ့ကြောင်း၊ ဥပဒေထုတ်ပြန်ပြီးချိန်မှစ၍ မြန်မာနိုင်ငံလွှတ်တော် ဆိုင်ရာအဖွဲ့ကို မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဟု ပြောင်းလဲသုံးနှုန်းခဲ့ခြင်း ဖြစ်ကြောင်း၊ မြန်မာနိုင်ငံလွှတ်တော် အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည့် အတွက်ကြောင့် ပြည်ထောင်စုလွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များ ချိတ်ဆက်ဆောင်ရွက်ရသည့် ဥပဒေပြုလုပ်ငန်းများ၊ အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော် အချင်းချင်း ဆက်သွယ်ဆောင်ရွက်မှုများ ပိုမိုအားကောင်းလာသည်ကို တွေ့ရှိရကြောင်း။

ပထမအချက် အနေဖြင့် လွှတ်တော်များ ဖွဲ့စည်းတည်ရှိမှုကို ပြောကြားလိုကြောင်း၊ မိမိတို့နိုင်ငံ၏ အုပ်ချုပ်ရေးစနစ်သည် သမ္မတစနစ်နှင့် ပါလီမန်စနစ်ကို ပေါင်းစပ်ထားသည့် အုပ်ချုပ်ရေးစနစ်ဟု ဆိုနိုင်ကြောင်း၊ ပြည်ထောင်စုအဆင့်တွင် သမ္မတစနစ်ကို အခြေခံပြီး တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တွင် ပါလီမန်စနစ်ကို အခြေခံထားကြောင်း၊ ပြည်ထောင်စုစနစ်ကို အခြေခံထားသည့် စနစ်ဖြစ်၍ ပြည်ထောင်စုအဆင့်တွင် အလျားလိုက် အာဏာကို ပိုင်းခြားသုံးစွဲခြင်း (Horizontal Separation of Powers) ကို ကျင့်သုံးပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးအာဏာများကို တတ်နိုင်သမျှ ပိုင်းခြား ကျင့်သုံးထားကြောင်း၊ အာဏာသုံးရပ်ကို သီးခြားစီထားရှိပြီး အပြန်အလှန် ထိန်းကျောင်းမှု ပြုထားကြောင်း၊ အပြန်အလှန် ထိန်းကျောင်းသည် ဆိုရာတွင်လည်း ကဏ္ဍတစ်ရပ်နှင့် တစ်ရပ် ပွတ်တိုက်မှုမရှိစေရေး အပြုသဘောအမြင်နှင့် ညှိနှိုင်းဆောင်ရွက်ခြင်းကသာ နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကို ပိုမိုဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ အာဏာခွဲဝေ ကျင့်သုံးမှုတွင် ဒေါင်လိုက်အာဏာခွဲဝေမှု (Vertical Division of Powers) ဖြစ်ပြီး ပြည်ထောင်စုအဆင့်၊ တိုင်းဒေသကြီး/ ပြည်နယ်အဆင့်၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ စီရင်စုများအဆင့်ဟု ဖွဲ့စည်းပုံအခြေခံဥပဒေအရ အာဏာကို ခွဲဝေကျင့်သုံးထားကြောင်း။

ပြည်ထောင်စု အဆင့်တွင် သမ္မတစနစ်ကို အခြေခံထားမှုအရ အာဏာသုံးရပ်ကို ပိုင်းခြားကျင့်သုံးသော်လည်း တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တွင် ပါလီမန်စနစ် စစ်စစ်မဟုတ်သော်လည်း ထိုစနစ်ကို အခြေခံထားမှုအရ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးတွင် ရောယှက်နေသည်ကို သတိပြုရမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်သည် အုပ်ချုပ်ရေးတွင် ဝန်ကြီးချုပ်ဖြစ်ပြီး တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်၏ လွှတ်တော် ကိုယ်စားလှယ်လည်း ဖြစ်ကြောင်း၊ ဝန်ကြီးချုပ် အပါအဝင် တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးများသည် လွှတ်တော် ကိုယ်စားလှယ်အဖြစ်မှ နုတ်ထွက်ရန်မလိုသလို ပါတီလုပ်ငန်းများကိုလည်း ဆောင်ရွက်ခွင့်ရှိကြောင်း၊ ထို့ပြင် ဒေါင်လိုက် အာဏာခွဲဝေထားမှုအရ တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်များသည် ဖွဲ့စည်းပုံအခြေခံဥပဒေ ဇယား (၂) ပါ ကိစ္စရပ်များကို ဥပဒေပြုခွင့်ရှိသည့် လွှတ်လပ်သည့် လွှတ်တော်များ ဖြစ်သည်ကို တွေ့ရှိရကြောင်း၊ အုပ်ချုပ်မှုနှင့် ဝန်ထမ်းရေးရာ ကိစ္စရပ်များ သာလျှင်ပြည်ထောင်စုလွှတ်တော် ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူး၏အောက်တွင် ရှိခြင်း ဖြစ်ကြောင်း။

ဒုတိယ အချက်အနေဖြင့် လွှတ်တော်၏ လုပ်ငန်းစဉ်များကို ပြန်လည် သုံးသပ်ကြည့်မည် ဆိုပါက "မေးခွန်းများ မေးမြန်းခြင်း" တို့သည် လွှတ်တော်၏ အရေးပါသည့် လုပ်ငန်းစဉ်များ ဖြစ်သော်လည်း လွှတ်တော် လုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းသာ ဖြစ်ကြောင်း၊ ထို့ကြောင့် လွှတ်တော် အစည်းအဝေး၏ ပထမ (၁) နာရီအား မေးခွန်းမေးမြန်းရန် သတ်မှတ်ထားခြင်း ဖြစ်ကြောင်း၊ လွှတ်တော်၏ အဓိကအကျဆုံးနှင့် အခြေခံအကျဆုံး လုပ်ငန်းတာဝန်ကြီးမှာ "ဥပဒေပြုရေးလုပ်ငန်း" သာဖြစ်ကြောင်း၊ ပထမနှင့် ဒုတိယ လွှတ်တော်သက်တမ်းများတွင်လည်း ဇယား (၂) ပါ တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်များမှ ပြဋ္ဌာန်းရမည့် ဥပဒေများ၊ နည်းဥပဒေများ နည်းပါးခဲ့သည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများအတွက် အကျိုးရှိမည့်ကိစ္စရပ်များကို လေ့လာပြီး ဥပဒေများကို ဆက်လက်ပြဋ္ဌာန်းသွားရန်လိုအပ်ကြောင်း။

တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ပြဋ္ဌာန်းပြီး ဥပဒေများထဲတွင်လည်း မည်သည့်ဥပဒေများက လိုက်နာကျင့်သုံးရသည့် ပြည်သူများအတွက် အခက်အခဲဖြစ်စေသည်၊ မည်သည့်ဥပဒေများကို ပြင်ဆင်ရန် လိုအပ်သည်၊ မည်သည့်ဥပဒေများကို ပြင်ဆင်ရန် မလိုအပ်သည့်အတွက် မူလအတိုင်းထားရှိမည်၊ အသစ်ပြဋ္ဌာန်းပေးရန်လိုအပ်သည့် ဥပဒေများ ရှိနိုင်သည့်အခြေအနေ၊ ဥပဒေများ ဖောင်းပွနေမည် ဆိုပါလည်း ရုပ်သိမ်းရန်လိုအပ်သည့် ဥပဒေများ ရှိနိုင်သည့်အခြေအနေတို့ကို စိစစ်ရန် လိုအပ်ကြောင်း၊ ပြည်သူများအပေါ် သက်ဆိုင်ရာဥပဒေများ၏ သက်ရောက်မှုများနှင့် ပတ်သက်သည့် ပြည်သူ့အသံများ၏ အခက်အခဲများကို နားထောင်ရန်လိုအပ်ကြောင်း၊ ထို့ပြင် မည်သည့် ဥပဒေများသည် အကောင်အထည်ဖော် ဆောင်ရွက်ရသူများအတွက် အခက်အခဲဖြစ်စေသနည်း ဆိုသည်နှင့် အကောင်အထည်ဖော် လုပ်ငန်းဆောင်ရွက်ရသည့် အုပ်ချုပ်ရေးပိုင်းမှ ဝန်ထမ်းများ၏ အခက်အခဲများကိုလည်း နားထောင်ရန် လိုအပ်ကြောင်း။

ဥပဒေပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ အချို့ဌာနများတွင် ပြင်ဆင်သင့်သည့် ဥပဒေများ ရှိနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြင်ဆင်ရန် ကျန်ရှိနေသည့်ဥပဒေများ ရှိနိုင်ပါကြောင်း၊ အမျိုးသား လွှတ်တော်တွင် လွှတ်တော် ကိုယ်စားလှယ်များ လေ့လာနိုင်ရန်အတွက် ဝန်ကြီးဌာနအလိုက် ပြဋ္ဌာန်းထားသည့် ဥပဒေများ အားလုံးနီးပါးကို သက်ဆိုင်ရာ လွှတ်တော်ကော်မတီများအလိုက် Soft Copy ၊ Hard Copy များ ဖြန့်ဝေပေးထားကြောင်း၊ ကော်မတီများအနေဖြင့် မိမိတို့နှင့်သက်ဆိုင်သည့် ဝန်ကြီးဌာနအလိုက် စီမံခန့်ခွဲသည့် ဥပဒေများကို ကော်မတီဝင်များ တာဝန်ခွဲပြီး လေ့လာကြရမည်ဖြစ်ဖြစ်ကြောင်း၊ တတိယပုံမှန် အစည်းအဝေး စတင်သည့် အချိန်တွင် ကော်မတီဝင်တစ်ဦးချင်း လေ့လာခဲ့သည့် ဥပဒေများကို စုစည်းပြီး ပြင်ဆင်သင့်/ ရုပ်သိမ်းသင့်/ မူလအတိုင်းထားသင့်/ အသစ်ပြဋ္ဌာန်းသင့် စသဖြင့် ခေါင်းစဉ်အလိုက် စုစည်း၍ ဦးစားပေးအလိုက် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

တတိယ အချက်အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်များ အနေဖြင့် လွှတ်တော်အစည်းအဝေး ကျင်းပမှုနှင့်စပ်လျဉ်း၍ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ပုံမှန်အစည်းအဝေးကျင်းပမည့် ရက်ကာလလျာထားသတ်မှတ်ချက်ကို နှစ်စဉ်ရေးဆွဲ ထုတ်ပြန်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ လွှတ်တော်ပြက္ခဒိန်ရက် ကာလရေးဆွဲသတ်မှတ်ရာတွင် တစ်ပြေးညီဖြစ်စေရေး ပြည်ထောင်စု လွှတ်တော်နှင့် တိုင်းဒေသကြီး/ ပြည်နယ်လွှတ်တော်များ အချင်းချင်း အပြန်အလှန် ပေါင်းစပ်ညှိနှိုင်းပြီး ရေးဆွဲသတ်မှတ်ဆောင်ရွက် သင့်ကြောင်း၊ ပြည်ထောင်စု လွှတ်တော်နှင့်လည်း ညှိနှိုင်းပြီး ဆောင်ရွက်နိုင်ကြောင်းနှင့် ပြည်ထောင်စု လွှတ်တော် ညွှန်ကြားရေးမှူးချုပ်ကလည်း မိမိထံတင်ပြပြီး ဆောင်ရွက်လျက်ရှိကြောင်း။

စတုတ္ထအချက်အနေဖြင့် တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကိစ္စဖြစ်ကြောင်း၊ တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်လွှတ်တော်ဆိုင်ရာ ဥပဒေကို ၂၀၁၃ခုနှစ်တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂၂/၂၀၁၃) နှင့် အသစ်ပြဋ္ဌာန်း ထုတ်ပြန်ခဲ့ကြောင်း၊ တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်ဆိုင်ရာ နည်းဥပဒေများကို သက်ဆိုင်ရာ လွှတ်တော်များ တစ်ပြေးညီရေးဆွဲထုတ်ပြန်နိုင်ရေးအတွက် ဒုတိယအကြိမ် လွှတ်တော် သက်တမ်းကာလတွင် ပြည်ထောင်စုလွှတ်တော်ရုံးက ဦးစီးပြီး အသစ်ပြင်ဆင်ရေးဆွဲရန် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသဖြင့် ပြီးပြတ်ခြင်းမရှိသေးသည့် တိုင်းဒေသကြီး/ ပြည်နယ် လွှတ်တော်များ အနေဖြင့် နည်းဥပဒေများ ပြဋ္ဌာန်းနိုင်ရေးအတွက် ဆက်လက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ရန် လိုအပ်ကြောင်း။

ယနေ့ အစည်းအဝေးတွင် အဓိကအားဖြင့် လွှတ်တော်ရေးရာပိုင်းနှင့် လွှတ်တော်များ၏ အုပ်ချုပ်မှုပိုင်းဆိုင်ရာ များကို ဆွေးနွေးကြရန်ဖြစ်ပြီး လွှတ်တော်ရေးရာပိုင်းအနေဖြင့် လွှတ်တော်အစည်းအဝေးများ ကျင်းပပြီးစီးမှု အခြေအနေနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ဆွေးနွေးပေးကြရန်ဖြစ်ကြောင်း၊ လွှတ်တော်အကြီးအမှူးများသည် ဥပဒေပြုရေးကဏ္ဍကို တစိုက်မတ်မတ် လုပ်ဆောင်ကြရကြောင်း၊ ဥပဒေပြုရေးကဏ္ဍသည် လွှတ်တော်အကြီးအမှူးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အဓိကတာဝန်ဖြစ်ပြီး ထိုသို့ဥပဒေပြုရာတွင် လွှတ်တော်ရုံး ဝန်ထမ်းအကြီးအမှူးနှင့် ဝန်ထမ်းများက အထောက်အကူပြု ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အုပ်ချုပ်မှုပိုင်းနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို လွှတ်တော်ရုံးဝန်ထမ်း အကြီးအမှူးထံ စနစ်တကျ တာဝန်လွှဲအပ်ဆောင်ရွက်စေပြီး ဆုံးဖြတ်ပေးရမည့်ကိစ္စများတွင် ဆောင်ရွက်ပေးရန်လိုအပ်ကြောင်း၊ အထောက်အကူပြု ဝန်ထမ်းများအနေဖြင့် စွမ်းဆောင်ရည် ကောင်းမွန်ပြည့်စုံမှသာ ဥပဒေပြုရေးလုပ်ငန်းစဉ်များတွင် အပြည့်အဝပံ့ပိုးကူညီနိုင်မည် ဖြစ်သည့်အတွက် ဝန်ထမ်းများ၏ စွမ်းဆောင်ရည် မြှင့်တင်ရန် လိုအပ်ကြောင်း။

မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ (MPU) အနေဖြင့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် အမှန်တကယ် အကျိုးပြုနိုင်မည်ဖြစ်သည့် ဥပဒေပြုရေးမဏ္ဍိုင်တစ်ခုအဖြစ် ရေရှည်တည်တံ့ ခိုင်မြဲစေရေးအတွက် ယနေ့အစည်းအဝေးတွင် တက်ရောက်လာကြသူများအားလုံးက အပြုသဘောဆောင်သည့် အကြံဉာဏ်များ၊ အမြင်ချင်းဖလှယ်မှုများနှင့်တကွ ဝိုင်းဝန်းဆွေးနွေး ပေးကြစေလိုကြောင်း ပြောကြားသည်။

စာမျက်နှာ ၅ သို့ ◆



ပြည်ထောင်စုလွှတ်တော်နာယက ဦးအောင်လင်းဒွေး မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

❂ ကျောဖုံးမှ

ကျောင်းသား ကျောင်းသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးက ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (၂၅) နှစ်မြောက် ငွေရတုအထိမ်းအမှတ် ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ကမ္ပည်းကျောက်စာနှင့် ကမ္ပည်းမော်ကွန်းတို့ကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေး၍ ငွေရတုအထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် အခမ်းအနားကို တက္ကသိုလ် ပင်မဆောင်ခန်းမ၌ ဆက်လက်ကျင်းပရာ တက္ကသိုလ် ကျောင်းသား ကျောင်းသူများက “ထွန်းတက်ဝေဆာ ငွေရတုသဘင်မဟာ” သီချင်းဖြင့် သီဆိုကပြဖျော်ဖြေကြသည်။



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (၂၅) နှစ်မြောက် ငွေရတုအထိမ်းအမှတ် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ယင်းနောက် ဒုတိယသမ္မတက အမှာစကား ပြောကြားရာတွင် ယခုအခမ်းအနားသည် ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်၏ (၂၅) နှစ်ပြည့် ငွေရတုအထိမ်းအမှတ်ဖြစ်သကဲ့သို့ တက္ကသိုလ်၏ အောင်မြင်မှုများနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို ဂုဏ်ပြုမှတ်တမ်းတင်သည့် အခမ်းအနားလည်းဖြစ်ကြောင်း၊ ငွေရတုကာလ အောင်မြင်မှုများကို ဂုဏ်ပြုရုံသာမက အနာဂတ်ပညာရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းများကို တည်ဆောက်ပေးပြီး အားအင်သစ်များရယူပေးမည့် မှတ်တိုင်သစ်တစ်ခု ဟုလည်း ဆိုနိုင်ပါကြောင်း၊ ယခုကဲ့သို့ ငွေရတုနှစ်ပတ်လည် အခမ်းအနားတွင် နိုင်ငံတော်သမ္မတကြီး ကိုယ်စား တက်ရောက်အမှာစကားပြောကြားရသည့်အတွက် ဝမ်းသာဂုဏ်ယူပါကြောင်း။

ယခု တက္ကသိုလ်ကြီးသည် ပညာရေးသာမက အားကစားဘက်တွင်လည်း ထူးချွန်အားကစားသမားကောင်းများ မွေးထုတ်ပေးနေသည်ကို တွေ့ရကြောင်း၊ (၂၅) နှစ်တာကာလအတွင်း တက္ကသိုလ်၏ ပညာရပ်ဆိုင်ရာနှင့် ရပ်ပိုင်းဆိုင်ရာ တိုးတက်အောင်မြင်မှုများသည် နိုင်ငံတော်အကြီးအကဲနှင့် တာဝန်ရှိသူများ၏ ဖြည့်ဆည်း ဆောင်ရွက်ပေးမှုဖြင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ အားလုံး စည်းလုံးညီညွတ်စွာ ကြိုးစားအားထုတ်မှုများပေါင်းစပ်ပြီး ရလာသည့် ရလဒ်များပင်ဖြစ်ကြောင်း၊ “နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့”ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရာတွင် ဆရာ၊ မိဘ၊ ကျောင်းသား ကျောင်းသူများအားလုံး ပူးပေါင်းပါဝင်ကြမှသာ အောင်မြင်မည်ဖြစ်ကြောင်း။

နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရန် ကျန်းမာကြံ့ခိုင်ပြီး ထူးချွန်ထက်မြက်သည့် အတတ်ပညာရှင်၊ အသိပညာရှင် လူငယ်များ၏အင်အားကို အခြေခံပြီး တည်ဆောက်ရခြင်း ဖြစ်ကြောင်း၊ ထို့ကြောင့် ဘက်စုံထူးချွန်ထက်မြက်သည့် အနာဂတ်လူငယ်မျိုးဆက်သစ်များ မွေးထုတ်ပေးနိုင်ရန် အခြေခံပညာကျောင်းများ ကအစ တက္ကသိုလ်အသီးသီးက အားထုတ် ကြိုးပမ်းပေးကြရန် တိုက်တွန်း မှာကြားလိုကြောင်း၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်၏ မျှော်မှန်းချက်များဖြစ်သည့် ကိုယ်ကျင့်တရား ကောင်းမွန်ခြင်း၊ တီထွင်ကြံဆနိုင်ခြင်း၊ ပညာရပ်ကျွမ်းကျင်လိမ္မာခြင်း၊ ဉာဏ်အမြော်အမြင် ရှိခြင်းတို့အပြင် ကဏ္ဍအသီးသီးတွင် ပြည်သူများအတွက် အကျိုးရှိစေမည့် နည်းပညာများ၊ Software များကို ဝိုင်းဝန်းသုတေသနပြု ဖော်ထုတ်ပေးခြင်းတို့ကို လေ့ကျင့်သင်ကြားပေးလျက်ရှိသည့် တက္ကသိုလ်ဖြစ်စေရန် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊ ကျောင်းသား ကျောင်းသူများ အားလုံးက ဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်သွားကြရန် အထူးတိုက်တွန်း ပြောကြားလိုကြောင်း။

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးသည် လူငယ်များ၏ အရည်အသွေးမြင့်မားရေး၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး အတွက် အဓိကကျသောကြောင့် နိုင်ငံတော်နှင့်အတူ ပြည်သူတစ်ရပ်လုံး၊ မိဘများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူအားလုံးက စုပေါင်းညီညွတ်မှုစွမ်းအားဖြင့် လက်တွဲပါဝင်ဆောင်ရွက်သွားကြရန် အလေးထားပြောကြားလိုကြောင်း၊ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်၏ (၂၅) နှစ်တာ အောင်မြင်မှုမှတ်တိုင်ကို ဝမ်းမြောက်ဂုဏ်ယူစွာ ဂုဏ်ပြုရင်း ငွေရတုမှသည် ရွှေရတု၊ ရွှေရတုမှသည် စိန်ရတုစသဖြင့် ရတုအဆက်ဆက်တိုင်အောင် ပိုမိုကြီးမားသည့် တိုးတက်အောင်မြင်မှုများ ရရှိပါစေကြောင်းနှင့် ထူးချွန်ထက်မြက်သည့် ပညာရှင်များ၊ မျိုးဆက်သစ်ပညာတတ်များကို မွေးထုတ်ပေးနိုင်သည့် နိုင်ငံတော်က အားထားရသော တက္ကသိုလ်ကြီးတစ်ခုဖြစ်ပါစေဟု ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများက တက္ကသိုလ်၏ (၂၅) နှစ်မြောက် ငွေရတုအထိမ်းအမှတ် Video Clip ကိုလည်းကောင်း၊ တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများ၏ “ကြိုင်လှျံသတင်းဖြာ ရန်ကုန်အနောက်ပိုင်း တက္ကသိုလ်ပါ” သီချင်းဖြင့် သီဆိုကပြဖျော်ဖြေမှုကိုလည်းကောင်း ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးထံ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချောချောစိန်က ငွေရတုအထိမ်းအမှတ် အမှတ်တရလက်ဆောင်အား နေရာအရောက် ဂါရဝပြုပေးအပ်ပြီး စုပေါင်း မှတ်တမ်းတင်ဓာတ်ပုံရိုက်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန် အနောက်ပိုင်း တက္ကသိုလ်ကို ထန်းတပင်မြို့နယ်တွင် ၂၀၀၁ ခုနှစ်မှ စတင်တည်ထောင်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၄-၂၀၀၅ ပညာသင်နှစ်မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အထိ ရိုးရိုးဘွဲ့ရရှိသူ ၂၄၅၈၅ ဦး၊ ဂုဏ်ထူးဘွဲ့ရရှိသူ ၁၀၀၁ ဦးနှင့် ဘွဲ့လွန်ဘွဲ့ရရှိသူ ၈၈၁ ဦးတို့ကို မွေးထုတ်ပေးနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ထို့ပြင် ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်မှ ဘက်စုံထူးချွန်သည့် လူရည်ချွန်ကျောင်းသား ကျောင်းသူ နှစ်ဦးကို မွေးထုတ်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

◆ စာမျက်နှာ ၄ မှ

ထို့နောက် မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီက မြန်မာနိုင်ငံလွှတ်တော်များအဖွဲ့ ဖွဲ့စည်းရခြင်း၏ ရည်ရွယ်ချက်နှင့် လုပ်ငန်းတာဝန်များ၊ လွှတ်တော် လုပ်ငန်းစဉ်များ တိုးတက် ကောင်းမွန်စေရေး ဆောင်ရွက်ရမည့်အခြေအနေများ၊ ပြည်သူယုံကြည်အားထားရသည့် လွှတ်တော်အဖြစ် ဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများနှင့် မြန်မာနိုင်ငံလွှတ်တော်များ အဖွဲ့အနေဖြင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော်အဖွဲ့ အတွင်းရေးမှူး ပြည်ထောင်စု လွှတ်တော် ဒုတိယနာယက ဦးဂျဲန်ဖန်နော်တောင် (ခ) ဦးနော်တောင်က မြန်မာနိုင်ငံလွှတ်တော်များအဖွဲ့ စတင်ဖွဲ့စည်း၍ ကဏ္ဍအလိုက် ဆောင်ရွက်နေမှု အခြေအနေများနှင့် လွှတ်တော်လုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေတို့ကို လည်းကောင်း၊ မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ဝင် ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းက လွှတ်တော်အသီးသီးတွင်ရှိသည့် ကိုယ်စားလှယ်များ၏ စွမ်းဆောင်ရည် မြှင့်တင်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များ၊ လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် လွှတ်တော်များအလိုက် စနစ်တကျ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြန်မာနိုင်ငံလွှတ်တော် အဖွဲ့ဝင်များဖြစ်ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌများကလွှတ်တော်ရေးရာကိစ္စရပ်များ၊ လွှတ်တော်အစည်းအဝေးများ ကျင်းပပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ လည်းကောင်း၊ ပြည်ထောင်စုလွှတ်တော်ရုံး အမြဲတမ်းအတွင်းဝန်က သက်ဆိုင်ရာ လွှတ်တော် ရုံးများအလိုက် ဆောင်ရွက်ရမည့် ရုံးလုပ်ငန်းနှင့် အုပ်ချုပ်မှုဆိုင်ရာ ကိစ္စရပ်များ နှင့်စပ်လျဉ်း၍ လည်းကောင်း ရှင်းလင်းဆွေးနွေး တင်ပြကြသည်။

ထို့နောက် မြန်မာနိုင်ငံ လွှတ်တော်အဖွဲ့ ဥက္ကဋ္ဌ ပြည်ထောင်စုလွှတ်တော် နာယက ဦးအောင်လင်းဒွေးက ရှင်းလင်း ဆွေးနွေး တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ အစည်းအဝေးတွင်သက်ဆိုင်ရာလွှတ်တော်များအလိုက် လွှတ်တော်ရေးရာ ဆောင်ရွက်ချက်များနှင့် အုပ်ချုပ်မှုဆိုင်ရာကိစ္စရပ်များ၊ ဝန်ထမ်းရေးရာကိစ္စရပ်များ ဆွေးနွေးပေးကြသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်မိပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၂ တွင် “နိုင်ငံတော်၏ ဥပဒေပြုရေး အာဏာကို ပြည်ထောင်စု လွှတ်တော်၊ တိုင်းဒေသကြီး လွှတ်တော်နှင့် ပြည်နယ် လွှတ်တော်များအား ခွဲဝေအပ်နှင်းသည်”ဟု အတိအလင်းဖော်ပြထားသည့်အတွက် မိမိတို့လွှတ်တော်၏ အဓိကတာဝန်သည် ဥပဒေပြုရေးပင်ဖြစ်ပါကြောင်း။

ဥပဒေပြုရေးမဏ္ဍိုင်၏ ဂုဏ်သိက္ခာနှင့် စွမ်းဆောင်ရည်သည် မိမိတို့ လွှတ်တော်ကိုယ်စားလှယ်တစ်ဦးချင်းစီ၏ စည်းကမ်းစနစ်ကျနမှု၊ လွှတ်တော်ဆိုင်ရာဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လေးစားလိုက်နာမှုနှင့် အရည်အသွေး မြင့်မားမှုတို့အပေါ်တွင် မှီတည်နေကြောင်း၊ လွှတ်တော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ ဆောင်ရွက်ချက်တိုင်းသည် နိုင်ငံတော်၏ အကျိုးစီးပွားနှင့် ပြည်သူများ၏ အကျိုးစီးပွားကို အမှန်တကယ် အကျိုးပြုစေမည့် ဆောင်ရွက်ချက်များ ဖြစ်ရမည်ဖြစ်ကြောင်း၊ နိုင်ငံအတွင်းရှိ နိုင်ငံသူ/ နိုင်ငံသားများ၏ လိုအပ်ချက်များ၊ မျှော်မှန်းချက်များကို သိရှိစေရန် ဆောင်ရွက်ပြီး ဥပဒေပြုရေးအခန်းကဏ္ဍမှ တစ်ဆင့် ဖြည့်ဆည်းဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေးမဏ္ဍိုင်မှ ချမှတ်ထားသည့် မူဝါဒလမ်းစဉ်များနှင့် လုပ်ငန်းစဉ်များ အောင်မြင်စွာ ဆောင်ရွက်နိုင်ရန်အတွက် ဥပဒေပြုရေး မဏ္ဍိုင်ဖြစ်သည့် လွှတ်တော်များ၏ အပြန်အလှန် ထိန်းကျောင်းတည့်မတ်မှု၊ ပူးပေါင်းဆောင်ရွက်မှုများသည် အရေးကြီးသည့် အခန်းကဏ္ဍတွင် ပါဝင်နေကြောင်း၊ မိမိတို့ မဲဆန္ဒနယ်မြေများအလိုက် စီမံချက်ပါလုပ်ငန်းများ မြေပြင်တွင် ထိရောက်မှု ရှိ/ မရှိ ပြည်သူလူထုထံသို့ အကျိုးကျေးဇူးများ တိုက်ရိုက်သက်ရောက်မှု ရှိ/ မရှိကို မျက်ခြည်မပြတ် လေ့လာစောင့်ကြည့်ပြီး အုပ်ချုပ်ရေး မဏ္ဍိုင်၏ ကောင်းမွန်သည့် ခြေလှမ်းများကို ပိုမိုတွန်းအားပေး ကူညီကြရန်နှင့် လိုအပ်သည်များ ကိုလည်း လွှတ်တော်ယန္တရား မှတစ်ဆင့် အပြုသဘောဆောင် ပူးပေါင်းဖြည့်ဆည်း ပံ့ပိုးပေးကြရမည်ဖြစ်ကြောင်း။

ပြည်ထောင်စုအဆင့်နှင့် တိုင်းဒေသကြီး/ ပြည်နယ်အဆင့် လွှတ်တော်များအကြား အပြန်အလှန်နားလည်မှု၊ ပူးပေါင်း ဆောင်ရွက်မှု ခိုင်မာနေမှသာ နိုင်ငံတော်က လျှောက်လှမ်းနေသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာရေးနှင့် ဖက်ဒရယ်စနစ်တည်ဆောက်ရေး လုပ်ငန်းစဉ်များ အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံ ဥပဒေ၏ အနှစ်သာရသည် နိုင်ငံတော် အချုပ်အခြာအာဏာ၏မဏ္ဍိုင်ကြီး သုံးရပ်ဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးတို့ အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေက ခွဲဝေအပ်နှင်းထားသည့် အာဏာများဖြင့် ရည်မှန်းချက်တာဝန်များကို လွတ်လပ်စွာ ဖော်ဆောင်ရန်ဖြစ်ပါကြောင်း၊ ဥပဒေပြုရေးလွှတ်တော်၊ အုပ်ချုပ်ရေးအစိုးရအဖွဲ့နှင့် တရားစီရင်ရေး အဖွဲ့အစည်းများသည် အချုပ်အခြာအာဏာကို တတ်နိုင်သမျှ ပိုင်းခြားသုံးစွဲခြင်းနှင့် အပြန်အလှန် ထိန်းကျောင်းခြင်း ပြုသည်ဆိုရာတွင် အဆက်အသွယ်မရှိ၊ အဆက်အစပ်မရှိ၊ သဟဇာတမရှိဆိုသည့် သဘောမျိုးဟု ယူဆမည်ဆိုပါက လွဲမှားနိုင်ကြောင်း၊ သို့သော် နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် ဆောင်ရွက်နေသည် ဆိုသည့် ဦးတည် ရည်မှန်းချက်များသည် တစ်ထပ်တည်းသာ ဖြစ်ကြောင်း။

ထို့ပြင် ဒီမိုကရေစီကျင့်သုံးမှုပုံစံ တည့်မတ်မှန်ကန်စေရေးအတွက် အချင်းချင်း အပြန်အလှန် ထိန်းကျောင်းမှု ပြုကြရမည်ဖြစ်ကြောင်း၊ တစ်ဖက်နှင့် တစ်ဖက် ဝင်ရောက် စွက်ဖက်လိုသော၊ လွှမ်းမိုးလိုသော ပွတ်တိုက်မှုပုံစံမျိုးမဖြစ်ပေါ်စေရန် အထူးသတိပြု ရှောင်ကြဉ်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ညပိုင်းတွင် ပြည်ထောင်စု လွှတ်တော်နာယက ဦးအောင်လင်း ဒွေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဦးဂျဲန်ဖန်နော်တောင် (ခ) ဦးနော်တောင်၊ ပြည်သူ့လွှတ်တော် ဒုတိယ ဥက္ကဋ္ဌ ဦးမောင်မောင်အုန်းတို့သည် တိုင်းဒေသကြီးနှင့် ပြည်နယ် လွှတ်တော် ဥက္ကဋ္ဌများ၊ လွှတ်တော် ကိုယ်စားလှယ်များနှင့် အတူ တတိယအကြိမ်လွှတ်တော်များ၏ ဒုတိယ ပုံမှန်အစည်းအဝေးများ အောင်မြင်စွာ ပြီးမြောက်ခြင်း ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ခဲ့ကြပြီး မြန်မာ့အသံနှင့်ရုပ်မြင်သံကြားနှင့် ယဉ်ကျေးမှုဦးစီးဌာနမှ အနုပညာရှင်များ၏ ဖျော်ဖြေတင်ဆက်မှုများကို ကြည့်ရှု အားပေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး အောင်မြင်စွာကျင်းပပြီးစီး

## ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းပေးနိုင်ရေး၊ နွေစပါးတိုးမြှင့်စိုက်ပျိုးနိုင်ရေး၊ လမ်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ အစိုးရအငှားအိမ်ရာများ တည်ဆောက်ပေးနိုင်ရေး စသည်တို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်းဖြေကြား

**နေပြည်တော် ဇူလိုင် ၃၀**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



အစည်းအဝေးတွင် ဓာတ်ခွဲကျွမ်းကျင်ဝန်ထမ်းများ ဖြည့်ဆည်းပေးနိုင်ရေး၊ မြောင်းမကြီး အသစ်တူးဖော်ပေးနိုင်ရေးနှင့် အဆင့်မြှင့်တင်ပေးနိုင်ရေး၊ နွေစပါးတိုးမြှင့်စိုက်ပျိုးနိုင်ရေး၊ လမ်းများ အဆင့်မြှင့်တင်ပေးနိုင်ရေး၊ တံတားများနှင့် ယာဉ်ရပ်နားစခန်း တည်ဆောက်ပေးနိုင်ရေး၊ အစိုးရအငှားအိမ်ရာများ တည်ဆောက်ပေးနိုင်ရေး၊ အလွန်မတ်စောက်သည့် လမ်းကွေ့များ ပြုပြင်နိုင်ရန် ကျွမ်းကျင်ကွင်းဆင်းအဖွဲ့ စေလွှတ်ပေးနိုင်ရေးတို့နှင့်စပ်လျဉ်း၍ မေးခွန်း ၁၂ ခု မေးမြန်း ဖြေကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

ဦးစွာ လောင်းလုံးမဲဆန္ဒနယ်မှ ဦးတင့်လွင်၏ **ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးရှိ ဓာတ်ခွဲခန်းများတွင် ဓာတ်ခွဲကျွမ်းကျင် ဝန်ထမ်းများ ဖြည့်ဆည်းပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် ဓာတ်ခွဲခန်း ဝန်ထမ်းအင်အား သီးခြားဖွဲ့စည်းပုံ ဖွဲ့စည်းပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ရုံးဝင်းအတွင်း တည်ဆောက်ထားသည့်မြေဆီလွှာ ဓာတ်ခွဲခန်း၊ မျိုးစေ့ဓာတ်ခွဲခန်းနှင့် သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းများသည် တိုင်းဒေသကြီး မြေဆီလွှာ၊ မျိုးစေ့နှင့် သီးနှံကာကွယ်ရေး တာဝန်ခံအသီးသီးတို့၏ ဖွဲ့စည်းပုံ ကွပ်ကဲမှုအောက်တွင် လည်ပတ်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ ဖြစ်ပါကြောင်း။

ထားဝယ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနရုံးဝင်းအတွင်း တည်ဆောက်ထားသည့် မြေဆီလွှာဓာတ်ခွဲခန်း၊ မျိုးစေ့ဓာတ်ခွဲခန်းနှင့် သီးနှံကာကွယ်ရေး ဓာတ်ခွဲခန်းတို့တွင် ဓာတ်ခွဲခန်း ကျွမ်းကျင်ဝန်ထမ်း ဖြည့်ဆည်းခန့်ထားပေးရန် ကိစ္စနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယ လက်ထောက်ဦးစီးမှူး (စိုက်ပညာရှင်) ရာထူးဝင်ပေါက် ခန့်အပ်ခြင်း၊ အရာထမ်း၊ အမှုထမ်း အဆင့်အလိုက် ရာထူးတိုးမြှင့်ခြင်းများမှ ခန့်အပ်ဝန်ထမ်းအင်အား ရရှိမှုအပေါ် ဓာတ်ခွဲခန်းကျွမ်းကျင်မှုဆိုင်ရာ သင်တန်းများ တက်ရောက်စေကာ ကျွမ်းကျင်ဝန်ထမ်းများအဖြစ် မွေးထုတ်ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် အဆိုပါဓာတ်ခွဲခန်းများသည် တိုင်းဒေသကြီး မြေဆီလွှာ၊ မျိုးစေ့နှင့် သီးနှံကာကွယ်ရေးတာဝန်ခံ အသီးသီးတို့၏ ဖွဲ့စည်းပုံကွပ်ကဲမှု အောက်တွင် လည်ပတ်ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများဖြစ်ပါသဖြင့် ဓာတ်ခွဲခန်း ဝန်ထမ်းအင်အား သီးခြားဖွဲ့စည်းပုံ ဖွဲ့စည်းပေးနိုင်ခြင်း မရှိပါကြောင်း ဖြေကြားသည်။

ဝမ်းတွင်း မဲဆန္ဒနယ်မှ ဦးမျိုးမြင့်သိန်း၏ **ဝမ်းတွင်း၊ မြစ်သားနှင့် တံတားဦးမြို့နယ်များသို့ ရေပေးဝေနိုင်ရေးအတွက် ကင်းတား လက်ဝဲမြောင်းမကြီးအား အဆင့်မြှင့်တင်ပေးရန် မည်သည့်အချိန်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က ကင်းတား ရေလှောင်တမံသည် မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်တွင် တည်ရှိပြီး အောက်ဘက်ရှိ ကင်းတား ရေလွှဲဆည်မှတစ်ဆင့် လက်ယာမြောင်းမကြီး၊ လက်ဝဲမြောင်းမကြီးနှင့် ပန်းလောင်ရေသောက်စနစ်တို့ဖြင့် လယ်မြေဧက ၁၅၁၈၃၀ ကို အကျိုးပြုလျက်ရှိပါကြောင်း၊ ကင်းတား လက်ယာမြောင်းမကြီးမှ စိုက်ပျိုးရေပေးဝေသော လယ်မြေဧရိယာများသို့ မြို့ကြီးရေလှောင်တမံမှ ရေကူဖြည့်ဆည်းပေးဝေနိုင်ခဲ့သဖြင့် ကင်းတားရေလှောင်တမံတွင် သိုလှောင်ရေ ပိုမိုလာခဲ့သည့်အခြေအနေဖြစ်ရာ အဆိုပါ ပိုလျှံရေများကို ကင်းတား လက်ဝဲမြောင်းမှတစ်ဆင့် မိတ္ထီလာလွင်ပြင်နှင့် ဆက်စပ်ဧရိယာများသို့ ပေးပို့၍ ရေပေးဝေနိုင်ရေး ဝန်ကြီးဌာနအနေဖြင့် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

၂၀၁၄ ခုနှစ်အတွင်း ရာဂီမုန်တိုင်းအရှိန်ကြောင့် ထိခိုက်ပျက်စီးခဲ့သဖြင့် ဝန်ကြီးဌာနမှ စမုံရေငုပ်ပြွန်အသစ်အား ၁၇၅၀ ကုဗပေ/စက္ကန့်အထိ သယ်ဆောင်နိုင်ရန် (၁၁'x၆'-၆') အရွယ်အစား ၄ ပေါက်ဖြင့် အဆင့်မြှင့်တင်တည်ဆောက်ခဲ့ပြီး မြစ်သား၊ ဝမ်းတွင်း၊ ကျောက်ဆည်နှင့် တံတားဦးမြို့နယ်များရှိ ၂၀၁၆-၂၀၁၇ မိုးသီးနှံလျာထားဧရိယာများအတွက် စိုက်ပျိုးရေပေးဝေလျက်ရှိပါကြောင်း၊ ထို့ပြင် ကင်းတား လက်ဝဲမြောင်းမကြီးမှ နောင်တိုးတက်ပေးဝေရန် လျာထားသည့် စိုက်ပျိုးဧရိယာအသစ်များအတွက် ရေရရှိရေးလုပ်ငန်းများကို နှစ်အလိုက် ဦးစားပေးအစီအစဉ်ဖြင့် အဆင့်မြှင့်တင်ပြုပြင်နိုင်ရန် ကြိုတင်တွက်ဆ၍ လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

သို့ဖြစ်ပါ၍ ဝမ်းတွင်းမြို့နယ်၊ မြစ်သားမြို့နယ်နှင့် တံတားဦးမြို့နယ်အတွင်းရှိ လက်ရှိ စိုက်ပျိုးမြေဧရိယာများအပြင် တိုးမြှင့်ပေးဝေမည့် စိုက်ပျိုးမြေဧရိယာများအတွက်ပါ လုံလောက်သော ရေပေးဝေဖြန့်ဖြူးနိုင်ရေး ကင်းတား လက်ဝဲမြောင်းမကြီး အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို ကာလတို၊ ကာလရှည်အစီအမံများရေးဆွဲ၍ လုပ်ငန်းအလိုက် ခန့်မှန်းကုန်ကျငွေများတွက်ချက်ပြီး ဦးစားပေးအစီအစဉ်အရ တိုင်းဒေသကြီး (သို့) ပြည်ထောင်စု ဘဏ္ဍာရန်ပုံငွေတွင် နှစ်အလိုက်လျာထားတင်ပြတောင်းခံသွားမည် ဖြစ်ပါကြောင်းနှင့် ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

လှိုင်သာယာ (အရှေ့ပိုင်း) မဲဆန္ဒနယ်မှ ဦးအေးချမ်း၏ **မိုးစပါး အပြင် နွေစပါးကိုပါ တိုးမြှင့်စိုက်ပျိုးနိုင်ရေးနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် မည်သည့် နှစ်ကာလအတွင်း မည်မျှရာခိုင်နှုန်းအထိ တိုးမြှင့်စိုက်ပျိုးနိုင်အောင် စီမံမျှော်မှန်းထားရှိသည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာရဲတင့်ထွန်းက ၂၀၁၆-၂၀၁၇ ခုနှစ်တွင် မြန်မာနိုင်ငံ၏ မုတ်သုံရာသီဖြစ်ပေါ်မှုနှင့် စိုက်ပျိုးရေရရှိမှုအပေါ် မူတည်၍ မိုးစပါးစိုက်ဧက ၁၄၉၂၄၄၅၉ ဧက၊ နွေစပါး ၂၉၂၈၈၁၄ ဧက စိုက်ပျိုး၍ နွေစပါး သီးထပ်စိုက်ကွင်းအား ၁၉ ဒသမ ၆၂ ရာခိုင်နှုန်း ဆောင်ရွက်ရန် လျာထား ဆောင်ရွက်လျက်ရှိပြီး (၅)နှစ်တာကာလ ၂၀၃၀-၂၀၃၁ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၁၅၀၆၇၄၃၁ ဧက၊ နွေစပါး ၃၀၂၀၄၆၈ ဧက စိုက်ပျိုး၍ နွေစပါး သီးထပ်စိုက်ကွင်းအား ၂၀ ဒသမ ၀၅ ရာခိုင်နှုန်းဆောင်ရွက်ရန် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏ ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှုတွင် စိုက်ဧရိယာတိုးချဲ့စိုက်ပျိုးခြင်းထက် မိုးစပါး၊ နွေစပါး ပန်းတိုင်အထွက်နှုန်းများ သတ်မှတ်၍ တစ်ဧကအထွက်နှုန်း တိုးတက်အောင်ဆောင်ရွက်ပြီး ဈေးကွက်လိုအပ်ချက်အရ အစားအစာဘေးကင်းလုံခြုံမှုနှင့် ရေရှည်တည်တံ့မှုဆိုင်ရာ နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီသော အရည်အသွေးမြင့် ဆန်များ ထုတ်လုပ်ရန်၊ ပို့ကုန်ယှဉ်ပြိုင်နိုင်စွမ်းကို မြှင့်တင်ရန်၊ ဇစ်မြစ်ခြေရာခံနိုင်မှု၊ အရည်အသွေး အာမခံချက်နှင့် တာဝန်ယူမှုရှိသော စိုက်ပျိုးရေး လုပ်ထုံးလုပ်နည်းများ သေချာစေရန်၊ လူနေမှုဘဝမြှင့်တင်ရန် တောင်သူများဝင်ငွေတိုးတက်စေရန်နှင့် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးမိုးတင်၏ **စေတုတ္တရာမြို့နယ်တွင် စိုက်ပျိုးရေပေးဝေနေသော မြောင်းမကြီးကို အဝင်ဝအသစ်တူးဖော်ရန် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်က အဝင်ဝမြောင်း (ရေသွင်းမြောင်း) သည် စေတုတ္တရာမြို့နယ် မြို့မကွင်းအမှတ်(၉၅)၊ (၉၃/က)၊ (၉၃/ခ) စိုက်ပျိုးဧက ၄၁၅ ဧက အတွက် ရေပေးဝေနေသည့် မြို့မမြောင်းသို့ ရေသွင်းယူသည့် မူလရေသွင်းမြောင်းဖြစ်ပါကြောင်း၊ စေတုတ္တရာမြို့အနီးရှိ ဆီမီးချောင်းပေါ်တွင် ဒေသခံတောင်သူများ၏ အစီအစဉ်ဖြင့် သစ်ခက်ဆည်များ တည်ဆောက်၍ မူလရေသွင်းမြောင်းမှ မြို့မမြောင်းအတွင်းသို့ ရေသွင်းယူကာ စိုက်ပျိုးဧက ၄၁၅ ဧကနှင့် သမုတ်မြောင်းမှတစ်ဆင့် စိုက်ပျိုးမြေ ၃၅ ဧက စုစုပေါင်းစိုက်ပျိုးမြေ ဧက ၄၅၀ စိုက်ပျိုးပါကြောင်း။

ရေသွင်းမြောင်း တိုးချဲ့ခြင်းနှင့် အသစ်ဖောက်လုပ်ခြင်းဖြင့် ရေကြီးရေလျှံမှုဖြစ်ပေါ်ပါက မူလရေသွင်းမြောင်းထိခိုက်မှု သက်သာစေခြင်း၊ နှစ်စဉ်ပြုပြင်ထိန်းသိမ်းစရိတ် လျော့နည်းသက်သာစေခြင်း၊ မိုးစပါးစိုက်ဧက ၄၅၀ ရေရရှိမှု သေချာစေခြင်း၊ စေတုတ္တရာမြို့အတွင်း ဖြတ်သန်းစီးဆင်းနေသည့် မြို့မမြောင်းရေပြတ်လပ်မှု မရှိသဖြင့် မြို့တွင်းသောက်သုံးရေရရှိခြင်းနှင့် မီးဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက ငြိမ်းသတ်နိုင်ရန် ရေရရှိခြင်းစသည့် အကျိုးကျေးဇူးများရရှိမည် ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ လုပ်ငန်းဆောင်ရွက်နိုင်ရန်အတွက် ဒေသဆိုင်ရာ အုပ်ချုပ်ရေးအဖွဲ့များ၏ ပူးပေါင်းကူညီမှုကိုရယူကာ ရေသွင်းမြောင်း တိုးချဲ့ခြင်းနှင့် မြောင်းအသစ်ဖောက်လုပ်ရာတွင် မြေဧရိယာပါဝင်သည့် တောင်သူများနှင့် ညှိနှိုင်းပြီး သဘောတူညီချက်ရရှိပါက အနီးစပ်ဆုံး ဘဏ္ဍာနှစ်တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ကာ တိုင်းဒေသကြီးရန်ပုံငွေ (သို့မဟုတ်) သင့်လျော်ရာ ရန်ပုံငွေတွင် တောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မိုးညိုမဲဆန္ဒနယ်မှ ဒေါ်ဇာခြည်လွင်၏ **မိုးညိုမြို့နယ်အတွင်းရှိ နတ္တလင်း-မိုးညို- လက်ပံတန်း လမ်းပိုင်းရှိ ပျက်စီးနေသည့်အပိုင်းဖြစ်သော ၈ မိုင် ၅ ဖာလုံအား မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က လက်ပံတန်း-မိုးညို-နတ္တလင်းလမ်းသည် ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်အတွင်းရှိ လက်ပံတန်းမြို့နယ်၊ မိုးညိုမြို့နယ်နှင့် နတ္တလင်းခရိုင်၊ နတ္တလင်းမြို့နယ် တို့ကို ဆက်သွယ်ထားပြီး ၆၈ မိုင် ၇ ဖာလုံ အရှည်ရှိသည့် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ လက်ပံတန်း-မိုးညို-နတ္တလင်းလမ်း၏ မိုးညိုမြို့နယ်အပိုင်းသည် ၄၃ မိုင် ၂ ဖာလုံရှိပြီး လက်ရှိလမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၁၄ မိုင် ၃ ဖာလုံ၊ ကတ္တရာလမ်း ၂၈ မိုင် ၅ ဖာလုံ၊ ကျောက်ခင်းလမ်း ၂ ဖာလုံရှိပါကြောင်း။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေဖြင့် မိုးညိုမြို့နယ်အပိုင်းတွင် ကတ္တရာထပ်ပိုးလွှာခင်းခြင်း ၂ ဖာလုံ၊ လမ်းအနိမ့်အမြင့်ညှိ၍ ကတ္တရာရေပိတ်လွှာလောင်းခြင်း ၆ ဖာလုံ လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လက်ပံတန်း - မိုးညို - နတ္တလင်းလမ်း၏ ကတ္တရာလမ်းပျက်စီးမှု ဖြစ်ပေါ်နေသော ၈ မိုင် ၅ ဖာလုံ လမ်းပိုင်းအား ဦးစားပေးအစီအစဉ်အလိုက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်၊ ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

သာပေါင်း မဲဆန္ဒနယ်မှ ဦးမောင်မောင်စိုး၏ **သာပေါင်း မြစ်ကူးတံတား(ငဝန်)၊ ဆင်လမ်း-ဖားစည်ကွင်းတံတား(ဒါးက)နှင့် ကားကြီးကွင်း ယာဉ်ရပ်နားစခန်း (ထွန်စက်ကုန်း)တို့အား မည်သည့် ဘဏ္ဍာရေးနှစ်တွင် လျာထားဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ငဝန်မြစ်ကူး တံတားအား ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ကွင်းဆင်းလေ့လာချက်များအရ တည်ဆောက်မည်ဆိုပါက မြစ်ကမ်းနှစ်ဖက်အကွာအဝေးမှာ ပေ ၁၂၀၀ ခန့်ရှိပြီး ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးခရီးသည်တင် သင်္ဘောများ ဝင်ထွက် သွားလာနိုင်ရန်အတွက် ရေလမ်းကင်းလွတ်အမြင့် ပေ ၄၀ နှင့် ချဉ်းကပ်တံတားအပါအဝင် အရှည် ပေ ၁၇၀၀ ခန့်ရှိ မြစ်ကူးတံတားကြီး တစ်စင်းအဖြစ် တည်ဆောက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း။

ငဝန်မြစ်သည် ရေစီးသန်၍ ရေအနက်များခြင်း၊ မြစ်ကမ်းပါးတည်ငြိမ်မှု မရှိခြင်းတို့ကြောင့် အသေးစိတ် ဖြစ်မြောက်နိုင်စွမ်း လေ့လာဆန်းစစ်မှုနှင့် အသေးစိတ်ဒီဇိုင်းပုံစံများ ရေးဆွဲတင်ပြရန် ဆောင်ရွက်လျက် ရှိပါသဖြင့် လတ်တလော တံတားတည်ဆောက်ရန် အစီအစဉ် မရှိသေးပါကြောင်း။

ဆင်လမ်း-ဖားစည်ကွင်းတံတား (ဒါးက)သည် ပဏာမတိုင်းတာတွက်ချက်မှုများအရ အရှည် ပေ ၆၆၀ ရှိသော အောက်ထည်သံကူကွန်ကရစ်နှင့် အပေါ်ထည်ဘေလီသံပေါင်တံတားအဖြစ် တည်ဆောက်ရန် လျာထားပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ တံတားတည်ဆောက်ခြင်း (ပထမပိုင်း) အတွက် ရန်ပုံငွေလျာထားပြီးဖြစ်သည်ကို ပြန်ကြားလာပါကြောင်း။

**စာမျက်နှာ ၇ သို့**

❍ စာမျက်နှာ ၆ မှ

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တံတားတည်ဆောက်ရန် လုပ်ငန်းအပ်နှံလာပါက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာနမှ တံတားတည်ဆောက်ခြင်း လုပ်ငန်းများအား စတင်ဆောင်ရွက်သွားမည်ဖြစ်ပြီး ကနဦးအနေဖြင့် တံတားပုံစံထုတ်လုပ်ခြင်းအား ဆောင်ရွက်ပြီးဖြစ်ပါကြောင်း။

သာပေါင်း ကားကြီးကွင်း ယာဉ်ရပ်နားစခန်း(ထွန်စက်ကုန်း) မြေနေရာသည် နိုင်ငံတော်ပိုင်မြေ (State Land)အဖြစ် သတ်မှတ်ထားသောကြောင့် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် နိုင်ငံတော်ပိုင်မြေမှ တိုင်းဒေသကြီးအစိုးရအဖွဲ့ စီမံခန့်ခွဲပိုင်ခွင့်ရှိသော မြေအဖြစ် အသုံးပြုခွင့်ရရှိရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မော်တော်ယာဉ်ရပ်နားစခန်းတည်ဆောက်နိုင်ရေးအတွက် လိုအပ်သည်များ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

တိုက်ကြီး မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်၏ **တိုက်ကြီးမြို့နယ်အတွင်းရှိ ဖလုံ-မြိုင်ဟေဝန်လမ်းမကြီး၏ ကျန်လမ်းပိုင်း (၁၀/၃)မိုင်ကို ကွန်ကရစ်လမ်းခင်းပေးပါရန်နှင့် ခင်းပြီး (၂/၁) မိုင်အား ချဲ့ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က တိုက်ကြီးမြို့နယ်အတွင်းရှိဖလုံ-မြိုင်ဟေဝန်လမ်းသည် ရန်ကုန်-ပြည်လမ်းမှ စတင်ပြီး ခရိုင်ချင်းဆက်လမ်း အမှတ်(၁)ကို ဖြတ်သန်းကာ ဖလုံ-မြိုင်ဟေဝန် ဆင်စခန်းကို ဆက်သွယ်ထားသော လမ်းအရှည် ၁၂ မိုင် ၄ ဖာလုံရှိသည့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်း ဖြစ်ပါကြောင်း၊ လက်ရှိလမ်းအခြေအနေမှာ ၁၂ ပေအကျယ် ကွန်ကရစ်လမ်း ၂ မိုင် ၁ ဖာလုံ၊ ကွန်ကရစ်ဘီးလမ်း ၅ မိုင် ၂ ဖာလုံနှင့် မြေလမ်း ၅ မိုင် ၁ ဖာလုံဖြစ်ပြီး စုစုပေါင်း ၁၂ မိုင် ၄ ဖာလုံ ဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေဖြင့် အဆိုပါလမ်းပေါ်တွင် အရှည် ပေ ၂၀ သံကူကွန်ကရစ်တံတား ၁ စင်း တည်ဆောက်ရန် လျာထားပြီးဖြစ်ပါကြောင်း၊ အဆိုပါလမ်းနှင့်စပ်လျဉ်း၍ ပထမအဆင့်အနေဖြင့် မြေသားလမ်း ၅ မိုင် ၁ ဖာလုံအနက် ၁ မိုင် ၁ ဖာလုံအား ကျောက်ခင်းလမ်းအဖြစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ် ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိမြေသားလမ်းပိုင်းများအား နှစ်အလိုက် ဆက်လက်လျာထားပေးသွားမည်ဖြစ်ပါကြောင်း။

အဆိုပါလမ်းပိုင်းမှ ကွန်ကရစ်ဘီးလမ်း ၅ မိုင် ၂ ဖာလုံအနက် ၄ ဖာလုံအား ကွန်ကရစ်လမ်းအဖြစ် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် (ဖြည့်စွက်) ရန်ပုံငွေဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိလမ်းပိုင်းများကိုလည်း နှစ်အလိုက် ဆက်လက်လျာထားပေးသွားမည် ဖြစ်ပါကြောင်း။

လက်ရှိ၁၂ပေအကျယ်ကွန်ကရစ်လမ်း ၂ မိုင် ၁ ဖာလုံအား ၁၆ ပေအထိ လမ်းကိုချဲ့ပေးရန် အစီအစဉ်ရှိ/မရှိနှင့်စပ်လျဉ်း၍ မြေသားလမ်းမှ ကျောက်ခင်းလမ်းအဆင့်နှင့် ကျောက်ခင်းလမ်းအဆင့်မှ ကွန်ကရစ်လမ်းအဆင့်သို့ မြှင့်တင်ရန် လုပ်ငန်းစဉ်အလိုက်ဆောင်ရွက်ရမည်ဖြစ်ပါသဖြင့် ကွန်ကရစ်လမ်းအကျယ်ချဲ့ခြင်း လုပ်ငန်းကို လတ်တလောတွင် ဆောင်ရွက်နိုင်ခြင်းမရှိသေးပါကြောင်း ဖြေကြားသည်။

ရပ်စောက် မဲဆန္ဒနယ်မှ ဒေါက်တာပွင့်ဆန်း၏ **ရွှေညောင်-ရပ်စောက်-အင်တော-ကျောက်ဂူ-နောင်ချိုလမ်း ဆင်တဲတံတားနှင့် ပစောက်ကွေ့ တံတားတို့အား လမ်းအကျယ် (၂၈)ပေ၊ တံတားခံနိုင်ဝန် တန် (၆၀) RCC တံတားများအဖြစ် တည်ဆောက်ရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းပေါ်ရှိ မိုင်တိုင် (၁၀/၄ နှင့် ၁၀/၅) ကြားတွင် ဆင်တဲတံတား(၁၀၀ ပေ x ၁၃ ပေ) ဘေလီတံတား(၁)စင်းနှင့် မိုင်တိုင် (၃၁/၆ နှင့် ၃၁/၇)ကြားတွင် ပစောက်ကွေ့ ဘေလီတံတား(၅၀ ပေ x ၁၃ ပေ) တံတား(၁)စင်း၊ စုစုပေါင်း ဘေလီတံတား(၂)စင်းရှိပါကြောင်း၊ အဆိုပါတံတားများမှာ တံတားသက်တမ်းကြာမြင့်ပြီးဖြစ်၍ တံတားများ ခံနိုင်ဝန် ၁၃ တန် ခွင့်ပြုထားပြီး တံတားကြံ့ခိုင်မှု ကောင်းမွန်စေရန် ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများအား B.O.T ကုမ္ပဏီမှ နှစ်စဉ် ဆောင်ရွက်လျက် ရှိပါကြောင်း၊ တစ်ရက်လျှင် ပျမ်းမျှယာဉ်စီးရေ (AADT)မှာ အစီး ၄၆၀ ခန့်ဖြစ်ပါကြောင်း။

B.O.T ကုမ္ပဏီမှ ဆင်တဲတံတား အသစ် အရှည်ပေ(၁၀၀) နှစ်လမ်းသွားသံကူကွန်ကရစ်တံတားအား တံတားဟောင်း၏ ညာဘက်ခြမ်းတွင် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်မှ စတင်၍ တည်ဆောက်သွားမည်ဖြစ်ပြီး ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် တံတားတစ်စင်းလုံးပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ပစောက်ကွေ့တံတားအား နှစ်လမ်းသွား သံကူကွန်ကရစ်တံတား တည်ဆောက်နိုင်ရန်အတွက် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် မြေပြင်ကွင်းဆင်းတိုင်းတာခြင်း လုပ်ငန်းများအား B.O.T ကုမ္ပဏီမှ ကနဦးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ပစောက်ကွေ့တံတားအသစ် တည်ဆောက်ခြင်းအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် လုပ်ငန်းများစတင်ဆောင်ရွက်ပြီး ၂၀၂၈-၂၀၂၉ ဘဏ္ဍာရေးနှစ်တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး၏ **အစိုးရအငှားအိမ်ရာများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် မြို့ပြနေပြည်သူများအတွက် သင့်လျော်ကောင်းမွန်သော အိမ်ရာများကို ဆောက်လုပ် ဖြည့်ဆည်းပေးရန် ရည်မှန်းချက်ထားရှိ၍ ဝင်ငွေနည်းပြည်သူများအတွက် ပြည်သူ့အငှားအိမ်ရာများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

နိုင်ငံတော် အစိုးရအနေဖြင့် ပြည်သူ့ အငှားအိမ်ရာများကို အိမ်ရာလိုအပ်ချက် များပြားသည့် ဒေသများတွင် ဦးစားပေးဆောင်ရွက်ပေးလျက်ရှိပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ရန်ကုန်၊ မန္တလေးနှင့် နေပြည်တော်တို့တွင် ဘဏ္ဍာငွေရရှိမှုအပေါ် မူတည်၍ ပြည်သူ့ အငှားအိမ်ရာများ ဆက်လက်အကောင်အထည်ဖော်သွားရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့်လည်း ဒေသခံပြည်သူများ၏ အိမ်ရာလိုအပ်ချက်စစ်တမ်းများ ကောက်ယူ၍ လိုအပ်ချက်ရှိသော ဒေသများတွင် မြေနေရာရရှိမှုနှင့် ဘဏ္ဍာငွေခွဲဝေလျာထားပေးမှုအပေါ် မူတည်၍ ပြည်သူ့အငှား အိမ်ရာများကို ထပ်မံဖော်ဆောင် နိုင်မည်ဖြစ်ပါကြောင်း ဖြေကြားသည်။

နန်းယွန်း မဲဆန္ဒနယ်မှ ဦးယောအေးလှ၏ **နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆင်သေ (ခန္တီး)-လဟယ်-နန်းယွန်း NH-(48) လမ်းပိုင်းမှ လဟယ်-နန်းယွန်းကြား အလွန်မတ်စောက်သည့် လမ်းကွေ့နေရာများအား ပြုပြင်ရန် ကျွမ်းကျင်ကွင်းဆင်းအဖွဲ့ စေလွှတ်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးဦးမျိုးမြင့်က စစ်ကိုင်းတိုင်းဒေသကြီး၊ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ဆင်သေ(ခန္တီး)-လဟယ်-နန်းယွန်း NH-(48)လမ်းပိုင်းသည် လဟယ်-ရောင်ကွန်-ဒုံဟီး-နန်းယွန်းလမ်းဖြစ်ပြီး မိုင် ၀/၀ မှ ၁၀၄/၁ အထိ ၁၀၄ မိုင် ၁ ဖာလုံရှည်လျား၍ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ ယခင် နယ်စပ်ရေးရာဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၁၆ ခုနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း။

လက်ရှိလမ်းအခြေအနေမှာ ၁၈ ပေအကျယ် ကွန်ကရစ်လမ်း ၂ မိုင် ၃ ဖာလုံ၊ ၁၄ ပေ အကျယ် ကျောက်လမ်း ၉၈ မိုင် ၄ ဖာလုံနှင့် ၃၄ ပေအကျယ် မြေလမ်း ၃ မိုင် ၂ ဖာလုံ စုစုပေါင်း ၁၀၄ မိုင် ၁ ဖာလုံဖြစ်ပါကြောင်း၊ လဟယ်-ရောင်ကွန်-ဒုံဟီး-နန်းယွန်းလမ်းပိုင်း၏ မူလလမ်းအူကြောင်းရှိ အတက်/အဆင်း အလွန်မတ်စောက်သည့် လမ်းကွေ့နေရာများဖြစ်သော (Point 1)မှ (Point9) အထိ စုစုပေါင်း ၉ နေရာအား လမ်းလွှဲဖောက်လုပ်ခြင်း၊ လမ်းချဲ့ခြင်းနှင့် Grade ချခြင်းများ လိုအပ်သလိုဆောင်ရွက်နိုင်ရန် လမ်းဦးစီးဌာနမှ ကျွမ်းကျင်ကွင်းဆင်း တိုင်းတာရေးအဖွဲ့များ စေလွှတ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းရယ် မဲဆန္ဒနယ်မှ စိုင်းအောင်ညွန့်၏ **မိုင်းရယ်မြို့နယ်၊ မန်ပုံရွာမှ နမ့်လောင်းတံတားလမ်းကို (၁၈)ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က အဆိုပါလမ်းသည် ရှမ်းပြည်နယ် (မြောက်ပိုင်း)နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း)ကို ဆက်သွယ်ထားသည့် လားရှိုး(မယ်ဟန်)-မိုင်းရယ်-ကျေးသီးလမ်း၏ လမ်းပိုင်းဖြစ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)တွင် ၇၁ မိုင်အရှည်ရှိ၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပါကြောင်း၊ အဆိုပါလမ်းအပိုင်းတွင် မန်ပုံရွာအနီး မိုင်တိုင် ၅၅ မိုင် ၄ ဖာလုံမှ နမ့်လောင်းတံတား မိုင်တိုင် ၇၁ မိုင် ၀ ဖာလုံအထိ ၁၅ မိုင် ၄ ဖာလုံ အရှည်ရှိပြီး လက်ရှိလမ်းအခြေအနေမှာ ၁၂ ပေအကျယ် ကတ္တရာလမ်း ၁၀ မိုင် ၅ ဖာလုံနှင့် ၁၂ ပေအကျယ် ကျောက်ခင်းလမ်း ၄ မိုင် ၇ ဖာလုံဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ရှမ်းပြည်နယ် အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းခြင်း ၁ မိုင် ၆ ဖာလုံ၊ မူလကျောက်ခင်းလမ်းအား ၁၂ ပေအကျယ် ကတ္တရာလမ်းသစ်ခင်းခြင်း ၂ ဖာလုံ လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အဆိုပါလမ်း၏ ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ် ကတ္တရာလမ်းချဲ့ခင်းရန် ကျန်ရှိသည့် ၁၃ မိုင် ၆ ဖာလုံအား ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ရန်ပုံငွေတွင် လျာထားသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

မာန်အောင် မဲဆန္ဒနယ်မှ ဦးကျော်သန်း၏ **မာန်အောင်မြို့မှ တောင်နီ(ခေါ်) မြေနီတောင်အထိ ကွန်ကရစ် လမ်းခင်းပေးရန် မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း**မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မာန်အောင်မြို့နယ် မာန်အောင်မြို့မှ တောင်နီ(ခေါ်) မြေနီတောင်အထိ (၁၂/၀)မိုင် ကျောက်ချော လမ်းသည် မာန်အောင်-ငပုန်ကုန်း-မိမ္မကြွယ် လမ်းဖြစ်ပြီး မာန်အောင်မြို့မှ တောင်နီတောင်ကို ဖြတ်သန်း၍ မိမ္မကြွယ်ကျေးရွာသို့ ဆက်သွယ်ထားသောလမ်းအရှည် ၁၄ မိုင် ၅ ဖာလုံရှိသည့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ စီမံခန့်ခွဲသောလမ်းဖြစ်ပြီး လက်ရှိ လမ်းအခြေအနေမှာ ကွန်ကရစ်လမ်း ၃ ဖာလုံ၊ ကျောက်လမ်း ၁၁ မိုင် ၄ ဖာလုံနှင့် မြေသားလမ်း ၂ မိုင် ၆ ဖာလုံဖြစ်၍ စုစုပေါင်းအရှည် ၁၄ မိုင် ၅ ဖာလုံ ဖြစ်ပါကြောင်း။

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့၏ ပြင်ဆင်ထိန်းသိမ်းခြင်း ရန်ပုံငွေဖြင့် ပျက်စီးမှုများနေသော လမ်းအပိုင်း ၁ မိုင် ၂ ဖာလုံအား ဖြုန်းကျောက်စရစ်ခင်း၍ ပြုပြင်ထိန်းသိမ်းခြင်း လုပ်ငန်းများကို ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ အဆိုပါလမ်းနှင့်စပ်လျဉ်း၍ မြေသားလမ်း ၁ မိုင်အား ကျောက်ခင်းလမ်းအဖြစ် နှင့် ကျောက်လမ်း ၃ ဖာလုံအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ ၂၀၂၇-၂၀၂၈ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေလျာထားသွားမည်ဖြစ်ပြီး ကျန်ရှိ မြေသားလမ်းအား ကျောက်ခင်းလမ်း အဖြစ်နှင့် ကျောက်လမ်းများအား ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နိုင်ရန် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ နှစ်အလိုက် ရန်ပုံငွေတွင် လျာထားပေးသွားမည် ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်အမှာစကား ပြောကြားရာတွင် လွှတ်တော်၏ ပထမပုံမှန်အစည်းအဝေးကာလတွင် အစိုးရသစ်မဖွဲ့စည်းရသေးသည့်အတွက် အမေး၊ အဖြေကဏ္ဍများ မရှိသေးဘဲ လွှတ်တော်များဖွဲ့စည်းခြင်း၊ လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ ရွေးကောက်ခြင်း၊ အမြဲတမ်းကော်မတီ (Standing Committee) (၄) ခု ဖွဲ့စည်းခြင်း၊ အုပ်ချုပ်ရေးမဏ္ဍိုင်အတွက် ဒုတိယသမ္မတများနှင့် နိုင်ငံတော်သမ္မတကို ရွေးချယ်ခြင်း စသည့် လုပ်ငန်းများကိုသာ ဆောင်ရွက်ခဲ့ရပါကြောင်း၊ ထို့နောက် ၂၀၁၆ ခုနှစ် ဇွန် ၂ ရက်တွင် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးကို ပြန်လည်စတင်ခဲ့ပါကြောင်း၊ ထိုကာလမှစ၍ လွှတ်တော်၏ လုပ်ငန်းစဉ်များကို ကဏ္ဍစုံမှစပြီး မိမိတို့ တက်ညီလက်ညီဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပါကြောင်း၊ ယနေ့အထိ မိမိတို့၏ အမှန် အလုပ် လုပ်ရက် (၃၉) ရက်မျှသာရှိသေးပြီး ဆောင်ရွက်ခဲ့သည့် ကိစ္စအရပ်ရပ်ကို ပြန်လည်သုံးသပ်ကြည့်ရမည်ဖြစ်ပါကြောင်း။

ပထမဦးစွာ ဥပဒေပြုရေးကဏ္ဍ ဆောင်ရွက်ချက်ကို ပြောကြားလိုပါကြောင်း၊ မိမိတို့နိုင်ငံတွင် မြန်မာဘာသာဖြင့် ဖော်ပြသည့် တည်ဆဲဥပဒေ ၃၀၁ ခုရှိပြီး အင်္ဂလိပ်ဘာသာဖြင့် ဖော်ပြသည့် ဥပဒေ ၁၁၈ ခု ရှိပါကြောင်း၊ ထိုဥပဒေများကို ခေတ်ကာလအခြေအနေများနှင့်လျော်ညီအောင် ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်း လိုအပ်ပါက ဖျက်သိမ်းခြင်း၊ လိုအပ်သည့် ဥပဒေသစ်ရေးဆွဲခြင်း စသည့် လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက် လျက်ရှိပါကြောင်း၊ ရှိရင်းစွဲဥပဒေများကို ရုပ်သိမ်းခြင်း လုပ်ငန်းများတွင် ပြီးစီးမှုကို လက်ဆုပ်လက်ကိုင် မပြနိုင်သေးသော်လည်း ယခုကာလအတွင်း ဖြည့်စွက်ပြင်ဆင်သည့် အပိုင်းတွင် နိုင်ငံရေး ပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းများကို ကော်မတီများတွင် စတင်ဆွေးနွေးနိုင်ခဲ့ပြီ ဖြစ်ပါကြောင်း၊ ဥပဒေသစ်အဖြစ် အွန်လိုင်းလိမ်လည်မှုတိုက်ဖျက်ရေးဆိုင်ရာ ဥပဒေကြမ်းကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးပြီးဖြစ်ပြီး ဥပဒေအဖြစ် ပေါ်ထွက်လာတော့မည် ဖြစ်ပါကြောင်း။

မိမိတို့တွင် အမြဲတမ်းကော်မတီက (၄)ခု၊ Ad Hoc ကော်မတီ သို့မဟုတ် Select Committee ဟုခေါ်သည့် ကော်မတီ (၁၈)ခု စုစုပေါင်းကော်မတီ(၂၂)ခု ဖွဲ့စည်းပြီး ဥပဒေပြင်ဆင်ခြင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန အဖွဲ့အစည်းများ၊ ပြင်ပပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေးခြင်း၊ ဥပဒေသစ်ရေးဆွဲရန်စီမံခြင်း လုပ်ငန်းစဉ်များကို ကြိုးပမ်း ဆောင်ရွက်လျက်ရှိပါကြောင်း။

လုပ်ဆောင်နေဆဲ လုပ်ငန်းစဉ်တစ်ခုမှာ ပြည်သူ့အသံနှင့် ပြည်သူ့ဆန္ဒများကို ကိုယ်စားပြုနိုင်ရေးအတွက်လွှတ်တော်ထဲတွင်မေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းစသည်တို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ (၃၂) ရက်တာ ကာလအတွင်းတွင် ကြယ်ပွင့်ပြမေးခွန်းပေါင်း (၂၈၆)ခု၊ ကြယ်ပွင့်မပြမေးခွန်းပေါင်း (၄၃၆)ခုဖြစ်၍ စုစုပေါင်း မေးခွန်း (၇၂၂)ခုကို ကိုယ်စားလှယ်ပေါင်း (၁၆၀ ) က မေးမြန်းနိုင်ခဲ့ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်ကို တိုက်တွန်းကြောင်းအဆိုများနှင့် အကြံပြုအဆို စုစုပေါင်း (၃)ခု ကိုလည်း တင်သွင်းခဲ့ပါကြောင်း၊ မေးခွန်းပေါင်း (၇၂၂)ခုတွင် ကတိကဝတ်အဖြစ် (၃၃၀)၊ မှတ်တမ်းတင်အဖြစ် (၁၆၃)ခု ရှိခဲ့ပါကြောင်း၊ အဆို(၃)ခုတင်သွင်းခဲ့ပြီး အတည်ပြု(၁)ခု၊ မှတ်တမ်းတင်(၂)ခု ရရှိခဲ့ပါကြောင်း၊ မေးခွန်းများကို ကဏ္ဍအလိုက် ခွဲကြည့်မည်ဆိုလျှင် စီးပွားရေးကဏ္ဍ (၁၁၁)ခု၊ လူမှုရေးကဏ္ဍ (၁၁)ခု၊ ပညာရေးကဏ္ဍ (၇၈)ခု၊ ကျန်းမာရေးကဏ္ဍ(၄၂)ခု၊ အုပ်ချုပ်ရေးကဏ္ဍ (၄၅)ခု၊စီမံခန့်ခွဲရေးကဏ္ဍ (၅၈)ခု၊ ပို့ဆောင်ရေး၊ ဆက်သွယ်ရေး၊ ဆောက်လုပ်ရေးကဏ္ဍ(၁၄၈)ခု၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဆည်မြောင်းကဏ္ဍ (၆၉)ခု၊ လျှပ်စစ်၊ စွမ်းအင်၊ သတ္တု၊ သစ်တောကဏ္ဍ (၆၂)ခု၊ ဘဏ္ဍာရေးနှင့်စီမံကိန်းကဏ္ဍ (၇)ခု၊ စက်မှုလက်မှုကဏ္ဍ (၄)ခု၊ တရားစီရင်ရေးကဏ္ဍ (၃)ခု၊ ကာကွယ်ရေးကဏ္ဍ(၂)ခုနှင့် တိုင်းဒေသကြီး/ ပြည်နယ်ကဏ္ဍ(၈၂)ခု တို့ဖြစ်ပါကြောင်း၊ မေးခွန်းများကို အပိုင်း(၂)ပိုင်းခွဲကြည့်လျှင် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ မေးမြန်းသည့် မေးခွန်းများနှင့် နိုင်ငံနှင့်ပြည်သူတစ်ရပ်လုံး၏ လိုအပ်ချက်ကို မေးသည့်မေးခွန်းများ (၂)ပိုင်းခွဲ၍ ရပါကြောင်း။

တစ်ချိန်တည်းတွင် လွှတ်တော်နှင့် ပြည်သူ ပိုမိုနီးကပ်စွာထိတွေ့နိုင်ရေးအတွက် ဆောင်ရွက်နေသည့် လုပ်ငန်းစဉ်အောက်တွင် ပထမဦးစွာ မီဒီယာလုပ်ငန်းစဉ်မှစပြီး ပြောကြားလိုပါကြောင်း၊ မိမိတို့တွင် မူလကတည်းက လွှတ်တော် စာမျက်နှာ ၉ သို့ ❍

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးအောင်မြင်စွာ ကျင်းပပြီးစီး



**နေပြည်တော် ဇူလိုင် ၃၀**

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက် မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌဦးအောင်လင်းဒွေး က တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦး ရှိသည့်အနက် ယနေ့ အစည်းအဝေးသို့ ၂၀၃ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှု အခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၂) ဦးမြလင်း၏ **ရန်ကုန်-ရခိုင် ကမ်းရိုးတန်းပတ်သဘော်ခရီးစဉ်များ ပြေးဆွဲပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးထွန်းလူကပြည်တွင်းရေကြောင်း ပို့ဆောင်ရေးအနေဖြင့် ကမ်းရိုးတန်းသွား ကမ်းထိုးကုန်တင်ရေယာဉ်တစ်စင်းဖြင့် ရန်ကုန်-ကော့သောင်း-ရနောင်း ခရီးလမ်းတွင် လက်ရှိပြေးဆွဲပေးလျက်ရှိပြီး လတ်တလောတွင် ရန်ကုန်-ရခိုင် ခရီးစဉ်ပြေးဆွဲရန် ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ် မရှိသေးပါသဖြင့် ပြေးဆွဲပေးနိုင်ခြင်းမရှိသေးပါကြောင်း၊ ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များ ရရှိရေးအတွက် အစီအစဉ်များ ဆောင်ရွက်ထားပြီး ဖြစ်ပါသဖြင့် ဘဏ္ဍာငွေရရှိမှုအပေါ်မူတည်၍ ကမ်းရိုးတန်းသွား ကုန်တင်ရေယာဉ်များ ဝယ်ယူခြင်းနှင့် တည်ဆောက်ခြင်းများ ဆောင်ရွက်ပြီး လုပ်ငန်းလိုအပ်ချက်အပေါ် မူတည်၍ ရန်ကုန်-ရခိုင် ကမ်းရိုးတန်းပတ်သဘော်ခရီးစဉ်များ ပြေးဆွဲပေးသွားမည်ဖြစ်ပါကြောင်း။

ရခိုင်ပြည်နယ် အစိုးရအဖွဲ့ကလည်း လုံခြုံရေးအခြေအနေအရ လတ်တလော ဆောင်ရွက်ပေးနိုင်ရန် ကန့်သတ်ချက်များ ရှိနေသေးပါကြောင်းနှင့် ကျန်းမာရေး၊ စီးပွားရေး အခက်အခဲရှိသူများကို စိစစ်၍ ကုန်စည်ပို့ဆောင်သည့် ကမ်းရိုးတန်းသွား ရေယာဉ်များဖြင့် လိုက်ပါနိုင်ရန် စိစစ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း။

သို့ပါ၍ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး အနေဖြင့် လတ်တလောတွင် ကမ်းရိုးတန်းသွားကုန်တင်ရေယာဉ်များ ဝယ်ယူခြင်းနှင့် တည်ဆောက်ရေးလုပ်ငန်းများ စီစဉ်ဆောင်ရွက်လျက်ရှိပြီး ပို့ဆောင်ရေး ဝန်ကြီးဌာနမှ လေကြောင်းလိုင်းများ ပုံမှန်ပျံသန်း ပြေးဆွဲနိုင်ရေးအတွက် စီစဉ် ဆောင်ရွက်ပေးလျက်ရှိပါကြောင်းနှင့် ပြည်သူလူထု ခရီးသွားလာမှု အဆင်ပြေစေရေးအတွက် Public Transportation ကိစ္စကို နိုင်ငံတော်မှ အထူးအလေးထားမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

မကွေးတိုင်း ဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၄) ဦးစိန်ရွှေမင်း၏ **မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ် စကုဘက်ခြမ်းရှိနိုင်ငံ့ဝန်ထမ်း အငြိမ်းစား ပင်စင်စား ၁၀၀၀ ကျော်သည် စကုမြို့နှင့် ၁၀ မိုင်ဝေးသော မင်းဘူးမြို့ရှိ မြန်မာ့စီးပွားရေးဘဏ်ခွဲသို့ သွားရောက်ပင်စင်ထုတ်ယူရာတွင် အခက်အခဲများရှိနေပါသဖြင့် လစဉ်ပင်စင်ထုတ်ပေးခြင်းကို စကုမြို့ရှိ မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ ယာယီရုံးခန်း ဖွင့်လှစ်ထုတ်ပေးနိုင်ခြင်း ရှိ၊ မရှိသိရှိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်သန်းသန်းလင်းက မင်းဘူးခရိုင် မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် စကုမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ယာယီရုံးခန်းဖွင့်လှစ်၍ အငြိမ်းစားလစာ ထုတ်ပေးနိုင်ရန် အတွက် မင်းဘူးခရိုင် မြန်မာ့စီးပွားရေးဘဏ်၌ ဝန်ထမ်းဖွဲ့စည်းပုံအရ စကုမြို့သို့ နေ့စဉ်အငြိမ်းစားလစာ သွားရောက်ထုတ်ပေးရန် ဝန်ထမ်းအင်အားလိုအပ်ခြင်း၊ မင်းဘူးမြို့မှ စကုမြို့သို့ အငြိမ်းစားလစာ ထုတ်ပေးရန်အတွက် နေ့စဉ် အသွားအပြန် ငွေကြေးသယ်ယူပို့ဆောင်ရာတွင် လုံလောက်သော လုံခြုံရေး အစောင့်အရှောက် လိုအပ်ခြင်း၊ ငွေသယ်ယူပို့ဆောင်ရန်အတွက် မော်တော်ယာဉ် လိုအပ်ခြင်း၊ စကုမြို့၌ အငြိမ်းစားလစာထုတ်ပေးရန် အတွက် သယ်ယူလာသော ငွေကြေးများအား ခေတ္တယာယီထိန်းသိမ်း သိုလှောင်ထားရှိရန် ဘဏ္ဍာခန်း လိုအပ်ခြင်းတို့ကြောင့် စကုမြို့ရှိ မြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ လစဉ်အငြိမ်းစားလစာထုတ်ပေးနိုင်ရန်အတွက် စက်ပစ္စည်းများနှင့် ရုံးသုံးပရိဘောဂများ လိုအပ်ခြင်းတို့ကြောင့် ယခုအခြေအနေအရ စကုမြို့ရှိမြို့နယ်အုပ်ချုပ်ရေးမှူးရုံး၌ ယာယီရုံးခန်းဖွင့်လှစ်၍ အငြိမ်းစားလစာထုတ်ပေးနိုင်ရန် အတွက် အခက်အခဲနှင့် လိုအပ်ချက်များရှိပါကြောင်း။

သို့ပါ၍ စကုမြို့ရှိ အငြိမ်းစားများအား လစဉ်အငြိမ်းစားလစာ ထုတ်ပေးခြင်းကို ငွေသား၊ စာရင်းပြောင်း၊ ငွေလွှဲနှင့် မိုဘိုင်းငွေပေးချေမှုနည်းလမ်းများဖြင့် မင်းဘူးခရိုင် မြန်မာ့စီးပွားရေးဘဏ်ခွဲက ဆောင်ရွက်ပေးလျက် ရှိပါသဖြင့် စကုမြို့နယ် အုပ်ချုပ်ရေးမှူးရုံး၌ ယာယီရုံးခန်း ဖွင့်လှစ်ထုတ်ပေးနိုင်ခြင်းမရှိပါကြောင်း ဖြေကြားသည်။

မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၉) ဦးစိုးမင်းစမ်း၏ **မိသားစုပင်စင်လစာအား ထုတ်ယူလျက်ရှိသော အသက်(၇၀)နှစ်နှင့်အထက် အမယ်အိုများအတွက် အမျိုးသမီးများ၏ ဂုဏ်သိက္ခာနှင့် အသက်အရွယ်အား ထောက်ထားငဲ့ညှာသောအားဖြင့် ၎င်းအမယ်အိုများ ပင်စင်လစာထုတ်ယူရာတွင် နောက်အိမ်ထောင် မပြုကြောင်း ထောက်ခံချက် လိုအပ်နေမှုအား ပယ်ဖျက်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဟန်ဝင်းအောင်က မိသားစုပင်စင် အကျိုးခံစားခွင့်နှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၂၃၃၊ နည်းဥပဒေခွဲ(စ)၊ မိသားစုပင်စင် ဆက်လက်ခံစားခွင့် မရှိစေခြင်းနှင့်ပတ်သက်၍ နိုင်ငံ့ဝန်ထမ်း နည်းဥပဒေများ၊ နည်းဥပဒေ ၂၄၉ ပြဋ္ဌာန်းထားချက်များအရ မိသားစုပင်စင်ထုတ်ယူနေသည့် ကွယ်လွန်သူအငြိမ်းစား၏ ခင်ပွန်း/ဇနီးထံမှ နောက်အိမ်ထောင်မပြုသေးကြောင်း ကိုယ်တိုင်ခံဝန်ချက်နှင့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တို့ကို (၆)လလျှင် (၁)ကြိမ်နှင့် မိသားစုပင်စင် ထုတ်ယူနေသည့် မိသားစုဝင်ထံမှ အိမ်ထောင်မပြုသေးကြောင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာ အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်တို့ကို (၆)လလျှင် (၁)ကြိမ် တောင်းခံစိစစ်ခြင်းတို့ကို ဆောင်ရွက်ရခြင်း ဖြစ်ပါကြောင်း၊ စိစစ်ရာတွင်လည်း အသက်အရွယ်(ကျား/မ) သတ်မှတ်ချက်မရှိ မိသားစုပင်စင်ခံစားခွင့်ရရှိသူ အားလုံးကို တောင်းခံစိစစ်ခြင်း ဖြစ်ပါကြောင်း။

အငြိမ်းစားများ၏လစဉ်ပင်စင်နှင့်ဆုငွေ၊ အခါအားလျော်စွာ ခွင့်ပြုသည့်စရိတ်ကြေးငွေ စသည့် ပင်စင် အသုံးစရိတ်များကို နိုင်ငံတော်၏ ဘဏ္ဍာရန်ပုံငွေမှ ကျခံသုံးစွဲခြင်းဖြစ်ရာ နိုင်ငံဘဏ္ဍာငွေဖြင့် သုံးစွဲငွေများ မှန်ကန်မှုရှိစေရန် သတ်မှတ်ချက်နှင့်အညီ စိစစ်ရခြင်းဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံအချို့တွင်လည်း အငြိမ်းစားကွယ်လွန်ပြီးနောက် အိမ်ထောင်စုဝင်များသို့ မိသားစုအကျိုးခံစားခွင့်ပေးရာတွင် နောက်အိမ်ထောင်မပြုကြောင်း ကြေညာချက်ကို သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်သူ သို့မဟုတ် အစိုးရအရာထမ်း တစ်ဦးဦး သို့မဟုတ် ဘဏ်မန်နေဂျာ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးစေပြီး (၆)လလျှင်(၁)ကြိမ် သို့မဟုတ် (၁)နှစ်လျှင်(၁)ကြိမ် ပေးပို့ရပါကြောင်း၊ အချို့သော အာဆီယံနိုင်ငံများတွင် စာရင်းအင်းဆိုင်ရာ အာဏာပိုင်အဖွဲ့မှ တိုက်ရိုက်ရယူခြင်း၊ အမျိုးသား မှတ်ပုံတင်ရေးဦးစီးဌာန၊ ပြည်သူ့ဝန်ထမ်းရေးရာဦးစီးဌာနတို့နှင့် တိုက်ရိုက်ချိတ်ဆက်ရယူသည်ကို လေ့လာတွေ့ရှိရပါကြောင်း။

သို့ဖြစ်ပါ၍ မိသားစုပင်စင် ခံစားရရှိနေသူများအား နောက်အိမ်ထောင် မပြုကြောင်း ထောက်ခံချက်ကို တည်ဆဲဥပဒေ၊ နည်းဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ ကျား/မ အသက်အရွယ် သတ်မှတ်ချက်မရှိ စိစစ်တောင်းခံခြင်းဖြစ်ပါကြောင်းနှင့် ထိုသို့ဆောင်ရွက်ခြင်းသည် မိသားစုပင်စင်ခံစားခွင့် ရရှိသူဦးရေ မှန်ကန်စေမှုကို အထောက်အထားဖြစ်စေပြီး နိုင်ငံဘဏ္ဍာလေလွင့်ဆုံးရှုံးမှုမရှိအောင် ထိန်းသိမ်းဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ရခိုင်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးသန်းထွန်းက အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားရှင်းလင်းပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်း ကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးဇင်မင်းထက်က အဆိုပါ ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီ အလိုက် အဆိုပြုတင်ပြရာ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ်ရယူ အတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးခင်ဇော်က အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် အဆိုတင်သွင်းရာ ဧရာဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ် (၅) ဦးထိန်းလင်းက ထောက်ခံသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောတူသဖြင့် အမျိုးသားလွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၁၁) ဦးစိုးကြည်က တိုင်းဒေသကြီး လွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ၏ အစီရင်ခံစာကို ပြန်လည် ဖတ်ကြားရှင်းလင်းပြီး ဥပဒေကြမ်း ကော်မတီအတွင်းရေးမှူး ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော် ကိုယ်စားလှယ် အမှတ်(၇) ဦးဇင်မင်းထက်က အဆိုပါ ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အဆိုပြုတင်ပြရာ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်၏ အဆုံးအဖြတ် ရယူအတည်ပြုသည်။

ဆက်လက်၍ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးအောင်မြင့်လွင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုပေးပါရန် အဆိုတင်သွင်းသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါဥပဒေကြမ်းကို အတည်ပြုရန် လွှတ်တော်၏သဘောထားရယူရာသဘောတူသဖြင့် တိုင်းဒေသကြီးလွှတ်တော်နှင့် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေကို သတ္တမအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ယနေ့သည် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး နောက်ဆုံးနေ့ ဖြစ်ပါကြောင်း၊ ပထမပိုင်းအနေဖြင့် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပခဲ့သည့် ၂၀၂၆ ခုနှစ် ဇွန် ၂ ရက်မှ ဇူလိုင် ၃၀ ရက် ယနေ့အထိ အစည်းအဝေးကျင်းပရက် ၂၃ ရက်အတွင်း အမျိုးသားလွှတ်တော်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားသွားမည်ဖြစ်ပါကြောင်း။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ ပေးပို့လာသည့် ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ၊ ထိုင်းနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ၊ ဂျပန်-မြန်မာ ပါလီမန်ချစ်ကြည်ရေးအသင်း ဒုတိယဥက္ကဋ္ဌ၊ ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း ဥက္ကဋ္ဌနှင့် ဂျပန်-မြန်မာ ယဉ်ကျေးမှုမြှင့်တင်ရေးအသင်း ညွှန်ကြားရေးမှူးတို့ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာများကို လွှတ်တော်သို့ တင်ပြခြင်းနှင့် မှတ်တမ်းတင်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

ကော်မတီများ ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၇ နှင့် ၂၀၁၅ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၀၆ နှင့် ၁၀၇ တို့အရ ရေးရာကော်မတီ(၁၆)ခုအား လွှတ်တော်ကိုယ်စားလှယ် ၁၅ ဦးစီနှင့် လွှတ်တော်သို့တင်ပြပြီး အတည်ပြုချက်ရယူခြင်းနှင့် ဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကာလအတွင်း နိုင်ငံတကာနှင့်ဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးကို ရှေးရှုပြီး အမျိုးသားလွှတ်တော်နှင့် ရုရှား၊ ဘယ်လာရုစ်၊ ကာဇက်စတန်၊ လာအို၊ တရုတ်၊ အိန္ဒိယ၊ ထိုင်း လွှတ်တော်များနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးရေးအသင်း (၇)သင်းကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း။

မေးခွန်းများ မေးမြန်းခြင်း ကဏ္ဍတွင် လွှတ်တော်ကိုယ်စားလှယ်များက ကြယ်ပွင့်ပြမေးခွန်း ၉၃ ခုနှင့် ကြယ်ပွင့်မပြမေးခွန်း ၁၃၁ ခုတို့ကို မေးမြန်းခဲ့ပါကြောင်း။

လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းသည့် မေးခွန်းများအပေါ် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက သက်ဆိုင်ရာဝန်ကြီးဌာန တစ်ခုချင်းအနေဖြင့်လည်းကောင်း၊ ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်၍ လည်းကောင်း၊ တိုင်းဒေသကြီး/ပြည်နယ် အစိုးရအဖွဲ့များနှင့် ပေါင်းစပ်ညှိနှိုင်း၍ လည်းကောင်း လွှတ်တော်တွင်

**စာမျက်နှာ ၉ သို့** ☆

**❍ စာမျက်နှာ ၇ မှ**

Website တစ်ခုကို ၁၆-၃-၂၀၂၆ ရက်မှစပြီး ဆောင်ရွက်ထားပြီး ယနေ့အထိ ဝင်ရောက်ကြည့်ရှုသူ ၁၄၆၉၆၁ ဦးရှိပါကြောင်း ပြည်သူ့လွှတ်တော် Youtube Channel ကို ၁၆-၃-၂၀၂၆ ရက်မှ စတင်ဖွင့်လှစ်ထားပြီး Subscribers ၉၆၅၉ ဦးရှိပါကြောင်း၊ လက်ရှိ Social Media ကဏ္ဍကို ထပ်ဆောင်း လုပ်ငန်းအဖြစ် TikTok Platform တစ်ခုကို ၁၉-၆-၂၀၂၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ပါကြောင်း၊ Tik Tok Account အမည်က Civic Echo (ပြည်သူ့ထံမှပဲ့တင်သံ)ဟု ခေါ်ပါကြောင်း၊ တစ်မိနစ်/နှစ်မိနစ် အချိန်တိုလေးအတွင်း လွှတ်တော်၏ ဆောင်ရွက်ချက်များကို သိအောင် နေ့စဉ်မေးမြန်း/ဖြေကြားချက်များကို စာတန်းထိုးစနစ်နှင့် အတိုချုပ်ဖော်ပြလျက်ရှိပါကြောင်း၊ ယနေ့အထိ Like ဦးရေ ၁၀၃၀၀ နှင့် Follower ၁၄၉၄ ဦး ရရှိပြီး ဖြစ်ပါကြောင်း။

နောက်ထပ်မီဒီယာအားဖြည့် လုပ်ငန်းများအနေဖြင့် မိမိတို့လွှတ်တော်ကိုယ်စားလှယ် ၆ ဦး အဖွဲ့သည် နံနက်တိုင်းတွင် ၂ ဦးစီ အလှည့်ကျစနစ်ဖြင့် တစ်ရက်တာ လွှတ်တော် အစီအစဉ်တင်ပြခြင်းနှင့် ပြီးခဲ့သည့်နေ့က ဆောင်ရွက်ခဲ့သည့် လွှတ်တော်အမေး/အဖြေ အတိုချုပ်များကို သတ်မှတ်ပေးထားသည့် မီဒီယာကော်နာ၌ သတင်းထောက်များအား တွေ့ဆုံရှင်းလင်းခြင်းများကို စဉ်ဆက်မပြတ် ပြုလုပ်လျက်ရှိပါကြောင်း။

အလားတူ လွှတ်တော်အစည်းအဝေးတက်နေကြသည့် ကိုယ်စားလှယ်များနှင့် တွေ့ဆုံမေးမြန်းခြင်း၊ လွှတ်တော်ကော်မတီအသီးသီး၏ လှုပ်ရှားဆောင်ရွက်မှုများကို မှတ်တမ်းတင်ခြင်း၊ လွှတ်တော် အဖွဲ့ဝင်များနှင့် တွေ့ဆုံမေးမြန်းခြင်းများကိုလည်း နေ့စဉ်လူမှုကွန်ရက်ပေါ် ပျံ့နှံ့ရောက်ရှိနေအောင် ဆောင်ရွက်ရင်း လူထုနှင့် ထိတွေ့စေခဲ့ပါကြောင်း၊ ထို့ပြင် လွှတ်တော်နှင့် ပြည်သူ ကျယ်ပြန့်စွာထိတွေ့စေသည့် လုပ်ငန်းစဉ်တစ်ခုသည် လွှတ်တော်လေ့လာရေး အစီအစဉ်ကို ကျယ်ကျယ်ပြန့်ပြန့် ခွင့်ပြုပေးခြင်းဖြစ်ပါကြောင်း၊ ရောက်လာသမျှ ဧည့်သည်များကို ရုံးတာဝန်ခံတစ်ဦးက Power Point နှင့် လွှတ်တော်အကြောင်း ရှင်းလင်းခြင်း၊ လိုက်လံပြသခြင်းများပြုလုပ်ပါကြောင်း၊ လေ့လာရေးပြီးဆုံးတိုင်းတွင် မိမိကိုယ်တိုင် ဧည့်သည်တိုင်းကို အချိန်ယူတွေ့ဆုံပြီး လွှတ်တော် လုပ်ငန်းစဉ်များကို ထပ်ဆင့်ရှင်းလင်းခြင်းနှင့် သိလိုသမျှ မေးမြန်းခြင်းများကို ဖြေကြားခြင်းအား စဉ်ဆက်မပြတ် ဆောင်ရွက်လျက် ရှိပါကြောင်း၊ ယနေ့အထိ အလွှာစုံ၊ နယ်ပယ်စုံမှ ၁၆၈၁ ဦး လာရောက်လေ့လာပြီး ဖြစ်ပါကြောင်း။

ထို့ပြင် ပြည်သူကို ကိုယ်စားပြုခြင်းအပိုင်းအနေဖြင့် လွှတ်တော်၏ နိုင်ငံသားများ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေး ကော်မတီကို ပြည်သူများ၏ မူလအခွင့်အရေး နစ်နာချက်များအပေါ် အခြေပြုပြီး ယနေ့အထိ တိုင်ကြားစာပေါင်း ၁၅၁ စောင် ပေးပို့ခဲ့ပြီး တိုင်ကြားစာ ၁၂၂ စောင်ကို ဖြေရှင်းပေးနိုင်ခဲ့ပြီး ၂၉ စောင်ကို သက်ဆိုင်ရာ ဌာနများသို့ လွှဲပြောင်းပေးအပ်ခဲ့ပါကြောင်း၊ လွှတ်တော်၏ နိုင်ငံတကာဆက်ဆံရေးကဏ္ဍ တိုးမြှင့်ဆောင်ရွက်ခြင်း အနေဖြင့် အာဆီယံနိုင်ငံများ လွှတ်တော်များအဖွဲ့ (ASEAN Inter Parliamentary Assembly–AIPA)နှင့် နိုင်ငံတကာလွှတ်တော်များအဖွဲ့(Inter Parliamentary Union–IPU) အဖွဲ့ချုပ်တို့နှင့် တိုက်ရိုက် ဆက်သွယ်ခြင်း၊ AIPA အဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံချင်းဆီသို့လည်း စာရေးဆက်သွယ်ခြင်းများ ပြုလုပ်ခဲ့ပါကြောင်း၊ တုံ့ပြန်မှု၊ တိုးတက်မှုရှိကြောင်း အသိပေးလိုပါကြောင်း၊ မိမိတို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၅ ဦးသည် ဩဂုတ် ၁၉ ရက်မှ ၂၇ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဘေဂျင်းမြို့၌ ကျင်းပမည့် AIPA အဖွဲ့ဝင်နိုင်ငံများ အစည်းအဝေးကို စတင်တက်ရောက်ရမည်ဖြစ်ပါကြောင်း၊ အလားတူ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံတွင် ကျင်းပမည့် AIPA အစည်းအဝေးများကို တက်ရောက်မည် ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံကိုလည်း ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၃၀ တို့က ၁-၉-၂၀၂၆ ရက်မှ ၁၀-၉-၂၀၂၆ ရက်အထိ စွမ်းဆောင်ရည်မြှင့် သင်တန်းတက်ရောက်မည် ဖြစ်ပါကြောင်း။

ဖြတ်သန်းခဲ့သည့် အတိတ်ကာလများကို ပြန်လည်သုံးသပ်ကြည့်လျှင် မေးမြန်းသည့် မေးခွန်းများသည် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အများစုဖြစ်ကြောင်း တွေ့ရပါကြောင်း၊ နောင်တွင် ဒေသဆိုင်ရာ၊ နိုင်ငံလုံးဆိုင်ရာ ပြည်သူများ အမှန်တကယ်လိုလားတောင့်တနေသည့် လိုအင်ဆန္ဒများကို ပုံဖော်ပေးနိုင်မည့် မေးခွန်း၊ အဆိုများကိုလည်း ပိုမိုပါဝင်လာအောင် ဆောင်ရွက်ပေးကြရန် တိုက်တွန်းလိုကြောင်း၊ မေးခွန်းများမေးမြန်းရာတွင် အဓိပ္ပာယ် ပြည့်ဝထိရောက်သော ကျစ်လျစ်သည့် အသုံးအနှုန်းများနှင့် နိုင်ငံတော်အဆင့်မီ သတ်မှတ်အချိန်ကာလအတွင်း အံဝင်ခွင်ကျဖြစ်အောင် ကြိုတင်ပြင်ဆင်လေ့ကျင့်ထားရမည် ဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်သွားမည့် အနာဂတ်အစီအမံကို အသိပေးလိုပါကြောင်း၊ မိမိတို့ လွှတ်တော်ကဏ္ဍမြင့်မားတိုးတက်ရေး မဟာဗျူဟာ(၅) နှစ်စီမံကိန်းကို မူကြမ်းရေးဆွဲထားရှိပြီး ဖြစ်ပါကြောင်း၊ ပထမအချက်အနေဖြင့် နှစ်စဉ် အနည်းဆုံး ခေတ်မီဥပဒေအသစ်များကို ရေးဆွဲနိုင်ရန် ဆောင်ရွက်သွားမည်၊ လက်ရှိဥပဒေများကို လိုအပ်ပါက ပြင်ဆင်ဖြည့်စွက်ခြင်းကိုလည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ လက်ရှိတွင် အင်္ဂလိပ်ဘာသာဖြင့် ရေးဆွဲထားသော ဥပဒေ ၁၁၈ ခုရှိပြီး ၅၄ ခုသာ မြန်မာဘာသာ ပြန်ဆိုပြီးဖြစ်သည့်အတွက် တစ်နှစ်လျှင် ဥပဒေ ၃ ခုခန့်ကို မြန်မာဘာသာပြန်ဆိုပြီး အသုံးမလိုသော ကိုလိုနီခေတ် ဥပဒေများကို ပယ်ဖျက်ရုပ်သိမ်းခြင်းများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဥပဒေပြုရာတွင် Public Hearing (ပြည်သူပါဝင်ကြားနာမှု)ကို အထူးအလေးထားဆောင်ရွက်လိုပါကြောင်း၊ နိုင်ငံတကာစံချိန်စံညွှန်းကိုလည်း လေ့လာပြီး လိုအပ်ချိန်အသုံးချနိုင်ရန် စီမံသွားရမည် ဖြစ်ပါကြောင်း။

ဒုတိယအချက် အနေဖြင့် ပြည်သူများအတွက် လွှတ်လပ်ပွင့်လင်းသော ပါလီမန် Open Parliament၊ သရုပ်ပြလွှတ်တော် Mock Parliament၊ Online ကနေ တိုင်ကြားနိုင်မည့်စနစ်၊ Online Petition System နှင့် သက်တမ်းကာလ ပြီးမြောက်ချိန်တွင် နှုတ်ဆက် တွေ့ဆုံကြမည့် လွှတ်တော်ည (Parliament Night) စသည်များကိုလည်း နိုင်ငံတကာတွင် ဆောင်ရွက်နေသည့် အတိုင်း တစ်ဆင့်ချင်းပြုလုပ်သွားလိုပါကြောင်း၊ လွှတ်တော်ထဲတွင် ရှိနေသည့် နိုင်ငံရေးပါတီများ အားလုံးကိုလည်း ရနိုင်သမျှ သီးခြားရုံးခန်းငယ်များ ဖြစ်နိုင်အောင် ကြိုးပမ်းလျက်ရှိပါကြောင်း၊ နောက်ဆုံး E-Parliament စနစ်ကိုပါ တစ်ဆင့်ချင်း ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တတိယအချက် အနေဖြင့် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်ရေးကဏ္ဍတွင် ထိတွေ့ဆက်ဆံသင့်သည့် နိုင်ငံများနှင့်ထိတွေ့ဆက်ဆံပြီး Parliament Friendship Group များ ဖွဲ့စည်းရေးအတွက် သက်ဆိုင်ရာသံရုံးများနှင့် ထိတွေ့ဆက်ဆံခြင်း၊ သက်ဆိုင်ရာ နိုင်ငံပါလီမန်များနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံခြင်းကိုလည်း အရှိန်အဟုန်မြှင့် တိုးမြှင့် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထိုခေါင်းစဉ်အောက်တွင် လေ့လာရေးနှင့် သင်တန်းများ စီစဉ်ခြင်း၊ အတွေ့အကြုံ အမြင်ချင်း ဖလှယ်ခြင်းနှင့် ဥပဒေရေးရာ ဆွေးနွေးခြင်းများ စသည်များကို ခေါင်းစဉ်အလိုက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရ၏ ခွင့်ပြုချက်ဖြင့် ပြည်သူ့အကျိုးထိရောက်စွာ ညှိနှိုင်းသယ်ပိုးဆောင်ရွက်နိုင်ရန် အတွက် ဝန်ကြီးဌာနများမှ လုပ်ငန်း တာဝန်များကို လာရောက် ရှင်းလင်းသည့် လုပ်ငန်းစဉ်များ ကိုလည်း စဉ်ဆက်မပြတ် ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မကြာမီတွင် မိမိတို့ လွှတ်တော် ခေတ္တရပ်နားတော့မည်ဖြစ်ပါကြောင်း၊ လွှတ်တော် ခေတ္တရပ်နားသော အချိန်တွင် မိမိကို မဲပေးရွေးချယ်ခဲ့ကြသည့် မဲဆန္ဒနယ်မြေအတွင်း ပြည်သူများကို ကွင်းဆင်းတွေ့ဆုံပြီး လွှတ်တော် အတွေ့အကြုံ ရှင်းလင်းခြင်းများ၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်၊ ဖြစ်လိုသည့် ဆန္ဒများ၊ အသံများကို ထပ်မံနားထောင်ပြီး လွှတ်တော်ဆီကို ပြန်လည်သယ်ဆောင် ကိုယ်စားပြုမှုကို ပုံဖော်ပေးကြရမည်ဖြစ်သည့်အတွက် ပီပီပြင်ပြင်ဆောင်ရွက်ခဲ့ကြရန် မှာကြားလိုပါကြောင်း။

ယခုခန်းမကြီးထဲတွင် ရှိနေကြသည့် မိမိတို့အားလုံးသည် မြန်မာနိုင်ငံ တစ်နံတစ်လျားက မတူကွဲပြားခြားနားသော နယ်မြေအသီးသီးက ရွေးချယ်တင်မြှောက်ခံခဲ့ကြရသည့်သူများ ဖြစ်သော်လည်း တူညီသောတာဝန်တစ်ခုကို ထမ်းဆောင်နေကြရခြင်း ဖြစ်ပါကြောင်း၊ ထိုတာဝန်သည် ပြည်သူ့အသံကို နားထောင်ခြင်းနှင့် ပြည်သူ့ဆန္ဒကိုအလေးထားပြီး ပြည်သူ့အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ခြင်းနှင့် နိုင်ငံတော်၏ လုံခြုံရေးနှင့် အေးချမ်းသာယာသောအနာဂတ်ကို ဥပဒေများဖြင့် ကာကွယ်တည်ဆောက်ပေးခြင်းသာဖြစ်ပါကြောင်း၊ ပြည်သူများက မိမိတို့ကို အငြင်းပွားရန် ရွေးချယ်ခဲ့ကြခြင်း မဟုတ်ဘဲ အခက်အခဲပြဿနာများကို ဦးဆောင်ဖြေရှင်းပေးနိုင်သည့် စွမ်းအားရှိ၍ ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်ကို နားလည်ကြရန် လိုပါကြောင်း။

မိမိတို့၏ လွှတ်တော်ကြီးသည် အုတ်များ၊ ကျောက်များ၊ မြန်မာ့လက်မှုပညာများဖြင့် မွမ်းမံပြီး ခမ်းနားထည်ဝါစွာ တည်ဆောက်ထားခြင်းထက် ပြည်သူလူထု၏ ယုံကြည်အားကိုးမှု ဝိညာဉ်များဖြင့် တည်ဆောက်ထားသည်ဟု ပြောရမည်ဖြစ်ပါကြောင်း၊ ယခုနေရာသည် ဒီမိုကရေစီ၏နှလုံးခုန်သံဖြစ်ပါကြောင်း၊ ယခုနေရာကနေ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒများကို ဘယ်လိုထုဆစ်ပုံဖော်ပေးရမည် ဆိုသည်ကို အမြဲထာဝရနှလုံးသွင်းထားရမည့်နေရာတစ်ခုဟု သုံးသပ်ရမည်ဖြစ်ပါကြောင်း။

မိမိ ပြောကြားချက်များကို ပညာ၊ အသိ၊ သတိနှင့်ယှဉ်ပြီး ကိုယ်ပိုင် အတွေ့အကြုံများ ပေါင်းစပ်၍ သမားရိုးကျလမ်းကြောင်းမှ ခွဲထွက်ပြီး ထူးခြားအောင်မြင်အောင် တက်ညီလက်ညီပူးပေါင်းဆောင်ရွက်ပေးကြရန် အလေးနက်ထား တိုက်တွန်း လိုပါကြောင်း၊ လွှတ်တော် ပြင်ပတွင်လည်း လူပုဂ္ဂိုလ်လုံခြုံရေး၊ ကျန်းမာရေး၊ မတော်တဆ ဖြစ်စဉ်များမှအစ အထူးဂရုစိုက်ပြီး မကြာမီ စိတ်ချမ်းသာ၊ ကိုယ်ကျန်းမာစွာဖြင့် ယခုခန်းမကြီး၏ အရိပ်အာဝါသအောက်တွင် ပျော်ရွှင်စွာ ပြန်လည်ဆုံတွေ့ကြပါစို့ဟု ဆန္ဒပြုလိုကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ်ပြည်သူ့လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး ၃၂ ရက်မြောက်နေ့ကို ရပ်နားကြောင်းနှင့် တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာသည်။

**သတင်းစဉ်**

ပြည်သူ့လွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

---

**☆ စာမျက်နှာ ၈ မှ**

နှုတ်ဖြင့် ဖြေကြားခြင်း၊ စာဖြင့်ပေးပို့ဖြေကြားခြင်းတို့ကို အများပြည်သူတို့၏ အကျိုးငှာဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုတင်သွင်းခြင်း ကဏ္ဍတွင် အဆို(၅)ခုကို ဆွေးနွေးခဲ့ပြီး အဆို(၂)ခုကို အတည်ပြုခြင်း၊ အဆို(၂)ခုကို မှတ်တမ်းတင်ခြင်းနှင့် အဆို(၁)ခုကို တတိယ ပုံမှန်အစည်းအဝေးတွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ဥပဒေကြမ်း တင်သွင်းခြင်းကဏ္ဍနှင့်စပ်လျဉ်း၍ ဥပဒေကြမ်း(၃)ခုကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးခဲ့ပါကြောင်း။

ဒုတိယပိုင်း အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ အနေဖြင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စများကို မှာကြားသွားမည်ဖြစ်ပါကြောင်း၊ လွှတ်တော်၏ လုပ်ငန်းစဉ်များကို ပြန်လည် သုံးသပ်ကြည့်မည် ဆိုပါက "မေးခွန်းမေးမြန်းခြင်း" သည် လွှတ်တော်၏ အရေးပါသည့် လုပ်ငန်းစဉ်များ ဖြစ်သည်မှာ မှန်သော်လည်း လွှတ်တော် လုပ်ငန်း၏ တစ်စိတ်တစ်ပိုင်းသာ ဖြစ်ပါကြောင်း၊ ထို့ကြောင့် လွှတ်တော် အစည်းအဝေး၏ ပထမ(၁)နာရီအား မေးခွန်း မေးမြန်းရန် သတ်မှတ်ထားခြင်း ဖြစ်ပါကြောင်း၊ လွှတ်တော်၏ အဓိကအကျဆုံးနှင့် အခြေခံအကျဆုံးလုပ်ငန်း တာဝန်ကြီးသည် "ဥပဒေပြုရေး လုပ်ငန်း (Legislative Function)" ပင်ဖြစ်ပါကြောင်း၊ ဥပဒေဆိုသည်မှာ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ပြည်သူတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် အသက်သွေးကြောသဖွယ် အရေးကြီးသောကြောင့် မိမိတို့အနေဖြင့် ဥပဒေပြုရေးကဏ္ဍကို ပိုမိုအားစိုက်ခိုင်မာအောင် တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် လွှတ်တော်ကိုယ်စားလှယ်များ လေ့လာနိုင်ရန်အတွက် ဝန်ကြီးဌာနအလိုက် ပြဋ္ဌာန်းထားသည့် ဥပဒေများအားလုံးနီးပါးကို သက်ဆိုင်ရာ လွှတ်တော်ကော်မတီများအလိုက် Soft Copy၊ Hard Copy များ ဖြန့်ဝေပေးထားပါကြောင်း၊ ကော်မတီများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနအလိုက် စီမံခန့်ခွဲသည့် ဥပဒေများကို ကော်မတီတွင်တစ်ဦးချင်း တာဝန်ခွဲပြီး လေ့လာကြရန်ဖြစ်ပါကြောင်း။

ပြည်သူများအပေါ် သက်ဆိုင်ရာ ဥပဒေများ၏ သက်ရောက်မှုများနှင့် ပတ်သက်သည့် ပြည်သူ့အသံများနှင့် အခက်အခဲများကို နားထောင်ရန်လည်း လိုအပ်ပါကြောင်း။

တစ်ဖက်တွင်လည်း အကောင်အထည်ဖော် လုပ်ငန်းဆောင်ရွက်ရသည့် အုပ်ချုပ်ရေးပိုင်းမှ ဝန်ထမ်းများ၏ အခက်အခဲများကို နားထောင်ရန်လည်း လိုအပ်ပါကြောင်း။

ဥပဒေပြင်ဆင်ခြင်းနှင့် စပ်လျဉ်း၍ အချို့ဌာနများတွင်လည်း ပြင်ဆင်သင့်သည့် ဥပဒေများရှိနေသော်လည်း အကြောင်းအမျိုးမျိုးကြောင့် ပြင်ဆင်ရန် ကျန်ရှိနေသည့် ဥပဒေများ ရှိနိုင်ပါကြောင်း။

ယင်းကိစ္စများကို ကော်မတီအလိုက် ကော်မတီဝင်များ ခွဲဝေလေ့လာခဲ့ကြမည်ဆိုပါက တတိယပုံမှန်အစည်းအဝေး စတင်သည့် နောက်ပိုင်း ဥပဒေပြုရေးအတွက် အထောက်အကူများစွာ ရရှိမည်ဖြစ်ပါကြောင်း၊ ကော်မတီဝင်များ လေ့လာခဲ့သည့် ဥပဒေများကို စုစည်းပြီး ပြင်ဆင်သင့်/ရုပ်သိမ်းသင့်/မူလအတိုင်း ထားသင့်/အသစ် ပြဋ္ဌာန်းသင့် စသဖြင့် ခေါင်းစဉ်အလိုက် စုစည်းပြီး ဦးစားပေးအလိုက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကော်မတီများအနေဖြင့် မိမိတို့နှင့် သက်ဆိုင်သည့် ဝန်ကြီးဌာနအလိုက် စီမံခန့်ခွဲသည့် ဥပဒေများကို ကော်မတီဝင်များ တာဝန်ခွဲပြီး လေ့လာခဲ့ကြရန် တိုက်တွန်းလိုပါကြောင်း။

နိဂုံးချုပ်အနေဖြင့် လွှတ်တော်ကိုယ်စားလှယ်များ အားလုံး လွှတ်တော်ရပ်နားစဉ် ကာလအတွင်း မိမိတို့၏ မိသားစုများနှင့်အတူ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာကြပါစေကြောင်း၊ မိမိတို့၏ မဲဆန္ဒနယ်မြေများရှိ ပြည်သူလူထုနှင့် ထိတွေ့ကာ ဥပဒေပြုရေးတာဝန်များကို ခေတ်နှင့်အညီ အောင်မြင်စွာ ဖော်ဆောင်နိုင်ကြပါစေကြောင်း၊ ပြည်သူ့အကျိုးစီးပွားကို ဖော်ဆောင်နိုင်ရေးအတွက် စေတနာထား ကြိုးပမ်းဆောင်ရွက်နိုင်ကြပါစေကြောင်း တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး ၂၃ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာသည်။ **သတင်းစဉ်**


အမျိုးသားလွှတ်တော် ရုပ်သံဖိုင်ကြည့်ရန်

# အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်အပေါ် ပြည်သူများ၏သဘောထားအမြင်

မင်းခန့်

လတ်တလော လူမှုကွန်ရက်စာမျက်နှာအသီးသီးမှာ ပြည်သူလူထု စိတ်ဝင်စားမှုမြင့်တက်နေတဲ့ သတင်းကတော့ ဇူလိုင်လ ၂၃ ရက်နေ့မှာ နိုင်ငံခြားရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့တဲ့ အာဆီယံတူညီဆန္ဒ (၅)ရပ်ဟူသော အာဆီယံထုတ်ပြန်ချက် (၅) ရပ်နှင့်စပ်လျဉ်းသည့် သတင်းထုတ်ပြန်ချက်ပဲ ဖြစ်ပါတယ်။

**ဒီသတင်းထုတ်ပြန်ချက်ဟာ အာဆီယံအဖွဲ့ကို တိုက်ရိုက်ရည်ရွယ်ခဲ့ပြီး ရိုးရှင်းတဲ့သံတမန်ရေးဆိုင်ရာ တုံ့ပြန်မှုတစ်ခုသက်သက်သာမဟုတ်ဘဲ ၂၀၂၆ ခုနှစ် မြန်မာ့နိုင်ငံရေးအခင်းအကျင်းသစ်မှာ ရွေးကောက်ခံအစိုးရသစ်ရဲ့ နိုင်ငံခြားရေးမူဝါဒအရ ကိုယ့်နိုင်ငံရဲ့ အချုပ်အခြာအာဏာနဲ့ အမျိုးသားအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ဖို့အတွက် ဒေသတွင်းအဖွဲ့အစည်းတစ်ခုကို ခပ်တင်းတင်းတုံ့ပြန်ဆောင်ရွက်ချက်အဖြစ် ပြည်သူတွေက ရှုမြင်သုံးသပ်ကြပါတယ်။ တစ်နည်းအားဖြင့် အာဆီယံထဲက တချို့အဖွဲ့ဝင်နိုင်ငံတွေက အာဆီယံအဖွဲ့ရဲ့ပဋိညာဉ်ကို ချိုးဖောက်ပြီး တစ်ဖက်သတ်ခွဲခြားဆက်ဆံနေတာကို အဖွဲ့ဝင်နိုင်ငံတစ်ခုက လက်မခံနိုင်ကြောင်း ပြတ်သားတဲ့ သဘောထားရပ်တည်ချက်နဲ့ တုံ့ပြန်ထားခြင်းဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ်။**



အာဆီယံပဋိညာဉ် ဖော်ပြချက်

အာဆီယံနှင့် ယင်း၏ အဖွဲ့ဝင်နိုင်ငံများသည် အောက်ဖော်ပြပါ အခြေခံမူများနှင့်အညီ ဆောင်ရွက်ရမည် -

(က) အာဆီယံ အဖွဲ့ဝင်နိုင်ငံအားလုံး၏ လွတ်လပ်မှု အချုပ်အခြာအာဏာပိုင်ဆိုင်မှု တန်းတူရည်တူရှိမှု နယ်မြေတည်တံ့ခိုင်မြဲမှုနှင့် အမျိုးသားရေးလက္ခဏာများကို လေးစားလိုက်နာခြင်း၊

(ခ) ဒေသဆိုင်ရာ ငြိမ်းချမ်းရေး လုံခြုံရေးနှင့် သာယာဝပြောရေးကို တိုးတက်စေရန် အတူတကွ သန္နိဋ္ဌာန်ချမှတ် ဆောင်ရွက်ခြင်းနှင့် စုပေါင်းတာဝန်ယူမှုရှိခြင်း၊

(ဂ) ကျူးကျော်ခြင်း၊ အင်အားသုံးခြင်း သို့မဟုတ် အင်အားသုံးရန် ခြိမ်းခြောက်ခြင်း သို့မဟုတ် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ကိုက်ညီမှုမရှိသည့် အခြားလုပ်ဆောင်မှု မှန်သမျှကို စွန့်လွှတ်ခြင်း၊

(ဃ) အငြင်းပွားမှုများကို ငြိမ်းချမ်းစွာ အခြေရှာသည့် နည်းလမ်းအပေါ် အားထားခြင်း၊

(င) အာဆီယံ အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်မှု မရှိခြင်း၊

(စ) ပြင်ပမှ ဝင်ရောက်စွက်ဖက်မှု ဖျက်လိုဖျက်ဆီးပြုမှုနှင့် ဖိအားပေးမှုများ ကင်းရှင်းစွာဖြင့် အမျိုးသားရေး တည်ရှိမှုဆိုင်ရာ အဖွဲ့ဝင် နိုင်ငံတိုင်း၏ အခွင့်အရေးကို လေးစားခြင်း၊

(ဆ) အာဆီယံ၏ ဘုံအကျိုးစီးပွားကို ပြင်းထန်စွာ ထိခိုက်စေသည့် ကိစ္စရပ်များအပေါ် တိုင်ပင်ဆွေးနွေးမှုများကို ပိုမိုပြုလုပ်ခြင်း၊

(ဇ) တရားဥပဒေ စိုးမိုးရေး စီမံအုပ်ချုပ်မှု ကောင်းမွန်ရေး ဒီမိုကရေစီ အခြေခံမူများနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဖွဲ့စည်းသည့် အစိုးရရှိမှု ဟူသည့် အခြေခံ သဘောတရားများကို လိုက်နာခြင်း၊

အထူးသဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံတချို့က တူညီဆန္ဒ (Consensus) မဟုတ်တဲ့ ထုတ်ပြန်ချက် (Statement) ကို ကိုင်စွဲပြီး နိုင်ငံရေးအရ ဖိအားပေးနေခြင်းဟာ အာဆီယံပဋိညာဉ်ထဲမှာပါတဲ့ အဖွဲ့ဝင်နိုင်ငံတိုင်းရဲ့ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနဲ့ တန်းတူရည်တူရှိမှုကို လေးစားလိုက်နာခြင်း၊ ပြည်တွင်းရေးဝင်ရောက်မစွက်ဖက်ခြင်း ဆိုတဲ့အချက်များကို ပြောင်ပြောင်တင်းတင်း ချိုးဖောက်နေခြင်း ဖြစ်ပါတယ်။

ဒါ့ကြောင့်လည်း အာဆီယံတူညီဆန္ဒ (၅) ရပ်ဆိုတဲ့ ထုတ်ပြန်ချက်ကို တူညီဆန္ဒ (ASEAN Consensus) အဖြစ်လက်မခံဘဲ ထုတ်ပြန်ချက် (ASEAN Statement) အဖြစ်သာသဘောထားကြောင်း အာဆီယံအဖွဲ့ကို ပြတ်ပြတ်သားသားအသိပေးခြင်းဖြစ်ပါတယ်။ အဲဒီအာဆီယံတူညီဆန္ဒ (၅) ရပ် (Five Point ASEAN Consensus) ဆိုတဲ့ ထုတ်ပြန်ချက်ကို လက်မခံပေမယ့် အာဆီယံမိသားစုစိတ်ဓာတ်နဲ့ အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ အပြုသဘောဆောင်တဲ့ အကြံပြုချက်အဖြစ် မှတ်သားထားကာ မိမိနိုင်ငံရဲ့ ပြည်တွင်းရေးအခြေအနေအပေါ်မူတည်ပြီး ထည့်သွင်းစဉ်းစားမှာဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနရဲ့ ရပ်တည်ချက်ကို ပြည်သူတွေကလည်း အားပေးထောက်ခံကြပါတယ်။

## အာဆီယံရဲ့ပဋိညာဉ်ကို တိကျစွာလိုက်နာဆောင်ရွက်ဖို့လို

ခိုင်မာအားကောင်းတဲ့ အာဆီယံအသိုက်အဝန်းဖြစ်ပေါ်လာစေရေး အာဆီယံရဲ့ မျှော်မှန်းချက် အောင်မြင်ဖို့အတွက် အာဆီယံအဖွဲ့ဝင်နိုင်ငံတိုင်းဟာ အာဆီယံရဲ့ပဋိညာဉ်ကို တိကျစွာလိုက်နာဆောင်ရွက်ဖို့လိုသလို အာဆီယံရဲ့အစဉ်အလာ လုပ်ထုံးလုပ်နည်းတွေကိုလည်း လေးစားလိုက်နာကြရမှာဖြစ်ပါတယ်။

အာဆီယံရဲ့ လုပ်ထုံးလုပ်နည်းအရ ဘယ်အကြောင်းအရာမဆို ဆုံးဖြတ်ချက်ချမှတ်ရာမှာ တူညီဆန္ဒ (Consensus) ရရှိဖို့အတွက် အဖွဲ့ဝင်နိုင်ငံတိုင်းက ပါဝင်တိုင်ပင်ဆွေးနွေးပြီးမှ အဖွဲ့ဝင်အားလုံးရဲ့ သဘောတူညီချက်ရယူကြပါတယ်။ ဆွေးနွေးချက်ကို ထုတ်ပြန်ချက်အဖြစ်မထုတ်ပြန်ခင် မူကြမ်းချပြ အသိပေးညှိနှိုင်းပြီးမှသာ Consensus အစစ်အမှန် ရရှိမှာဖြစ်ပါတယ်။ အခုမြန်မာနိုင်ငံနဲ့ပတ်သက်တဲ့ ထုတ်ပြန်ချက် (၅) ရပ်မှာ အဲဒီလုပ်ထုံးလုပ်နည်းကို မလုပ်ဆောင်ဘဲ အစည်းအဝေးအပြီးမှာ အဲဒီအချိန်က အာဆီယံအလှည့်ကျဥက္ကဋ္ဌရဲ့ နောက်ဆက်တွဲ ထုတ်ပြန်ချက်အဖြစ် ထုတ်ပြန်ခဲ့လို့ အဖွဲ့ဝင်နိုင်ငံအားလုံးရဲ့ တူညီဆန္ဒ (Consensus) ဖြင့် ထုတ်ပြန်ခဲ့ခြင်းမဟုတ်တာ ထင်ရှားလှပါတယ်။ ဒါ့ကြောင့်လည်း အဲဒီအာဆီယံတူညီဆန္ဒ (၅) ရပ်ဆိုတဲ့ ထုတ်ပြန်ချက်အပေါ် မြန်မာနိုင်ငံရဲ့ ရပ်တည်ချက်ကို ၂၀၂၂ ခုနှစ် ဧပြီလ ၂၇ ရက်နေ့က နိုင်ငံပိုင်သတင်းစာတွေမှာ ရှင်းလင်းစွာ တုံ့ပြန်ခဲ့ပြီးဖြစ်ပါတယ်။

## ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်နည်းလမ်းနဲ့ ခိုင်မာစွာရပ်တည်

**မြန်မာနိုင်ငံအနေနဲ့ အာဆီယံပဋိညာဉ်ကို လေးစားလိုက်နာဆောင်ရွက်လျက်ရှိသလို တာဝန်သိအာဆီယံအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံအနေနဲ့ အခြားအာဆီယံနိုင်ငံတိုင်းရဲ့ အချုပ်အခြာအာဏာကို လေးစားအသိအမှတ်ပြုလျက်ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅) ရပ်ကို ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်နည်းလမ်းနဲ့ ခိုင်မာစွာရပ်တည်လျက်ရှိပါတယ်။ အလားတူ ကိုယ့်နိုင်ငံရဲ့အချုပ်အခြာအာဏာကို ထိပါးလာမယ့် ဖိအားပေးမှုတွေကိုလည်း လက်ခံမှာမဟုတ်သလို ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းကမှ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး သူတို့ပုံဖော်ချင်တဲ့ လမ်းကြောင်းကို လိုက်ပါလုပ်ဆောင်မှာမဟုတ်ကြောင်း ရှင်းရှင်းလင်းလင်း သိစေအပ်ပါတယ်။ ဒီအချက်ဟာ အမျိုးသားရေးဂုဏ်သိက္ခာအတွက် မြန်မာပြည်သူတွေအားလုံးရဲ့ ရပ်တည်ချက် သဘောထားအမြင်ပဲဖြစ်ပါတယ်။**

မြန်မာပြည်သူတွေရဲ့ သဘောထားအမြင်ကို ပြည်သူတွေ ရွေးကောက်တင်မြှောက်ထားတဲ့ ပြည်သူ့ကိုယ်စားလှယ်လွှတ်တော်အမတ်တွေက အာဆီယံထုတ်ပြန်ချက်နဲ့ပတ်သက်ပြီး ပြည်ထောင်စုလွှတ်တော်မှာ အရေးကြီးအဆိုတင်သွင်း ဝိုင်းဝန်းဆွေးနွေး ဆုံးဖြတ်ချက်ချမှတ်ထားတာကိုလည်း မြင်တွေ့ကြားသိကြပြီး ဖြစ်ပါတယ်။

လက်ရှိအစိုးရဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နဲ့အညီ ဖြစ်ပေါ်လာတဲ့ ရွေးကောက်ခံအစိုးရဖြစ်လို့ ပြည်သူ့ကိုယ်စားလှယ်လွှတ်တော်အမတ်တွေရဲ့ အဆိုပြုချက်၊ ဆုံးဖြတ်ချက်ကို လေးစားပြီး သင့်လျော်သလို လုပ်ဆောင်ပေးဖို့တာဝန်ရှိပါတယ်။ ဒါဟာ မြန်မာနိုင်ငံရဲ့ ပကတိနိုင်ငံရေးဖြစ်ပေါ်တိုးတက်မှုဖြစ်ပြီး ဒီမိုကရေစီကျင့်စဉ်အရ ဥပဒေပြုရေးမဏ္ဍိုင် လွှတ်တော်ရဲ့ထိန်းကျောင်းမှုကို အုပ်ချုပ်ရေးမဏ္ဍိုင်အစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေအရ အပြန်အလှန် လေးစားအသိအမှတ်ပြုအကောင်အထည်ဖော်ပေးရမှာ ဖြစ်ပါတယ်။

လွှတ်တော်အမတ်တွေရဲ့ တင်ပြဆွေးနွေးချက်တွေဟာ လက်ရှိပကတိနိုင်ငံရေးအခြေအနေတွေနဲ့ကိုက်ညီပြီး ကျိုးကြောင်းဆီလျော်တဲ့ ထောက်ပြဝေဖန်မှုအဖြစ် ကြားသိခဲ့ရပါတယ်။ အဖွဲ့ဝင်နိုင်ငံတိုင်း ရရှိသင့်တဲ့ တရားမျှတမှုနဲ့ တန်းတူညီမျှအခွင့်အရေး မရရှိခြင်း၊ ထုတ်ပြန်ချက်မှာမပါရှိတဲ့ တောင်းဆိုချက်တွေကို ဖိအားပေးပြောဆိုနေခြင်း၊ တာဝန်သိစိတ်နဲ့ လိုက်ပါဆောင်ရွက်နေတဲ့ လုပ်ဆောင်ချက်တွေကို အသိအမှတ်မပြုခြင်း စတာတွေကြောင့် အာဆီယံအဖွဲ့ထဲကနေ ထွက်ဖို့အထိ တိုက်တွန်းတောင်းဆိုချက်တွေ ရှိနေပါတယ်။

ပြည်သူ့ကိုယ်စားလှယ်လွှတ်တော်အမတ်တွေ အထူးပြုထောက်ပြခဲ့တဲ့အချက်ကတော့ လက်ရှိအစိုးရဟာ ၂၀၁၀ ပြည့်နှစ် ပထမ ဒီမိုကရေစီအစိုးရ(ကြံ့ခိုင်ရေးပါတီ)၊ ၂၀၁၅ ခုနှစ် ဒုတိယဒီမိုကရေစီအစိုးရ (NLD ပါတီ) တွေလိုပဲ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) ပေးထားချက်အတိုင်း မဲပေးပိုင်ခွင့်ရှိသူ ပြည်သူအများစုရဲ့ ဆန္ဒမဲနဲ့ ဖြစ်ပေါ်လာတဲ့အစိုးရဖြစ်လို့ အာဆီယံအနေနဲ့ ရွေးကောက်ခံအစိုးရကို တန်းတူရည်တူ အသိအမှတ်ပြုဖို့ ပြည်သူတွေက တောင်းဆိုတိုက်တွန်းနေခြင်းဖြစ်ပါတယ်။

## ပိုမိုရှင်းလင်းပြတ်သားတဲ့ ရပ်တည်ချက်နဲ့ ရှေ့ဆက်ဆောင်ရွက်

လက်ရှိရွေးကောက်ခံအစိုးရအနေနဲ့ လွှတ်တော်ရဲ့ အရေးကြီးအဆိုကို သင့်လျော်တဲ့ဆောင်ရွက်ချက်တွေ လုပ်ဆောင်ပေးဖို့ တာဝန်ရှိတဲ့အတွက် နိုင်ငံခြားရေးဝန်ကြီးက အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအလွတ်သဘောအစည်းအဝေးမှာ အစိုးရရဲ့သဘောထားကို ရှင်းလင်းပြောကြားခဲ့ပြီး ပိုမိုရှင်းလင်းပြတ်သားတဲ့ ရပ်တည်ချက်နဲ့ ရှေ့ဆက်ဆောင်ရွက်မယ့်လုပ်ငန်းစဉ်ကို ဇူလိုင်လ ၂၃ ရက်နေ့က သတင်းထုတ်ပြန်ချက်နဲ့ နိုင်ငံတကာကို အသိပေးခဲ့ခြင်းဖြစ်ပါတယ်။

ဒီသတင်းထုတ်ပြန်ချက်ဟာ လွှတ်တော်ရဲ့အရေးကြီးအဆိုပြုချက်အပေါ် အစိုးရအနေနဲ့ သင့်လျော်သလို အကောင်အထည်ဖော်ခြင်းဖြစ်သလို ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးကို တန်းတူမဆက်ဆံဘဲ တစ်ဖက်သတ်ဖိအားပေးမှုကို မာမာထန်ထန် ရပ်တည်တုံ့ပြန်ထားခြင်းဖြစ်လို့ ပြည်သူတစ်ရပ်လုံးက ထောက်ခံကြိုဆိုနေကြတာကို မြင်တွေ့ကြားသိနေရပါတယ်။

> ❛ ဒီသတင်းထုတ်ပြန်ချက်ဟာ အာဆီယံအဖွဲ့ကို တိုက်ရိုက်ရည်ရွယ်ခဲ့ပြီး ရိုးရှင်းတဲ့သံတမန်ရေးဆိုင်ရာ တုံ့ပြန်မှုတစ်ခုသက်သက်သာမဟုတ်ဘဲ ၂၀၂၆ ခုနှစ် မြန်မာ့နိုင်ငံရေးအခင်းအကျင်းသစ်မှာ ရွေးကောက်ခံအစိုးရသစ်ရဲ့ နိုင်ငံခြားရေးမူဝါဒအရ ကိုယ့်နိုင်ငံရဲ့အချုပ်အခြာအာဏာနဲ့ အမျိုးသားအကျိုးစီးပွား ကာကွယ်စောင့်ရှောက်ဖို့အတွက် ဒေသတွင်းအဖွဲ့အစည်းတစ်ခုကို ခပ်တင်းတင်းတုံ့ပြန်ဆောင်ရွက်ချက်အဖြစ် ပြည်သူတွေက ရှုမြင်သုံးသပ်ကြပါတယ်။ တစ်နည်းအားဖြင့် အာဆီယံထဲက တချို့အဖွဲ့ဝင်နိုင်ငံတွေက အာဆီယံအဖွဲ့ရဲ့ပဋိညာဉ်ကိုချိုးဖောက်ပြီး တစ်ဖက်သတ်ခွဲခြားဆက်ဆံနေတာကို အဖွဲ့ဝင်နိုင်ငံတစ်ခုက လက်မခံနိုင်ကြောင်း ပြတ်သားတဲ့သဘောထားရပ်တည်ချက်နဲ့ တုံ့ပြန်ထားခြင်းဖြစ်တယ်လို့လည်း ဆိုနိုင်ပါတယ် ❜

လက်ရှိရွေးကောက်ခံအစိုးရအနေနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ပါ နိုင်ငံခြားရေးမူဝါဒနဲ့အညီ အိမ်နီးချင်းနိုင်ငံတွေအပါအဝင် မိတ်ဆွေနိုင်ငံတွေနဲ့ သံတမန်ရေးဆိုင်ရာ တိုးမြှင့်ဆောင်ရွက်နေသလို အာဆီယံအဖွဲ့ဝင်နိုင်ငံတွေနဲ့လည်း တစ်နိုင်ငံချင်းအလိုက် မိတ်ဝတ်မပျက် အပြန်အလှန် အကျိုးစီးပွားဖြစ်ထွန်းစေရေး ဆက်လက်ထိန်းသိမ်း ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ အဆိုးဆုံးအခြေအနေကို မြော်တွေးထားပြီး အကောင်းဆုံးဖြစ်စေရေးအတွက် အာဆီယံနဲ့ ပုံမှန်ဆက်ဆံရေးပြန်လည်ရရှိအောင် စိတ်ရှည်သည်းခံစွာ သံတမန်ရေးဆိုင်ရာကြိုးပမ်းမှုတွေကို လုပ်ဆောင်လျက်ရှိတာ မြင်တွေ့နေရပါတယ်။

အာဆီယံဟာ အစိုးရတွေကြားမှာ ပူးပေါင်းဆောင်ရွက်ကြတဲ့ အဖွဲ့အစည်း(Inter- governmental Organization) ပဲဖြစ်ပါတယ်။ ဒါကြောင့် အဖွဲ့ဝင်နိုင်ငံတွေအနေနဲ့ အာဆီယံအသိုက်အဝန်းမှာ တစ်နိုင်ငံနဲ့တစ်နိုင်ငံ ဖိအားပေးလို့မရဘဲ **စာမျက်နှာ ၁၁ သို့** ☆

# ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း၊ ရေ၊ လေ) မိသားစုများ၏ ၂၀၂၆ ခုနှစ် တတိယအကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကျင်းပ

နေပြည်တော် ဇူလိုင် ၂၀

၂၀၂၆ ခုနှစ် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ရေ၊လေ) မိသားစုများ၏တတိယ အကြိမ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲအခမ်း အနားကို နေပြည်တော် ဇေယျာသီရိ မြို့နယ် ရေဆင်းဆည်အနီး၌ ကျင်းပရာ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး တက်ရောက်၍ ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင် စိုက်ပျိုးပေးသည်။

အဆိုပါ အခမ်းအနားသို့ တပ်မတော် ကာကွယ်ရေးဦးစီးချုပ်၏ဇနီး ဒေါ်နီလာ၊ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီး ကျော်စွာလင်းနှင့်ဇနီး ဒေါ်နန်းကူးကူ၊ ပြည်ထောင်စုဝန်ကြီးများ နှင့်ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးထိန်ဝင်းနှင့်ဇနီး၊ ကာကွယ် ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးထွန်းဝင်း နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ နိုင်ငံတော်ကာကွယ်ရေး တက္ကသိုလ်မှ သင်တန်းသားအရာရှိကြီးများ၊ ကာကွယ် ရေးဦးစီးချုပ်ရုံး(ကြည်း၊ရေ၊လေ)ရုံးဌာန အသီးသီးမှ အရာရှိ၊ စစ်သည်များနှင့် မိသားစုဝင်များ တက်ရောက်ကြသည်။

ဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးက အမှာစကား ပြောကြားရာတွင် တပ်မတော်အနေဖြင့် ၂၀၁၁ ခုနှစ်မှစ၍ သက်ဆိုင်ရာတိုင်းစစ် ဌာနချုပ် နယ်မြေဒေသအသီးသီးနှင့် တပ်ရင်းတပ်ဖွဲ့များတွင် အရိပ်ရလေကာ ပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ စက်မှု ကုန်ကြမ်းနှင့် ရတနာတန်းဝင်ပင် စသည် ဖြင့် အပင်ပေါင်းများစွာကို စိုက်ပျိုးခဲ့ပြီး ဖြစ်ကြောင်း၊ ၁၅ နှစ်သက်တမ်းကာလနှင့် တွက်ကြည့်မည်ဆိုပါက အချို့သော ကြီးမြန်သစ်ပင်များသည် အရိပ်ရလေကာ ပင်များအဖြစ် အေးမြမှုနှင့်လုံခြုံမှုအကျိုး ရလဒ်များကို ပေးနိုင်ခဲ့ပြီဖြစ်သကဲ့သို့ စက်မှု ကုန်ကြမ်းပင်များသည်လည်း ကုန်ထုတ်စီးပွားအဆင့် မရောက်ခင် ပြည်သူလူထုအတွက် တစ်ဖက်တစ်လမ်း မှ အထောက်အကူပြုနိုင်ခဲ့ကြသည်ကို တွေ့ရှိကြရမည်ဖြစ်ကြောင်း၊



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး ရတနာတန်းဝင် ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးစဉ်။



ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဗိုလ်ချုပ်ကြီးကျော်စွာလင်း ရတနာတန်းဝင်ကျွန်းပင်ကို စိုက်ပျိုးပေးစဉ်။

တပ်မတော်သား မိသားစုဝင်များ၏ သစ်ပင်စိုက်ပျိုးခဲ့မှု နှစ်ကာလနှင့် ကိန်း ဂဏန်းများသည် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်း ကျင်ထိန်းသိမ်းရေးကို တစ်ဖက်တစ်လမ်း မှ ဝိုင်းဝန်းကြိုးပမ်းထမ်းရွက်နိုင်ခဲ့ကြ သည်ကို မှတ်တမ်းကောင်းတစ်ရပ်အဖြစ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

ယနေ့ ကမ္ဘာ့နိုင်ငံတိုင်းလိုလိုသည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာ များကို အတတ်နိုင်ဆုံးလျှော့ကျနိုင်စေရန် ပူးပေါင်း အဖြေရှာလျက်ရှိကြောင်း၊ သုတေသနမှတ်တမ်းများအရ ၁၉၈၀ ပြည့်နှစ်မတိုင်မီကာလများတွင် တစ်နှစ် ကို အကြိမ် ၆၀ ခန့်သာ သဘာဝဘေး အန္တရာယ်များ ပေါ်ပေါက်ခဲ့သော်လည်း ၂၀၁၅ ခုနှစ် ဝန်းကျင်လောက်မှစပြီး တစ်နှစ်တွင် ပျမ်းမျှအကြိမ် ၂၄၀ ခန့်ထိ တိုးပွားလာခဲ့ကြောင်းကို လေ့လာ တွက်ချက်မှုမှတ်တမ်းများအရ သိရှိ ရကြောင်း၊ ယနေ့မျက်မှောက်ကာလတွင် စက်မှုလုပ်ငန်းများ အပြိုင်အဆိုင် တိုးတက်ထုတ်လုပ်ရာမှ တိုးတက် များပြားလာသည့် စက်ရုံ၊ အလုပ်ရုံကြီး များနှင့် ယာဉ်ယန္တရားများကြောင့် လေထုညစ်ညမ်းမှုနှင့်အတူ သဘာဝ ပတ်ဝန်းကျင်ကိုပါ ထိခိုက်ပျက်စီးစေခဲ့ ကြောင်း။

တစ်ကမ္ဘာလုံး အတိုင်းအတာအနေ ဖြင့် ကာဗွန်ဒိုင်အောက်ဆိုက် ထုတ်လွှတ် မှုကို လျှော့ချကြရန် ဝိုင်းဝန်းကြိုးစားနေ ကြသည်ကိုလည်းတွေ့ရှိရကြောင်း၊ စက်ရုံ များတည်ထောင်မှုနှင့် နည်းပညာအသစ် များဖန်တီးမှုတို့သည် ရပ်တန့်၍မရဘဲ လူသားများအတွက် စဉ်ဆက်မပြတ် လိုအပ်နေမည်ဖြစ်သောကြောင့် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံး ဖြစ်အောင်သာ ကြိုးစားတီထွင်ကြံဆရ မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာ တွင် အလွယ်ကူဆုံးဖြေရှင်းနည်းသည် သစ်ပင်သစ်တောဖုံးလွှမ်းမှု အားကောင်း စေရေးဖြစ်၍ သစ်ပင်စိုက်ပျိုးခြင်းကို စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းကို အသိပေးပြောကြား လိုကြောင်း။

သစ်ပင်များ စိုက်ပျိုးခြင်းသည် သဘာဝပတ်ဝန်းကျင်ကို အထောက်အကူ ပြုသည်ဟု မှတ်ယူပြီး လက်တွေ့စိုက်ကြ သည့်အခါတွင် လူနေအဆောက်အအုံများ၊ ရုံး၌ာနအနီးအနားများနှင့် လျှပ်စစ်မီးလိုင်း များရှိသည့်နေရာများကို ရေရှည်အတွက် တွေးတောဆင်ခြင် သတိပြုစိုက်ပျိုးကြရန် လည်း လိုအပ်ကြောင်း၊ ပတ်ဝန်းကျင် အနေအထားနှင့် အပင်အမျိုးအစားတို့ အပေါ်မူတည်ပြီး အရပ်ဒေသနှင့် ကိုက်ညီ သည့်အပင်များကို ရွေးချယ်စိုက်ပျိုးမှသာ အကျိုးရလဒ်ကောင်းများ ဖြစ်ထွန်းစေ မည်ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ပြီးလျှင် ပြီးပြီဟုမမှတ်ယူဘဲ သူ့အချိန်နှင့်သူ ပေါင်းသင်ခြင်း၊ မြေဩဇာကျွေးခြင်းနှင့် ပိုးမွှားများ ကင်းဝေးအောင် ဂရုစိုက်ကြရန် လည်းလိုအပ်ကြောင်း၊ ကိန်းဂဏန်း အချက်အလက်များထက် တစ်ပင်စိုက် လျှင် တစ်ပင်ရှင်ရမည်ဆိုသည့် အသိမျိုး မွေးမြူကြရမည်ဖြစ်ကြောင်း၊ သို့မှသာ မိမိတို့ သစ်ပင်စိုက်ပျိုးရသည့် ရည်ရွယ် ချက်ကို အောင်မြင်အထမြောက်စေမည် ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ရေခံမြေခံအင်မတန် ကောင်းသည့် ပထဝီမြေမျက်နှာသွင်ပြင် အနေအထားကို ပိုင်ဆိုင်ထားသည့် နိုင်ငံ တစ်ခုဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ရာသီ ဥတု၊ မြေအမျိုးအစားတို့နှင့် သဟဇာတ ကျသည့်ကျွန်းသစ်သည် သဘာဝက ပေး သော အဖိုးတန်လက်ဆောင်မွန်တစ်ပါး ဟုဆိုနိုင်ကြောင်း၊ အခြားသောသစ်မာပင် များသည်လည်း သူ့နေရာနှင့်သူ တန်ဖိုး အလိုက် အိမ်ထောင်ပရိဘောဂ၊ လက်မှု ပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံး စသည်ဖြင့် အသုံးဝင်သည့်အပင်များပင် ဖြစ်ကြောင်း၊ အချို့အပင်များသည် နဂို သဘာဝနှင့် လိုက်လျောညီထွေစွာ လူတို့ ပြုပြင်ထိန်းသိမ်းမှု အနည်းဆုံးနှင့် ရှင်သန်ကြီးထွားတတ်ကြကြောင်း၊ ထိုသို့ အလွယ်တကူပေါက်ရောက်၍ ပေါများ သည်ဟုဆိုကာ စည်းကမ်းမဲ့ ခုတ်ယူသုံးစွဲ ခြင်းများ မပြုလုပ်ကြရန်လိုကြောင်း။

စာမျက်နှာ ၁၂ သို့ ✧

☆ စာမျက်နှာ ၁၀ မှ

တန်းတူရည်တူ ပူးပေါင်းဆောင်ရွက်ဖို့ပဲလိုပါတယ်။ အာဆီယံကို စတင်ဖွဲ့စည်းကတည်းက နိုင်ငံရေးနဲ့ ဥပဒေဆိုင်ရာ အုပ်ချုပ်မှု အဖွဲ့အစည်းအဖြစ် ဖွဲ့စည်းခဲ့တာမဟုတ်ပါဘူး။ လူမှုရေးနဲ့ စီးပွားရေး ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု အဖွဲ့အစည်းသာဖြစ်ပါတယ်။ ဒါကြောင့် အာဆီယံအနေနဲ့ ဒေသဆိုင်ရာ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ကို အာရုံမစိုက်ဘဲ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံရဲ့ နိုင်ငံရေးနဲ့ဆက်နွှယ်နေတဲ့ ပြည်တွင်းအရေးကိစ္စကိုပဲ ဖိအားပေးနေတာဟာ အဖွဲ့အစည်းရဲ့ မူလ ရည်ရွယ်ချက်နဲ့ တန်ဖိုးတွေကို ထိခိုက်စေပါတယ်။

## တူညီဆန္ဒကို လိုရာဆွဲအသုံးချ

အမှန်စင်စစ် အာဆီယံထုတ်ပြန်ချက် (၅) ရပ်နဲ့ပတ်သက်ပြီး မြန်မာနိုင်ငံရဲ့ရပ်တည်ချက်ဟာ အာဆီယံအသိုက်အဝန်း ခိုင်မာ အားကောင်းစေရေးအတွက် အာဆီယံစိတ်ဓာတ် (ASEAN Spirit)၊ အာဆီယံနည်းလမ်း (The ASEAN Way)၊ အာဆီယံပဋိညာဉ် (ASEAN Charter) ရဲ့တန်ဖိုးကို မထိခိုက်စေဖို့ ထိန်းသိမ်းစောင့်ရှောက်နေခြင်း ဖြစ်ပါတယ်။ အဲဒီလိုပဋိညာဉ်ကို ထိန်းသိမ်းကာကွယ်နေတဲ့ မြန်မာ နိုင်ငံရဲ့ရပ်တည်ချက်ကို အာဆီယံနိုင်ငံအများစုကလည်း နားလည်မှု ရှိရှိ ထောက်ခံရပ်တည်လျက်ရှိနေကြပါတယ်။ တချို့သော အာဆီယံ နိုင်ငံတွေကသာ သူတို့ကိုယ်ကျိုးစီးပွားအတွက် တူညီဆန္ဒ (Consensus) ကို လိုရာဆွဲအသုံးချပြီး အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေကြခြင်းဖြစ်ပါ တယ်။

**“မြန်မာနိုင်ငံအနေနဲ့ အာဆီယံပဋိညာဉ်ကို လေးစားလိုက်နာ ဆောင်ရွက်လျက်ရှိသလို တာဝန်သိ အာဆီယံ အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံအနေနဲ့ အခြားအာဆီယံနိုင်ငံတိုင်းရဲ့ အချုပ်အခြာအာဏာကို လေးစားအသိအမှတ်ပြု လျက်ရှိပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံတွေရဲ့ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်ရေးမူကြီး (၅) ရပ်ကို ကိုယ်ပိုင်ဟန်၊ ကိုယ်ပိုင်နည်းလမ်းနဲ့ ခိုင်မာစွာရပ်တည်လျက်ရှိပါတယ်။ အလားတူ ကိုယ့်နိုင်ငံရဲ့အချုပ်အခြာအာဏာကိုထိပါးလာမယ့် ဖိအားပေးမှုတွေကိုလည်း လက်ခံမှာမဟုတ်သလို ဘယ်နိုင်ငံ၊ ဘယ်အဖွဲ့အစည်းကမှ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်ပြီး သူတို့ပုံဖော်ချင်တဲ့လမ်းကြောင်းကို လိုက်ပါ လုပ်ဆောင်မှာမဟုတ်ကြောင်း ရှင်းရှင်းလင်းလင်းသိစေအပ်ပါတယ်။ ဒီအချက်ဟာ အမျိုးသားရေး ဂုဏ်သိက္ခာအတွက် မြန်မာပြည်သူတွေအားလုံးရဲ့ ရပ်တည်ချက်သဘောထားအမြင်ပဲဖြစ်ပါတယ်”**

မြန်မာနိုင်ငံသားတစ်ဦးအနေနဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံ တစ်နိုင်ငံရဲ့ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နေခြင်းအပေါ် လက်ခံစရာအကြောင်းမရှိသလို ကိုယ့်နိုင်ငံပါဝင်ထားတဲ့ အဖွဲ့အစည်း တစ်ခုက ပဋိညာဉ်နဲ့ မူဘောင်ချိုးဖျက်နေတာကို လက်မခံကြောင်းနဲ့ အာဆီယံနဲ့ ပုံမှန်ဆက်ဆံရေး ပြန်လည်ရရှိအောင် နိုင်ငံတော်အစိုးရ အနေနဲ့ အဖြစ်နိုင်ဆုံး ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမယ့် လုပ်ငန်းစဉ်တွေကို ထောက်ခံလျက်ရှိပါကြောင်း ပြည်သူတွေရဲ့ သဘောထားအမြင်ကို ရေးသားတင်ပြလိုက်ပါတယ်။ ။

✧ စာမျက်နှာ ၁၁ မှ

မိမိတို့နိုင်ငံတွင် သဘာဝက ပေးထားသည့် သစ်တောသယံဇာတပေါကြွယ်ဝမှု၏ တန်ဖိုးကိုသိရှိပြီး ကိုယ်စီကာကွယ်စောင့်ရှောက်သွားကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် မိမိတို့တိုင်းပြည်၏ ပထဝီအရ အရေးပါမှုကိုပါ ပေါင်းစပ်သိရှိနားလည်ပြီး မြေပေါ်သယံဇာတဖြစ်သည့် သစ်တောများကို ထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် သစ်ပင်များ စိုက်ပျိုးခြင်းဖြင့် ကိုယ်စီဆောင်ရွက်နိုင်သည့် ပြည့်ဖြိုးစွမ်းအင်တစ်ရပ်ကို စဉ်ဆက်မပြတ်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များအနေဖြင့် ၂၀၁၁ ခုနှစ်မှ ၂၀၂၆ ခုနှစ် ဒုတိယအကြိမ်သစ်ပင်စိုက်ပွဲအထိ စုစုပေါင်း ၄၆ ကြိမ်ကျင်းပခဲ့ပြီး ယနေ့တွင်လည်း ကျွန်းပင် ၉၀၀၊ ပျဉ်းကတိုးပင် ၃၀၀၊ မဟော်ဂနီပင် ၆၀၀၊ ပိတောက် ပင် ၆၀၀ စုစုပေါင်းအပင် ၂၄၀၀ တို့ကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ စိမ်းလန်းသည့် သစ်ပင်သစ်တောများသည် လူသားတို့၏အမြင်အာရုံကို လန်းဆန်းစေပြီး စိတ်နှလုံးချမ်းမြေ့ဖွယ်ရာများကိုပါ ဖန်တီးပေးလျက်ရှိကြောင်း၊ သစ်ပင်သစ်တောများကြောင့် ကျန်းမာရေးမှသည် လူမှုစီးပွားဘဝများအထိ ကောင်းကျိုးအဖြာဖြာ ရရှိနေသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကာကွယ်ခြင်း၊ သစ်ပင်သစ်တောများ စိုက်ပျိုးခြင်းနှင့် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုသည့် အမူအကျင့်ကောင်းများကို ကိုယ်စီကိုယ်စီကတစ်ဆင့် မိမိတို့၏အနာဂတ် မျိုးဆက်သစ်များပါ သိရှိနားလည်အောင် မျှဝေသွားကြရန်၊ "တစ်သက်လုံးပျော်ချင် သစ်ပင်စိုက်" ဆိုသည့်စကားနှင့်အညီ သစ်ပင်စိုက်ပျိုးခြင်းသည် လူ့သမိုင်းတာဝန်လည်းဖြစ်၊ အမျိုးသားရေးတာဝန်လည်း ဖြစ်သောကြောင့် အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းပါဝင်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ရတနာတန်းဝင်ကျွန်းပင်ကို ဦးဆောင်စိုက်ပျိုးပေးကြသည်။ ယင်းနောက် အခမ်းအနားတက်ရောက်လာကြသူများက သတ်မှတ်နေရာအသီးသီးတွင် သစ်ပင်များကို စိုက်ပျိုးကြရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး၊ အဖွဲ့ဝင်များသည် အရာရှိ စစ်သည် မိသားစုများ၏ စုပေါင်းသစ်ပင်စိုက်ပျိုးနေမှုအား လှည့်လည်ကြည့်ရှုအားပေးကြသည်။

အလားတူ တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီး၌လည်း တတိယအကြိမ်မိုးရာသီသစ်ပင်စိုက်ပွဲများ ကျင်းပ၍ ရတနာတန်းဝင်ပင်၊ စက်မှုကုန်ကြမ်းသီးနှံပင်၊ နှစ်ရှည်စားသုံးသီးနှံပင်၊ အရိပ်ရလေကာပင်များကို စုပေါင်းစိုက်ပျိုးကြရာတွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ အပင် ၅၅၃၀၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၅၇၉၅ ပင်၊ အရှေ့မြောက် တိုင်းစစ်ဌာနချုပ်၌ ၁၄၀၂ ပင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၅၂၈၂ ပင်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၈၂၉၆ ပင်၊ တြိဂံဒေသ တိုင်းစစ်ဌာနချုပ်၌ ၁၁၉၀၇ ပင်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၈၂၆၅ ပင်၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်၌ ၇၄၀၅ ပင်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၅၆၀၈၃ ပင်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ ၄၇၈၇ ပင်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ အပင် ၅၂၂၀၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ အပင် ၇၈၇၀၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၄၈၂၃၇ ပင်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၁၄၀၂၄ ပင်တို့ကို တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက စုပေါင်းစိုက်ပျိုးခဲ့ကြပြီး တပ်မတော်တစ်ရပ်လုံးအနေဖြင့် ယနေ့တွင် စုစုပေါင်းသစ်ပင် ၂၁၂၅၀၃ ပင်ကို စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



## မြောက်ဥက္ကလာပမြို့နယ် သုနန္ဒာရောင်းဝယ်ရေး သမဝါယမအသင်း အစည်းအဝေးပြုလုပ်

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ သုနန္ဒာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ဇူလိုင် ၂၇ ရက်က (ဆ)ရပ်ကွက် ဓမ္မသာလာဓမ္မာရုံ၌ ပြုလုပ်သည်။

သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးချစ်ကိုကိုဦးက အမှုဆောင်ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနက ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းတာဝန်ခံ ဒေါ်မြင့်မြင့်မော်က ဖတ်ကြားတင်ပြခဲ့ပြီး အသင်းသားများ၏အတည်ပြုချက်များရယူသည်။ အဆိုပါ အစည်းအဝေးသို့ အသင်းသား ၅၉ ဦး တက်ရောက်ခဲ့ပြီး အစုပေါ်အမြတ်နှင့် အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

## ကျောက်တန်းမြို့နယ် အလယ်ပိုင်းရပ်ကွက်၌ ပြည်သူ့စကားဝိုင်းကျင်းပ

ကျောက်တန်း ဇူလိုင် ၃၀

ရန်ကုန် တိုင်းဒေသကြီး ကျောက်တန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက် ပြည်သူများနှင့်ပူးပေါင်း၍ ကျင်းပသော ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျောက်တန်းမြို့နယ် အလယ်ပိုင်းရပ်ကွက် မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ရုံးခန်းမ၌ ကျင်းပသည်။



ဦးစွာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးမင်းမိုးနှင့် ဦးမျိုးမြင့်တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသန့်ဇင်ထွန်းက ပြည်သူ့စကားဝိုင်း ( Public Talk) ဆောင်ရွက်ရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမြင့်ဦးက မြို့တွင်းသန့်ရှင်းသာယာလှပရေး၊ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းဝင်းလတ်က ကျေးလက်ဒေသဖွံ့ဖြိုးရေး ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသည့် ပြည်သူများက သိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း**

## ချင်းတွင်းမြို့တော် ငွေစုငွေချေး သမဝါယမအသင်း နှစ်ပတ်လည်စည်းဝေး

မုံရွာ ဇူလိုင် ၃၀

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဒေါနခြံရပ်ကွက် ချင်းတွင်းမြို့တော် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် အမှုဆောင်အဖွဲ့သစ်ပြန်လည်ရွေးချယ်ပွဲအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီက အဆိုပါအသင်း ရုံးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ စစ်ကိုင်းတိုင်းဒေသကြီး သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်စံစံလင်း တက်ရောက်ပြီး အသင်းလုပ်ငန်းဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်များ မှာကြားသည်။



ထို့နောက် မုံရွာမြို့နယ် သမဝါယမဦးစီးဌာနမှ ဦးစီးအရာရှိ ဦးခင်မောင်လွင်က သမဝါယမအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း အသင်း၏ အမှုဆောင်ငါးဦးနှင့် အသင်းစာရင်းစစ် နှစ်ဦးတို့ကို တက်ရောက်လာသော အသင်းသားအစုအဖွဲ့ကိုယ်စားလှယ်များ၏ အဆိုပြုထောက်ခံချက်များအတိုင်း ညှိနှိုင်းအတည်ပြုရွေးချယ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **မောင်အေးချမ်း**



## လှိုင်မြို့နယ်၌ KG ကျောင်းသား ကျောင်းသူများအား အာဟာရကျွေးမွေး

ရန်ကုန် ဇူလိုင် ၃၀

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်တွင် ကျောင်းကျန်းမာရေးအာဟာရကျွေးမွေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၂)အခြေခံပညာမူလတန်းကျောင်း၌ ပြုလုပ်သည်။

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒေါက်တာ ဝေဆင့်ကျော်နှင့် ဝန်ထမ်းများက KG တန်းမှ ကျောင်းသား ကျောင်းသူများအား ထမင်း၊ ကြက်သားဟင်း၊ ငှက်ပျောသီး၊ ဗီတာမင်နှင့် သတ္တုဓာတ်ပါဝင်သည့် ဖြည့်စွက်အာဟာရများ ကျွေးမွေးခဲ့ကြောင်း သိရသည်။

**ဇော်ဇော်နိုင်(ပြန်/ဆက်)**

## ဖျာပုံမြို့၌ ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေပေး

ဖျာပုံ ဇူလိုင် ၃၀

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့နယ်တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေပေးခြင်းကို ယနေ့နံနက်ပိုင်းက ဖျာပုံမြို့ ဒုတိယလမ်း လူစည်ကားရာနေရာ၌ ပြုလုပ်သည်။

ဦးစွာ ဖျာပုံမြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သူလင်း၊ အမှတ်(၈၀) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (ဖျာပုံ)မှ ရဲအုပ် စိုးမိုးသူတို့က ဆိုင်ကယ်မောင်းနှင်သူများအား ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ရှင်းလင်းပြောကြားပြီး ဆိုင်ကယ်စီးဦးထုပ်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**




## အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် မြန်မာအသင်း တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် တစ်အုပ်စုတည်း ကျရောက်

ရန်ကုန် ဇူလိုင် ၃၀

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် အကြိမ်(၂၀) မြောက်အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုမဲခွဲပွဲကို ဇူလိုင် ၂၃ ရက်က ဂျပန်နိုင်ငံ၌ကျင်းပရာ မြန်မာအသင်းသည် တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်တို့နှင့် တစ်အုပ်စုတည်း ကျရောက်ခဲ့သည်။

အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အိမ်ရှင်ဂျပန်အသင်းအပါအဝင် အသင်းစုစုပေါင်း ၁၂ သင်း ယှဉ်ပြိုင်မည်ဖြစ်ပြီး လေးသင်း သုံးအုပ်စုခွဲ ပြုလုပ်မည်ဖြစ်သည်။ အမျိုးသမီးဘောလုံးပြိုင်ပွဲကို စက်တင်ဘာ ၁၄ ရက်မှ အောက်တိုဘာ ၂ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ဂျပန်နိုင်ငံရှိ ကွင်းငါးကွင်း၌ ပြုလုပ်မည်ဖြစ်သည်။ အုပ်စုခွဲဝေထားမှုအရ အုပ်စု(A)တွင် အိမ်ရှင်ဂျပန်၊ တရုတ်(တိုင်ပေ)၊ ဗီယက်နမ်၊ ထိုင်း၊ အုပ်စု(B)တွင် တောင်ကိုရီးယား၊ မြောက်ကိုရီးယား၊ ဘင်္ဂလားဒေ့ရှ်၊ မြန်မာ၊ အုပ်စု(C)တွင် တရုတ်၊ ဖိလစ်ပိုင်၊ ဥဇဘက်ကစ္စတန်၊ ဟောင်ကောင်အသင်းတို့ ပါဝင်နေသည်။ ပြိုင်ပွဲကျင်းပမည့်ပုံစံအရ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံးနှစ်သင်းစီနှင့် တတိယနေရာရအသင်းများအနက် အကောင်းဆုံးနှစ်သင်း စုစုပေါင်း ရှစ်သင်းကွာတားဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။

**ကိုညီလေး**



## သုတေသနနှင့် ဆန်းသစ်တီထွင်မှုဖိုရမ်တွင် သုတေသနစာတမ်း စုစုပေါင်း ၆၃ စောင် ဖတ်ကြားတင်ပြသွားမည်

**နေပြည်တော် ဇူလိုင် ၃၀**

ပညာရေးဝန်ကြီးဌာန ရက် (၁၀၀) စီမံကိန်း၏ သုတေသနနှင့် ဆန်းသစ်တီထွင်မှု ဖိုရမ်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ၌ စတင်ဖွင့်လှစ်ပြီး ဖိုရမ်တွင် သုတေသနစာတမ်း စုစုပေါင်း ၆၃ စောင်ကို ဖတ်ကြားတင်ပြသွားမည်ဖြစ်သည်။

ဖွင့်ပွဲတွင် အကျိုးပြုသုတေသနများသည် Pilot အနေဖြင့် ရှေးဦးအစပြု ဆောင်ရွက်ခြင်းဖြစ်သောကြောင့် ဆက်လက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တက္ကသိုလ်များ၏ သုတေသနလုပ်ငန်းများသည် စာတမ်းထုတ်ဝေခြင်း၊ ပုံနှိပ်ခြင်းအတွက်သာမဟုတ်ဘဲ နိုင်ငံတော်၏ မူဝါဒချမှတ်ရေး၊ ဒေသဖွံ့ဖြိုးရေး၊ စက်မှုစီးပွားဖွံ့ဖြိုးရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် လက်တွေ့အကျိုးပြုနိုင်အောင် ချိတ်ဆက်ဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြည်ထောင်စုဝန်ကြီး ဒေါက်တာချောချောစိန်က တိုက်တွန်းပြောကြားခဲ့ပြီး Poster Presentation များနှင့် Table Show များပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တက္ကသိုလ် စိန်ရတုခန်းမ မုခ်ဦးဖွင့်ပွဲသို့ တက်ရောက်ပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်တို့နှင့်အတူ စိန်ရတုခန်းမမုခ်ဦးကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကာ ကမ္ပည်းစာတမ်းများကို အမွှေးနံ့သာဖြင့် ပက်ဖျန်းပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကယားပြည်နယ် လွိုင်လင်လေးတိုက်နယ်ကျန်းမာရေးဌာန ပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိ

**လွိုင်ကော် ဇူလိုင် ၃၀**

ကယားပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်လျက်ရှိရာ လွိုင်လင်လေးတိုက်နယ်ကျန်းမာရေးဌာန အမြန်ပြန်လည်ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်လျက်ရှိသည်။


အဆိုပါ တိုက်နယ်ကျန်းမာရေးဌာန ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ယနေ့နံနက်ပိုင်းတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်သည် ပြည်နယ်ဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ဒေသနေပြည်သူများအား ပူးပေါင်းဆောင်ရွက်ပေးရန် မှာကြားသည်။

ထို့ပြင် လွိုင်လင်လေးမြို့ အောင်တေဇရပ်ကွက်၌ မြေသားလမ်းမှ ကျောက်ချောလမ်းခင်းခြင်း၊ ကွန်ကရစ်ရေပြွန်တည်ဆောက်ခြင်းနှင့် လွိုင်ကော်မြို့ နွားလပိုးကျေးရွာအုပ်စု သပြေကုန်းနှင့် လွယ်ထွဲကျေးရွာချင်းဆက်လမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ နွားလပိုးကျေးရွာအုပ်စု၌ မြေပဲစိုက်ခင်းအတွင်း ကျောက်မှုန့်နှင့် သဘာဝမြေသြဇာရောစပ်ပက်ဖျန်းနေမှု၊ မိုးစပါးကွင်း၌ ယူရီးယားဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာရောစပ်ပက်ဖျန်းခြင်းသရုပ်ပြမှုနှင့် နွားလပိုးရေလှောင်ကန်ရေထိန်းတံခါးအဆောက်အအုံ ပြုပြင်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး စနစ်တကျရေသိုလှောင်ထိန်းသိမ်း၍ စိုက်ပျိုးရေပေးဝေနိုင်ရေးဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**





## မော်လမြိုင်မြို့နယ် ကော့ခနိကျေးရွာရှိ ဒေသခံပြည်သူများအား ကျေးရွာမြေငှားဂရန်ပေးအပ်

**မော်လမြိုင် ဇူလိုင် ၃၀**

၂၀၁၆ – ၂၀၁၇ ဘဏ္ဍာနှစ် မော်လမြိုင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက မော်လမြိုင်မြို့နယ် ကော့ခနိကျေးရွာရှိ ဒေသခံပြည်သူ ၁၈ ဦးအား ယနေ့နံနက်ပိုင်းတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက ကျေးရွာမြေငှားဂရန်များ ပေးအပ်သည်။

မြေငှားဂရန်ပေးအပ်ပွဲတွင် ပြည်သူများ၏အဓိကလိုအပ်ချက်တစ်ခုဖြစ်သည့် မိမိတို့နေထိုင်သည့် နေအိမ်ခြံဝင်းများကို ခိုင်မာသော တရားဝင်အထောက်အထား၊ မြေငှားဂရန်များ ရရှိစေခြင်းဖြင့် ကျေးရွာနေပြည်သူများ၏ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှု၊ ရုပ်ပိုင်းဆိုင်ရာ လုံခြုံမှုများ ပိုမိုရရှိခံစားနိုင်မည်ဖြစ်ကြောင်း၊ ကျေးရွာမြေငှားဂရန်များအား ကျေးရွာနေပြည်သူများအနေဖြင့် စနစ်တကျထိန်းသိမ်းဆောင်ရွက်ကြရန်၊ အလေးထားတန်ဖိုးထားကြစေလိုကြောင်း ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

**စည်သူ(ပြန်/ဆက်)**

## ဖလမ်းမြို့၌ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် ဖလမ်းမြို့ပေါ်ရပ်ကွက် ရှစ်ရပ်ကွက်မှ ဒေသခံပြည်သူများအား ဆန် ၄၃၃ အိတ်နှင့် စားသုံးဆီ ၉၇၈ ပိဿာ ပေးအပ်

**နေပြည်တော် ဇူလိုင် ၃၀**

ဖလမ်းမြို့တွင် တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများနှင့် ဖလမ်းမြို့ပေါ်ရပ်ကွက်များ ဖြစ်သည့် ဖာရံထောက်၊ ကျင်မွာလ်၊ တလန်လို၊ ဗလိုင်၊ လိုင်ဇိုး၊ လိုင်လွန်၊ လုံပီးနှင့် ဇာလိုင် စသည့်ရပ်ကွက် ရှစ်ရပ်ကွက်မှ ဒေသခံပြည်သူများအား အမျိုးသား သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့သည့် ဆန် ၄၃၃အိတ်နှင့် စားသုံးဆီ ၉၇၈ ပိဿာကို ယနေ့ နံနက်ပိုင်းတွင် ဖလမ်းမြို့ မြို့တော်ခန်းမ၌ ပေးအပ်သည်။




အဆိုပါ အခမ်းအနားသို့ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦး တက်ရောက်၍ ထောက်ပံ့ပစ္စည်းများကို ဒေသခံပြည်သူများအား ပေးအပ်ပြီး ဖလမ်းမြို့ ယာယီပြည်သူ့ဆေးရုံ ပြင်ပလူနာဌာနသို့ လာရောက်ပြသသည့် လူနာများအား ဆေးဝါးကုသစောင့်ရှောက်ပေးနေမှုများနှင့် ဖလမ်းမြို့ ဗလိုင်ရပ်ကွက် စည်ပင်သာယာဈေး၌ သား၊ ငါး၊ သီးနှံနှင့် ဟင်းသီးဟင်းရွက်များ ရောင်းချနေမှုတို့ကို လှည့်လည်ကြည့်ရှုပြီး ဈေးဝယ်သူ ပြည်သူများအား ဆန်များ အခမဲ့ ဖြန့်ဝေပေးအပ်သည်။

ဖလမ်းမြို့ ယာယီပြည်သူ့ဆေးရုံသည် ဖာရံထောက်ရပ်ကွက် မြို့နယ်ခန်းမ၌ မေ ၁၁ ရက်မှစ၍ ဆရာဝန် နှစ်ဦး၊ ကျန်းမာရေးဝန်ထမ်း ၈၂ ဦးတို့ဖြင့် ယာယီဆေးရုံ ဖွင့်လှစ်လျက်ရှိပြီး ယနေ့အထိ ကုသပေးပြီး လူနာပေါင်း ၁၇၅၀ ရှိကြောင်း သိရသည်။

**သတင်းစဉ်**

**■ ထိုင်းခရီးစဉ်မှ**

ရန်ကုန်စီးတီးအသင်း ပွဲထွက်လူစာရင်းတွင် နိုင်ငံခြားသားကစားသမား လေးဦးနှင့်အတူ ရန်နိုင်ဦး၊ အောင်ကောင်းမာန်၊ ဖွဲ့ထက်မင်း၊ ဘုန်းသစ္စာမင်း (ဂိုး) တို့ ပါဝင်ကစားခဲ့ပြီး ဒုတိယပိုင်းတွင် ကစားသမားများ ပြောင်းလဲကစားခဲ့သည်။ ရရောင်းအသင်းသည် ပြည်ပကစားသမားများအပါအဝင် အမာခံကစားသမားအများစု အသုံးပြုခဲ့ပြီး ပထမပိုင်းတွင် တစ်ဂိုး၊ ဒုတိယပိုင်းတွင် နှစ်ဂိုး သွင်းယူခဲ့ခြင်းဖြစ်သည်။

ရန်ကုန်စီးတီးအသင်းသည် ထိုင်းခရီးစဉ်တွင် ခြေစမ်းပွဲ ကိုးပွဲကစားမည်ဖြစ်ပြီး သုံးပွဲကစားထားရာတွင် နှစ်ပွဲနိုင်၊ တစ်ပွဲ ရှုံးနိမ့်ထားသည်။ လက်ကျန်ခြေစမ်းပွဲများအဖြစ် ဇူလိုင် ၃၁ ရက်တွင် ထိုင်းလိဂ်-၃ ကလပ် ဘူရာဖာအသင်း၊ ဩဂုတ် ၂ ရက်တွင် ထိုင်းလိဂ်-၃ ကလပ် ဟွာဟင်းအသင်း၊ ဩဂုတ် ၆ ရက်တွင် ဟောင်ကောင်ထိပ်သီးကလပ် ကစ်ချီအသင်း၊ ဩဂုတ် ၉ ရက်တွင် ထိုင်းလိဂ်-၁ ကလပ် ဗန်ကောက်ယူနိုက်တက်အသင်း၊ ဩဂုတ် ၁၂ ရက်တွင် ထိုင်းလိဂ်-၃ ကလပ် မြောင်နေ့သ်အသင်း၊ ဩဂုတ် ၁၅ ရက်တွင် ထိုင်းလိဂ်-၂ ကလပ် မြောင်တောင်ယူနိုက်တက်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**သတင်း-မောင်ညီ**
**ဓာတ်ပုံ-YCFC**

# ခရီးသွားလုပ်ငန်းတွင် အင်္ဂလိပ်ဘာသာစကားအပြင် အခြားဘာသာစကားတစ်ခုခု တတ်မြောက်ထားခြင်းသည် စီးပွားရေးအခွင့်အလမ်းများ၊ နှစ်နိုင်ငံမိတ်ဖွဲ့ အဖွဲ့အစည်းများနှင့် သံတမန်ဖလှယ်မှုများကို ပေါင်းကူးပေးသည့် ဗျူဟာမြောက် စွမ်းဆောင်မှုတစ်ခုဖြစ်

နေပြည်တော် ဇူလိုင် ၃၀

ယနေ့ခေတ် ခရီးသွားလုပ်ငန်းတွင် အင်္ဂလိပ်ဘာသာစကားအပြင် အခြားဘာသာစကားတစ်ခုခု တတ်မြောက်ထားခြင်းသည် စီးပွားရေးအခွင့်အလမ်းများ၊ နှစ်နိုင်ငံမိတ်ဖွဲ့ အဖွဲ့အစည်းများနှင့် သံတမန်ဖလှယ်မှုများကို ပေါင်းကူးပေးသည့် ဗျူဟာမြောက် စွမ်းဆောင်မှုတစ်ခုဖြစ်ကြောင်း ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ယနေ့နံနက်ပိုင်းတွင် Aureum Palace Hotel ၌ ကျင်းပသည့် ရုရှားဘာသာစကား(အခြေခံ)သင်တန်း အမှတ်စဉ်(၄)ဖွင့်ပွဲတွင် ပြောကြားသည်။





ထို့ပြင် သင်တန်းသား သင်တန်းသူများအနေဖြင့် မိမိတတ်မြောက်သည့် ဘာသာစကားဖြင့် မိမိနိုင်ငံ၏ သမိုင်းကြောင်းနှင့် ယဉ်ကျေးမှုပုံရိပ်များကို မြှင့်တင်ကာ ဟိုတယ်နှင့် ခရီးသွားနယ်ပယ်တွင် ဘာသာစကားကျွမ်းကျင်သည့် ဝန်ထမ်းများအဖြစ် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်စေရေးကို ကျရာအခန်းကဏ္ဍမှ ဝိုင်းဝန်းပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ပြည်ထောင်စုဝန်ကြီးက တိုက်တွန်းပြောကြားသည်။

အခမ်းအနားတွင် မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ ဦးအောင်သော်က သင်တန်းဆိုင်ရာများကို ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက သင်တန်းနည်းပြများအား အမှတ်တရလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ ရုရှားဘာသာစကား(အခြေခံ)သင်တန်းကို မြန်မာနိုင်ငံ၏ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းကဏ္ဍတွင် လူ့စွမ်းအားအရင်းအမြစ် ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်၊ မြန်မာ-ရုရှား နှစ်နိုင်ငံ အပြန်အလှန်ယဉ်ကျေးမှုဖလှယ်ရေးဆိုင်ရာကဏ္ဍကို မြှင့်တင်နိုင်ရန်နှင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ကြသည့် ရုရှားနိုင်ငံသား ခရီးသွားဧည့်သည်များကို ပြည့်စုံကောင်းမွန်သည့် ဝန်ဆောင်မှုများပေးနိုင်စေရန် ရည်ရွယ်၍ ရက်သတ္တပတ် လေးပတ်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသို့ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဟိုတယ်များမှ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၄ ဦး တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲသို့ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအေးထွန်းနှင့် ဦးဖြိုးဇော်စိုး၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ အမြဲတမ်းအတွင်းဝန်၊ ဌာနဆိုင်ရာများ၊ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်းမှ သင်တန်းနည်းပြများ၊ နေပြည်တော် ဟိုတယ်ဆိုင်ရာလုပ်ငန်းရှင်များအသင်းနှင့် ခရီးသွားလုပ်ငန်းရှင်များအသင်းတို့မှ တာဝန်ရှိသူများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြကြောင်းသိရသည်။

**သတင်းစဉ်**

## မိုင်းနားကျေးရွာအုပ်စု လဝမ်ကထောင်ကျေးရွာနေ ပြည်သူများအတွက် ကျေးရွာမြေငှားဂရန်များထုတ်ပေး

မြစ်ကြီးနား ဇူလိုင် ၃၀

ကချင်ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ပြည်နယ်အတွင်းရှိ မြို့နယ် ခုနစ်မြို့နယ်မှ ကျေးရွာ ခုနစ်ရွာတွင် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် ပြည်သူများ လက်ဝယ်အရောက် ကျေးရွာမြေငှားဂရန်များ ထုတ်ပေးလျက်ရှိရာ ယနေ့တွင် မိုင်းနားကျေးရွာအုပ်စု လဝမ်ကထောင်ကျေးရွာ ဒူဝါလဝမ်လီ အောက်မေ့ဖွယ်ခန်းမဆောင်၌ ကျေးရွာနေပြည်သူများအတွက် မြေငှားဂရန်များကို ကချင်ပြည်နယ် ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ထုတ်ပေးသည်။



ထို့ပြင် ပြည်နယ်အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော် ခန်းမ၌ ကျင်းပသည့် ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ကွပ်ကဲမှုအောက်ရှိ ခရိုင်/မြို့နယ်ရုံးတို့မှ ယာယီ တိမ်းရှောင်လာသော မြစ်ကြီးနားခရိုင်မှ ဝန်ထမ်း ၁၂၆ ဦး၊ ချီဖွေခရိုင်မှ ဝန်ထမ်း ၇၇ ဦး၊ ဗန်းမော်ခရိုင်မှ ဝန်ထမ်း ၈၁ ဦးနှင့် ဆွမ်ပရာဘွမ်မြို့နယ်မှ ၁၀ ဦး စုစုပေါင်း ၂၉၄ ဦးတို့ နေထိုင်စားသောက်မှု အဆင်ပြေစေရန်အတွက် ဝန်ထမ်း တစ်ဦးလျှင် ဆန် တစ်အိတ်နှုန်းဖြင့် စုစုပေါင်း ၂၉၄ အိတ်ကို ထောက်ပံ့ပေးအပ်သည်။

ထို့အတူ ဝိုင်းမော်မြို့နယ်အတွင်းရှိ ကျေးရွာများ၊ ဆဒုံး၊ ဖားကန့်၊ ဆော့လော်၊ ကံပိုင်တည်၊ ဗန်းမော်၊ ချီဖွေမြို့နယ်များမှ ယာယီတိမ်းရှောင်၍ မြစ်ကြီးနားမြို့ပေါ်နှင့် ဝိုင်းမော်မြို့တို့တွင် ယာယီတိမ်းရှောင် နေထိုင်လျက်ရှိသော စခန်းပေါင်း ၂၀ တို့မှ အိမ်ထောင်စု ၁၃၂၂ စုအတွက် ဆန် ၂၄ ပြည်အိတ် ၁၃၂၂ အိတ်ကို သွားရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

❒ FIFA – ASEAN Cup မှ

Challenge Division ပွဲစဉ်များကို ဟောင်ကောင်တို့၌ ကျင်းပမည်ဖြစ်ကာ အုပ်စုတစ်ခုစီမှ အမှတ်အများဆုံး နှစ်သင်းစီ ဆီမီးဖိုင်နယ် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ Premier Division ပြိုင်ပွဲ အုပ်စု(A)တွင် အင်ဒိုနီးရှား၊ အိန္ဒိယ၊ မလေးရှား၊ စင်ကာပူ၊ အုပ်စု(B)တွင် ဗီယက်နမ်၊ ပါကစ္စတန်၊ ထိုင်း၊ ဖိလစ်ပိုင်၊ Challenge Division ပြိုင်ပွဲ အုပ်စု (A)တွင် ဟောင်ကောင်၊ မြန်မာ၊ ဘရူနိုင်း၊ အုပ်စု (B)တွင် ကမ္ဘောဒီးယား၊ လာအို၊ တီမောအသင်းတို့ ပါဝင်နေသည်။

မြန်မာအသင်းသည် လက်ရှိတွင် အာဆီယံ ဟွန်ဒိုင်းဖလားပြိုင်ပွဲ ယှဉ်ပြိုင်နေပြီး နည်းပြသစ်ဖြစ်သူ နော်ဝေ/ဂျာမနီနိုင်ငံသား အန်ဒါဆင်အတွက် ဒုတိယမြောက် နိုင်ငံတကာပြိုင်ပွဲဖြစ်လာမည်ဖြစ်သည်။

**သတင်း – ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – MFF**

## မိုးညိုမြို့နယ်၌ စားအုန်းဆီအရောင်းဆိုင်များအား စစ်ဆေး

မိုးညို ဇူလိုင် ၃၀

ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ်၌ Wilmar Myanmar ကုမ္ပဏီ၏ ဖြန့်ဝေမှုဖြင့်ရောင်းချလျက်ရှိသော စားအုန်းဆီ လက်လီလက်ကားဖြန့်ဖြူးရောင်းချလျက်ရှိသည့် အရောင်းဆိုင်များကို တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့စစ်ဆေးရာတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဖုန်းလွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စားအုန်းဆီဖြန့်ဖြူးရောင်းချမှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်း၍ စားအုန်းဆီဖြန့်ဖြူးရောင်းချသူများအနေဖြင့် သတ်မှတ်ရည်ညွှန်းဈေးအတိုင်း ဗီနိုင်းများချိတ်ဆွဲဖြန့်ဖြူးရောင်းချမှု ရှိ/မရှိ၊ အလေးချိန်မှန်ကန်မှု ရှိ/မရှိ၊ ဆီစာအုပ်များဖြင့် စနစ်တကျရောင်းချပေးရေးနှင့် ရရှိသောဆီပိဿာချိန်ခွဲတမ်းများကို ပြည်သူများထံ အမှန်တကယ်ရောင်းချမှု ရှိ/မရှိတို့ကိုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားခဲ့ကြောင်းသိရသည်။ **ကိုမင်း(ပြန်/ဆက်)**



## မြဝတီမြို့၌ ကျေးရွာမြေငှားဂရန်များပေးအပ်ပွဲ ကျင်းပ

မြဝတီ ဇူလိုင် ၃၀

ကရင်ပြည်နယ် မြဝတီမြို့တွင် နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် ဆောင်ရွက်ပြီးစီးသည့် ကျေးရွာမြေငှားဂရန်များပေးအပ်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၄)ရပ်ကွက်ရှိ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေးက အမှာစကားပြောကြားပြီး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးရဲလင်းမောင်က နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသော ကျေးရွာမြေငှားဂရန်ဆောင်ရွက်မှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ သဃ်န်းညီနောင်ကျေးရွာရှိ မြေငှားဂရန် အစောင် ၂၆၀ နှင့် မဲကနယ်ကျေးရွာအုပ်စု ဖားချောင်းကျေးရွာရှိ မြေငှားဂရန်




၆၅ စောင်တို့ကို ကရင်ပြည်နယ်လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးမင်းထွေးနှင့် တာဝန်ရှိသူများက ပြည်သူများ၏ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ဆောင်းနှင်းဖြူ (ပြန်/ဆက်)**

❍ Esports မှ

တက်လှမ်းနိုင်ခဲ့ရာ မြန်မာနိုင်ငံမှ Esports ဝါသနာရှင်ပေါင်း ၂၀၀၀၀၀ ကျော် တိုက်ရိုက်ကြည့်ရှုအားပေးခဲ့ကြသည်။

Yangon Galacticos PUBG Mobile အသင်းသည် ယခင်နှစ်က ကျင်းပခဲ့သည့် ၂၀၂၅ ခုနှစ် Esports ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ကမ္ဘာ့ချန်ပီယံဆုကို ဆွတ်ခူးရရှိထားပြီး ယခုနှစ် Esports ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း Yangon Galacticos MLBB အသင်းသည် ဆီမီးဖိုင်နယ်အဆင့်ထိ ရှုံးပွဲမရှိအောင်မြင်ခဲ့ကာ ကမ္ဘာ့ချန်ပီယံဆုနှင့် လက်တစ်ကမ်းအကွာသို့ ရောက်ရှိလာခဲ့ပြီးဖြစ်သည်။

Yangon Galacticos MLBB အသင်းသည် အုပ်စုပထမပွဲစဉ်တွင် ဆော်ဒီအာရေဗျနိုင်ငံမှ Geekay Esports အသင်းကို ၂-၀ ရလဒ်ဖြင့် လည်းကောင်း၊ ဒုတိယပွဲစဉ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ PRO Esports ကို ၂-၀ ရလဒ်ဖြင့် လည်းကောင်း အောင်မြင်ခဲ့ရာ ရှုံးထွက်အဆင့်၌ PRO Esportsအသင်းကို ၃-၀ ရလဒ်ဖြင့် ထပ်မံကျော်ဖြတ်ခဲ့သည်။

"မြန်မာလူငယ် Esports အားကစားသမားတွေဟာ ကမ္ဘာ့အဆင့်ကို ရောက်ရှိနေပြီဆိုတာ အရင်နှစ် Esports ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ကမ္ဘာ့ချန်ပီယံရွှေတံဆိပ်ဆုဖလားကြီး ဆွတ်ခူးနိုင်ခဲ့စဉ်ကတည်းက သက်သေပြခဲ့ပြီးပါပြီ။ ဒီနှစ်မှာလည်း YG MLBB အသင်းအနေနဲ့ ဆီမီးဖိုင်နယ်အဆင့် တက်ရောက်သွားပြီဖြစ်လို့ ကျွန်တော်တို့ မြန်မာလူငယ် Esports အားကစားသမားတွေဟာ ကမ္ဘာ့ထိပ်တန်းအဆင့်ရောက်နေပြီဆိုတာ ထပ်မံသက်သေပြနေပါပြီ။ အခုအောင်မြင်မှုဟာ အသင်းအနေနဲ့ အောင်မြင်မှုသာမက နိုင်ငံ့ဂုဏ်ဆောင်အဖြစ် ချန်ပီယံဆွတ်ခူးနိုင်အောင် လည်း ကြိုးစားနေပါတယ်"ဟု မြန်မာနိုင်ငံ အီလက်ထရောနစ်အားကစားအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာ ကောင်းမြတ်စံက ပြောသည်။

ပြင်သစ်နိုင်ငံတွင် ကျင်းပလျက်ရှိသည့် Esports World Cup 2026 ပြိုင်ပွဲသို့ နိုင်ငံကိုယ်စားပြု Yangon Galacticos(YG) အသင်းသည် ဇူလိုင် ၁၉ ရက်တွင် မြန်မာနိုင်ငံမှထွက်ခွာခဲ့ပြီး ဇူလိုင် ၂၃ ရက်တွင် စတင်ယှဉ်ပြိုင်ခဲ့ရာ ဆီးမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းနိုင်ခဲ့၍ ဆီမီးဖိုင်နယ်အဆင့်ကို ဩဂုတ် ၁ ရက်တွင် ဖိလစ်ပိုင်နိုင်ငံမှ Team Falcons PH အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# လူကုန်ကူးခံရသူ အမျိုးသားသုံးဦး၊ အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၂၉ ဦးတို့ကို ရန်ကုန်၊ မန္တလေးနှင့် မြဝတီမြို့တို့ရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာများတွင် လက်ခံစောင့်ရှောက်ခဲ့ပြီး မိဘရပ်ထံ ပြန်လည်အပ်နှံပေးခဲ့



နေပြည်တော် ဇူလိုင် ၃၀

၂၀၂၆ခုနှစ်ဇန်နဝါရီလမှ ဇူလိုင်လအထိ လွှဲပြောင်းပို့ဆောင်လာသည့် လူကုန်ကူးခံရသူ အမျိုးသား သုံးဦး၊ အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၂၉ဦးတို့ကို ရန်ကုန်၊ မန္တလေးနှင့် မြဝတီမြို့တို့ရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာများတွင် လက်ခံစောင့်ရှောက်ခဲ့ပြီး မိဘရပ်ထံ ပြန်လည်အပ်နှံပေးခဲ့ကြောင်း ယနေ့မွန်းလွဲပိုင်းတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် လူကုန်ကူးခံရသူများအား ပြန်လည်လက်ခံရေး၊ ပြန်လည်ဝင်ဆံ့ပေါင်းစည်းရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၂၆) တွင် လုပ်ငန်းကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ သန့်ဇော်လွင်က အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ထို့ပြင် လူကုန်ကူးခံရသူများကို ထိရောက်သော ကူညီစောင့်ရှောက်မှုများပေးခြင်း၊ လုံခြုံစိတ်ချစွာဖြင့် မိဘရပ်ထံ ပြန်လည်ဝင်ဆံ့ပေါင်းစည်းပေးခြင်းအပြင် ဂုဏ်သိက္ခာရှိစွာဖြင့် လူမှုစီးပွားဘဝ ပုံမှန်ရှင်သန်ရပ်တည်နေထိုင်နိုင်စေရန်အတွက် ဆက်နွယ်ကဏ္ဍများအလိုက် အလေးထားဆောင်ရွက်ကြစေလိုကြောင်း၊ ကလေးသူငယ်လူကုန်ကူးခံရသူများကိုလည်း နိုင်ငံတော်၏ မူဝါဒနှင့်အညီ ပညာဆက်လက်သင်ကြားနိုင်စေရေး အထူးအလေးထားဆောင်ရွက်ပေးကြစေလိုကြောင်း ဒုတိယဝန်ကြီးက တိုက်တွန်းပြောကြားသည်။

အစည်းအဝေးတွင် လုပ်ငန်းကော်မတီများ၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၊ မြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များက သက်ဆိုင်ရာ ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြကာ လူကုန်ကူးခံရသူများအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ အားသာချက်၊ အားနည်းချက်များ၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ဖော်ထုတ်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဘားအံမြို့နယ်၌ လူငယ်အသိပညာပေးဟောပြော

ဘားအံ ဇူလိုင် ၃၀

ကရင်ပြည်နယ် ဘားအံမြို့တွင် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန တိုင်းရင်းသားစာပေယဉ်ကျေးမှုဦးစီးဌာနက ဦးဆောင်ကျင်းပသည့် ဗလငါးတန်နှင့်ပြည့်စုံသော ကျောင်းသားလူငယ်များ ဖြစ်စေရေး ရည်ရွယ်၍ အသိပညာပေး ဟောပြောပွဲကို ဇူလိုင် ၂၈ ရက်တွင် ဘားအံမြို့နယ် ကျုံဖဲကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် ကျင်းပသည်။

ဦးစွာ ကရင်ပြည်နယ် မွန်တိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဦးမျိုးမြင့်နိုင်က အမှာစကားပြောကြားပြီး ပြည်နယ်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနက "လူငယ်နှင့်စာပေယဉ်ကျေးမှု" ခေါင်းစဉ် ဖြင့်လည်းကောင်း၊ ပြည်နယ်အားကစားနှင့် ကာယပညာဦးစီးဌာနက “လူငယ်နှင့်အားကစား” ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောသည်။

ထို့နောက် ကျောင်းသားကျောင်းသူများ ဉာဏဖွံ့ဖြိုးတိုးတက်စေရေး ဉာဏ်စမ်းပဟေဠိပြိုင်ပွဲကို ပြုလုပ်ရာ ဆုရရှိသူများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



## ကာတွန်း



# မြိတ်မြို့တွင် အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေမိသားစုဝင်ငွေတိုးရေး စီမံကိန်းကျေးရွာများ၏ လုပ်ငန်းသုံးပစ္စည်းပေးအပ်ပွဲ ကျင်းပ

မြိတ် ဇူလိုင် ၃၀

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက မြိတ်ခရိုင်အတွင်း ရက်(၁၀၀)စီမံချက်ဖြင့် စီမံကိန်း လုပ်ငန်းသုံးခုအဖြစ် စန္ဒဝတ်ကျေးရွာအုပ်စု ရွှေပေးကျေးရွာနှင့် ကလွင်ကျေးရွာအုပ်စု ငွေပုလဲရပ်တွင် အခြေခံနှင့်မွမ်းမံစက်ချုပ်သင်တန်းနှစ်ကြိမ်စီနှင့် ကမ်းကြီးကျေးရွာတွင် တန်ဖိုးမြှင့်စားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း နှစ်ကြိမ်တို့ကို ဖွင့်လှစ်ခဲ့သည်။ ယင်းသင်တန်းသို့ သင်တန်းသူ ၃၇ ဦး တက်ရောက်၍ ထူးချွန်သင်တန်းသူ ၁၅ ဦးအားရွေးချယ်ကာ ထူးချွန်သင်တန်းသူတစ်ဦးလျှင် ကျပ် ၁၈ သိန်းနှင့်ညီမျှသော စက်ပစ္စည်းကိရိယာများကို လွှဲပြောင်းသုံးစွဲခွင့်ပြုသည့် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်ခြင်းကို ယနေ့တွင် မြိတ်မြို့ ပုလဲရတနာခန်းမ၌ ပြုလုပ်သည်။



အခမ်းအနားတွင် မြိတ်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထူးချွန်သင်တန်းသူများအား လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။

အသေးစား စက်မှုလက်မှုလက်မှုလုပ်ငန်းဦးစီးဌာန၏ ဝင်ငွေတိုးစီမံကိန်းကို ကျေးရွာ တစ်ရွာထုတ်ကုန်တစ်ခု ဖော်ဆောင်ပေးခြင်းဖြင့် အသေးစား၊ အငယ်စားစီးပွားရေးလုပ်ငန်းများပေါ်ထွန်းလာပြီး တစ်ပိုင်တစ်နိုင် အသေးစားလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေရန်၊ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု နည်းပညာများ ပံ့ပိုးပေးခြင်းဖြင့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်း ဖြစ်ကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# ပေါင်မြို့နယ် အထက(နတ်ကြီးချောင်)၌ ငှက်ပျောပင် စုပေါင်းစိုက်ပျိုးပွဲ ပြုလုပ်

ပေါင် ဇူလိုင် ၃၀

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း အခြေခံပညာကျောင်းများရှိ ကျောင်းသား ကျောင်းသူများ ကိုယ်ခန္ဓာ၊ ဉာဏ်ရည်ဖွံ့ဖြိုးစေပြီး ဗီတာမင်ဓာတ်များပြည့်ဝစွာရရှိစေရေး အာဟာရဖြည့်စွက်စာအဖြစ် ငှက်ပျောသီးကျွေးမွေးနိုင်ရန်အတွက် ငှက်ပျောပင် စုပေါင်းစိုက်ပျိုးပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အထက(နတ်ကြီးချောင်)ကျောင်းဝင်း၌ ပြုလုပ်သည်။



**ငှက်ပျောပျိုးပင်များပေးအပ်**

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူး ရဲမှူးဇော်မြင့်ထွန်းနှင့် စိုက်ပျိုးရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဒေါ်လင်းလင်းမွန်တို့က ငှက်ပျောပျိုးပင်များပေးအပ်ရာ ကျောင်းအုပ် ဆရာမကြီး ဒေါ်ချိုချိုသက်က လက်ခံရယူသည်။

ထို့နောက် တာဝန်ရှိသူများနှင့် တက်ရောက်လာသူများက တစ်သျှူးငှက်ပျော ၁၂၀၊ ဖီးကြမ်းငှက်ပျော ၁၈၈ ပင်နှင့် သီးမွှေးငှက်ပျော ၁၁၂ ပင် စုစုပေါင်း ငှက်ပျောပျိုးပင် ၄၂၀ ကို စုပေါင်းစိုက်ပျိုးခဲ့သည်။

**မွန်မလေး(ပြန်/ဆက်)**

# ဒလမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များပေးအပ်



ဒလ ဇူလိုင် ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ဒလမြို့နယ်ဦးစီးမှူးရုံးမှ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀) စီမံချက်ဖြင့် ကွင်းဆင်းဆောင်ရွက်ပေးခဲ့သော နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက်တွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန သီရိဇေယျနေဘ်ရထာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအတွင်းရေးမှူးနှင့်အဖွဲ့ဝင်များက နိုင်ငံသားစိစစ်ရေးကတ်နှင့် UIDကတ်များကို ကျောင်းသားကျောင်းသူများ လက်ဝယ်အရောက်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်စန္ဒာမြင့်(ပြန်/ဆက်)**

# တပ်မတော်စစ်ကြောင်းများက ကလေး- တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် ဝိတုတ်ကျေးရွာ၊ တီးတိန်ယံကျေးရွာ၊ ရန်တိုင်းအောင်ကျေးရွာနှင့် တွီဘန်ကျေးရွာတို့အား ထပ်မံသိမ်းပိုက်ရရှိ

နေပြည်တော် ဇူလိုင် ၂၀

တပ်မတော်စစ်ကြောင်းများအနေဖြင့် ကလေး-တမူးလမ်းကြောင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်ပေးနိုင်ရန် အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးထားသည့် အဆိုပါလမ်းကြောင်းပေါ်ရှိ မြို့/ရွာများအား တစ်ခုပြီးတစ်ခု ပြန်လည်သိမ်းပိုက်ရရှိရေးအတွက် အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter Terrorism Operation) လုပ်ငန်းများ၊ နယ်မြေလုံခြုံရေးလုပ်ငန်းများကို မနေမနားအားသွန်ခွန်စိုက် သက်စွန့်ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။




တပ်မတော်စစ်ကြောင်းများက ကလေး- တမူးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ ယာယီစိုးမိုးကာ စစ်စခန်းအဖြစ် အသုံးပြု၍ အခြေချဝင်ရောက်နေထိုင်ခဲ့သည့်ကျေးရွာများကို ထပ်မံထိန်းချုပ်။

တပ်မတော်စစ်ကြောင်းများသည် စနစ်တကျစုဖွဲ့ပြင်ဆင်ပြီး ဇွန် ၇ ရက်မှစ၍ စစ်ကြောင်းများခွဲကာ ဟန်ချက်ညီညီဖြင့် နယ်မြေလုံခြုံရေးလုပ်ငန်းများကို နေ့မနားညမအား သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ရာ ကလေးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် လမ်းကြောင်းတစ်လျှောက်ရှိ မြို့၊ ရွာများအား အဆင့်ဆင့် ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ရာ ဇူလိုင် ၂၈ ရက်တွင် ဘုတ်ကန်စံပြကျေးရွာအထိလည်းကောင်း၊ တမူးမြို့ဘက်မှ ချီတက်လာသောတပ်မတော်စစ်ကြောင်းသည် ရန်လင်းဖိုင်ကျေးရွာအထိလည်းကောင်း ပြန်လည်သိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများသည် အောင်မြေချဲ့ထွင်ခြင်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ ယနေ့တွင် တမူးမြို့ဘက်မှ ချီတက်လာသော တပ်မတော်စစ်ကြောင်းသည် ဝိတုတ်ကျေးရွာ၊ တီးတိန်ယံကျေးရွာ၊ ရန်တိုင်းအောင်ကျေးရွာနှင့် ပတ်ဝန်းကျင်တစ်ဝိုက်အားလည်းကောင်း၊ ကလေးမြို့ဘက်မှချီတက်လာသော တပ်မတော်စစ်ကြောင်းသည် တွီဘန်ကျေးရွာအားလည်းကောင်း ထပ်မံသိမ်းပိုက်ထိန်းချုပ်နိုင်ခဲ့ပြီး အကြမ်းဖက်သောင်းကျန်းသူများထံမှ ဗုံးသီးများ၊ ခဲယမ်းများ၊ လက်လုပ်မိုင်းများနှင့်ဆက်စပ်ပစ္စည်းများ သိမ်းပိုက်ရရှိကာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်သေဆုံးမှုများစွာဖြင့် ကစဉ့်ကလျားဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရှိရသည်။

အကြမ်းဖက် သောင်းကျန်းသူများအနေဖြင့် ကျေးရွာများအတွင်း ယာယီစိုးမိုးအခြေပြု နေထိုင်ခဲ့စဉ်ကာလအတွင်း ဒေသခံပြည်သူများအား လက်နက်အားကိုးဖြင့် အနိုင်ကျင့် ဗိုလ်ကျ၍ ဆက်ကြေးကောက်ခြင်းများဆောင်ရွက်ရန်အတွက် လမ်းဘေးဝဲယာများတွင် သဲအိတ်များဖြင့် ဆောက်လုပ်ထားသည့် ဂိတ်တဲများ၊ ဒေသခံပြည်သူများ၏နေအိမ်များကို အကာအကွယ်ရယူ၍ သဲအိတ်များ၊ သစ်လုံးများဖြင့် ခံစစ်စခန်းအဖြစ် အခိုင်အမာဆောက်လုပ်ထားသည့် ပစ်ကျင်းများ၊ ဘန်ကာများ၊ ဆက်သွယ်ရေးမြောင်းများကို သိမ်းပိုက်ရရှိခဲ့သည်။

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ပေးနိုင်ရေးနှင့် ကလေး-တမူးလမ်းကြောင်းအား အမြန်ဆုံးပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် လိုအပ်သော နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ၏အောက်တန်းကျစွာ လုပ်ဆောင်ခဲ့မှုများကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့်နေရာများအား ပြန်လည်ပြုပြင်တည်ဆောက်ပေးခြင်းနှင့် ဒေသခံများ မိုင်းအန္တရာယ်ကင်းရှင်းရေးအတွက် မိုင်းရှင်းလင်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



ကလေး- တမူးဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ ကျေးရွာများ၌ အကြမ်းဖက်သောင်းကျန်းသူများမှ စစ်စခန်းအဖြစ် အသုံးပြုထားသည်များကို တွေ့ရစဉ်။



တပ်မတော်စစ်ကြောင်းများက ကလေး- တမူးဆက်သွယ်ရေးလမ်းကြောင်းပေါ်ရှိ အကြမ်းဖက်သောင်းကျန်းသူများ စစ်စခန်းအဖြစ် အသုံးပြုထားသည့် ဝိတုတ်ကျေးရွာကို ပြန်လည်သိမ်းပိုက်ရရှိစဉ်။



အကြမ်းဖက်သောင်းကျန်းသူများထံမှ သိမ်းပိုက်ရရှိသော ခဲယမ်းဗုံးသီးများ၊ လက်လုပ်မိုင်းများနှင့် ဆက်စပ်ပစ္စည်းများကို တွေ့ရစဉ်။

## လယ်ဝေးမြို့နယ်၌ ငွေကျပ် ၁ ဒသမ ၅ ဘီလီယံတန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် ဇူလိုင် ၂၀

လယ်ဝေးမြို့နယ်တွင် ငွေကျပ် ၁ ဒသမ ၅ ဘီလီယံ တန်ဖိုးရှိ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိပြီး ဖမ်းဆီးရမိ ကျော်ဝင်း (ခ) မနိုး၊ မင်းမင်းဟန်၊ အောင်ကိုကို (ခ) အောင်ကို၊ အေးကြိုင်နှင့် သန်းဇော်တို့ ငါးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



ကျော်ဝင်း (ခ) မနိုး၊ အောင်ကိုကို(ခ) အောင်ကို၊ မင်းမင်းဟန်၊ အေးကြိုင်နှင့် သန်းဇော်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၂၃ ရက် မွန်းလွဲ ၃ နာရီခွဲတွင် သတင်းအရ လယ်ဝေးမြို့နယ် ကြာကန်ကျေးရွာအနီးတွင် တောင်ငူမြို့နယ် ကံရိုးရွာနေ ကျော်ဝင်း(ခ)မနိုး(၄၀ နှစ်) မောင်းနှင်ပြီး တောင်ငူမြို့ (၁၉) ရပ်ကွက်နေ မင်းမင်းဟန်(၅၀ နှစ်)၊ တောင်ငူမြို့နယ် ခပေါင်းရွာနေ အောင်ကိုကို(ခ)အောင်ကို (၃၃ နှစ်)၊ ရေတာရှည်မြို့နယ် (၆) ရပ်ကွက်နေ အေးကြိုင် (၄၈ နှစ်) နှင့် သာစည်မြို့နယ် ဟင်းခွတ်အိုက်ရွာနေ သန်းဇော် (၅၁ နှစ်) တို့ လိုက်ပါလာသော TOYOTA IPSUM အမျိုးအစား မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွဆေးပြား ၁၀ သိန်း (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေကျပ် ၁ ဒသမ ၅ ဘီလီယံ) ဖမ်းဆီးရမိခဲ့သဖြင့် ၎င်းတရားခံငါးဦးအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိကြောင်း သိရသည်။

**ရဲပြန်ကြား**

❖ **လျှပ်စစ်မီတာမှ**

- ယင်းသို့ပေးသွင်းရာတွင်လည်း မည်သည့်ငွေကြေးကုန်ကျမှုမှ ထပ်မံမလိုအပ်ဘဲ တရားဝင်သတ်မှတ်ထားသည့် အခကြေးငွေကိုသာ သတ်မှတ်ပေးသည့် Account သို့ Online မှ တစ်ဆင့် ငွေပေးသွင်းရမည်ဖြစ်ပါသည်။
- သို့ဖြစ်ပါ၍ မီတာတပ်ဆင်လိုသူ မိဘပြည်သူများအနေဖြင့် www.moee.gov.mm သို့ ဝင်ရောက်၍ လျှောက်ထားနိုင်ပါကြောင်းနှင့် ယင်းသို့လျှောက်ထားရာတွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက အမြန်ဆုံးမီတာတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ငွေနှင်းမှို စိုက်ပျိုးထုတ်လုပ်ရေးခြံအား တာဝန်ရှိသူများ ကြည့်ရှုလေ့လာ

အင်္ဂပူ ဇူလိုင် ၂၀

ဧရာဝတီ တိုင်းဒေသကြီး အင်္ဂပူမြို့နယ် အမှတ်(၂)ရပ်ကွက်ရှိ မဥ္ဇူသင်းငွေနှင်းမှို စိုက်ပျိုးထုတ်လုပ်ရေးခြံကို ယနေ့နံနက်ပိုင်းက မြန်အောင်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးတင်ဝင်းရွှေ၊ အင်္ဂပူမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ကျော်မိုးတို့က သွားရောက်ကြည့်ရှုလေ့လာရာ ပိုင်ရှင် မမဥ္ဇူသင်းက ငွေနှင်းမှိုစိုက်ပျိုးမှုအခြေအနေနှင့် ဖြန့်ဖြူးရောင်းချမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။



အဆိုပါ စိုက်ပျိုးခြံရှိ ငွေနှင်းမှိုပေါင်း ခြောက်ပေါင်တွင် မှိုမျိုးစေ့ထုပ် သုံးသောင်း စိုက်ပျိုးထားရှိပြီး စိုက်ပျိုးသည့်ရက်မှ ရက်ပေါင်း ၄၀ အကြာတွင် စတင်ခူးနိုင်ကာ တစ်ကြိမ်လျှင် ငါးပိဿာအထက် ထွက်ရှိကြောင်း၊ သုံးလခန့် ခူးဆွတ်နိုင်ပြီး တစ်ပိဿာ ငွေကျပ် တစ်သောင်းရှိကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# ကျွမ်းကျင်မှုလေ့ကျင့်ရေးသင်တန်းကျောင်း(မန္တလေး)၌ သင်တန်းဖွင့်ပွဲ ကျင်းပ



မန္တလေး ဇူလိုင် ၂၀

အလုပ်သမား ညွှန်ကြားရေးဦးစီးဌာန ကြီးကြပ်မှုဖြင့် ဖွင့်လှစ်သော Basic Industrial Motor Control သင်တန်း(၁/၂၀၂၆)နှင့် အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC)အဖွဲ့ဝင်များ စွမ်းရည်မြှင့်သင်တန်းဖွင့်ပွဲကို ဇူလိုင် ၂၈ ရက်က မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ကျွမ်းကျင်မှုလေ့ကျင့်ရေး သင်တန်းကျောင်း(မန္တလေး)၌ ကျင်းပသည်။

ဦးစွာ မန္တလေးတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဒေါက်တာလှကြွယ်၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က အမှာစကားပြောကြားသည်။ ယင်းနောက် အလုပ်သမားရေးရာ ဆက်ဆံရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်သန်းသန်းထွန်းက အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီ (WCC) အဖွဲ့ဝင်များအား စွမ်းရည်မြှင့်တင်သည့်ကိစ္စနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် Basic Industrial Motor Control သင်တန်း (၁/၂၀၂၆) ကို သင်တန်းနည်းပြအဖြစ် စက်မှုဝန်ကြီးဌာန၊ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်နီနီဝင်းက သင်တန်းသားသင်တန်းသူ ၁၅ ဦးအား သင်ကြားပို့ချပေးသွားမည်ဖြစ်ပြီး ဩဂုတ် ၇ ရက်အထိ သင်ကြားပို့ချမည်ဖြစ်သည်။

ထို့အတူ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေး ကော်မတီ (WCC)အဖွဲ့ဝင်များ စွမ်းရည်မြှင့်သင်တန်းအား သင်တန်းနည်းပြအဖြစ် အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဒေါ်သန်းသန်းထွန်းက သင်တန်းသား သင်တန်းသူ ၄၆ ဦးအား သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။ **မြင့်မော်ထွန်း(ပြန်/ဆက်)**



## စားအုန်းဆီ ဖြန့်ဖြူးရောင်းချသည့်ဆိုင်များ စည်းကမ်းလိုက်နာမှု ရှိ၊ မရှိ စစ်ဆေး

ပြင်ဦးလွင် ဇူလိုင် ၂၀

ပြင်ဦးလွင်မြို့နယ်၌ စားအုန်းဆီ လက်လီ/လက်ကား ဖြန့်ဖြူးရောင်းချသည့်ဆိုင်များတွင် သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ရောင်းချမှု ရှိ၊ မရှိကို ယနေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ပြင်ဦးလွင်မြို့နယ် စားအုန်းဆီဖြန့်ဖြူးရောင်းချမှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒုတိယမြို့နယ် အုပ်ချုပ်ရေးမှူး၊ စားသုံးသူရေးရာဦးစီးဌာန ခရိုင်တာဝန်ခံနှင့်အဖွဲ့ဝင်များသည် ရပ်ကွက်ကြီး (၁)၊ (၃)၊ (၄)၊ (၁၀)၊(၁၂) တို့မှ ကိုယ်စားလှယ်အရောင်းဆိုင်ခြောက်ဆိုင်တွင် စားအုန်းဆီများ သတ်မှတ်ရည်ညွှန်းဈေးနှုန်းအတိုင်း ဗီနိုင်းချိတ်ဆွဲ၍ ဖြန့်ဖြူးရောင်းချခြင်းရှိ/မရှိ၊ အလေးချိန်မှန်ကန်မှုရှိ/မရှိနှင့် ဆီစာအုပ်များ စနစ်တကျ ထုတ်ပေးခြင်း၊ ခွဲတန်းရရှိသော ဆီပိဿာချိန်ကို ပြည်သူများအား အမှန်တကယ် ရောင်းချပေးခြင်း ရှိ/မရှိတို့ကို ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ကော့မှူး၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ဆောင်ရွက်ပေး



ကော့မှူး ဇူလိုင် ၂၀

နိုင်ငံတော်အစိုးရသစ်၏ ရက်(၁၀၀)စီမံချက် လမင်းစီမံချက်ဖြင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ပေးအပ်ပွဲအခမ်းအနားကို ဇူလိုင် ၂၈ ရက်က ရန်ကုန် တိုင်းဒေသကြီး ကော့မှူးမြို့နယ် ဝါးဘလောက်သောက် ကျေးရွာ အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် တွံတေးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေး ကော်မတီဥက္ကဋ္ဌ ဦးညွှန့်နွယ်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမျိုးမင်း၊ အမှတ်(၁) တိုင်းဒေသကြီး လွှတ်တော် ကိုယ်စားလှယ် ဦးကျော်ဇင်ဟိန်း၊ အထက (ဝါးဘလောက်သောက်) ကျောင်းအုပ်ဆရာမကြီး ဒေါ်ကြူကြူဝင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးလှမင်းဦးတို့က ကျောင်းသား ကျောင်းသူ ၁၄၅ ဦးအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**ကျော်သူရ (ကော့မှူး)**

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၂၂၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇူလိုင် ၂၀

စားသုံးသူပြည်သူများစားသုံးဆီဝယ်ယူစားသုံးရာတွင်ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇူလိုင် ၃၀ ရက်မှ ဩဂုတ် ၆ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီတစ်ပိဿာလျှင် ငွေကျပ် ၇၂၂၀ ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာ ဦးစီးဌာန၏ Website: www.doca.gov.mm၊Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ပညာတံခွန်ငွေစုငွေချေး သမဝါယမအသင်း လီမိတက်အစည်းအဝေးကျင်းပ



စဥ့်ကိုင် ဇူလိုင် ၂၀

မန္တလေးတိုင်းဒေသကြီး စဥ့်ကိုင်မြို့နယ် ပညာတံခွန် (ပညာရေး) ငွေစုငွေချေးအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက အထက(စဥ့်ကိုင်)ရှိ သဇင်ခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်မြတ်ကြူက သမဝါယမအသင်းဦးစီးဌာနမှ အသင်းဝင်များအတွက် လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်ပေးနေမှု အခြေအနေများနှင့် အသင်း၏ စည်းမျဉ်းစည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး ဘဏ္ဍာရေးရှင်းတမ်းများ၊ အစီရင်ခံစာများအား ဖတ်ကြားရှင်းလင်းရာ တက်ရောက်လာကြသည့် အသင်းသား အသင်းသူများက အကြံပြုဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ပညာတံခွန် (ပညာရေး) ငွေစုငွေချေး သမဝါယမအသင်း လီမိတက်၏ စုဆောင်းအတိုးရငွေကျပ် ၅၀၂၄၁၀၀၀ အား အသင်းသား ၈၂၄ ဦးတို့၏ ကျန်းမာရေး၊ လူမှုရေး၊ ပညာရေးတို့အတွက် ထောက်ပံ့ငွေများ ထုတ်ပေးနိုင်ခဲ့သည်။ **မြို့နယ်(ပြန်/ဆက်)**

## မကွေးတိုင်းဒေသကြီး အခြေခံပညာ ကျောင်းပေါင်းစုံ U-14 ဘောလုံးပြိုင်ပွဲဆုချီးမြှင့်



ရန်ကုန် ဇူလိုင် ၂၀

ကမ္ဘာတစ်ဝန်းမှ လူကြိုက်များသော Mobile Game တစ်ခုဖြစ်သည့် PUBG MOBILE သည် မျိုးဆက်သစ် ကျောင်းသားလူငယ်များ၏ ဘောလုံးစွမ်းရည်များ ပိုမိုမြှင့်တင်ရန်ရည်ရွယ်၍ မကွေးတိုင်းဒေသကြီး အခြေခံပညာ ကျောင်းပေါင်းစုံ အသက် ၁၄ နှစ်အောက် U-14 ဘောလုံးပြိုင်ပွဲ ကျင်းပရာ မကွေးတိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာကျောင်းပေါင်း ၂၅၇ ကျောင်းမှ ကျောင်းသားလူငယ် စုစုပေါင်း ၂၃၆၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။

ပြိုင်ပွဲအပြီးတွင် မကွေးခရိုင်အသင်းမှ ချန်ပီယံဆုကို ဆွတ်ခူးရရှိခဲ့ပြီး ဒုတိယဆုကို အောင်လံခရိုင်အသင်းနှင့် တတိယဆုကို သရက်ခရိုင်အသင်းတို့မှ ဆွတ်ခူးရရှိခဲ့ကြသည်။ ပြိုင်ပွဲတွင် ဆုရရှိသူများအား ယနေ့တွင် ဆုချီးမြှင့်ခဲ့ကြောင်းသိရသည်။ **အာကာ**

**မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Acount များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ရေကြည်မြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်ပွဲ ကျင်းပ

ရေကြည် ဇူလိုင် ၂၀

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ နိုင်ငံတော်အစိုးရ၏ ရက်(၁၀၀)စီမံချက်အရ ဆောင်ရွက်သည့် လယ်ယာမြေဥပဒေနှင့် အညီ ရောင်း/ပေါင်း/လဲ/ငှား/ပေး ဆောင်ရွက်ခဲ့သည့် လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် (ပုံစံ - ၇) ပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းက စိမ်းလဲ့ရေကြည်ခန်းမ၌ ကျင်းပသည်။

ဦးစွာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူးက လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၇ ) ထုတ်ပေးရခြင်းနှင့် ပတ်သက်၍ လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားတွင် ဒေသခံတောင်သူ ၁၀၅ ဦးအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ - ၇) ၁၃၄ တွဲ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်သူဟန်(ပြန်/ဆက်)**



# စစ်တက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

( ခ ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

( ဂ ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

( င ) တက္ကသိုလ်ဝင်စာမေးပွဲတွင် ဖြေဆိုအောင်မြင်သူ ဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၆ ခုနှစ်၊ သြဂုတ်လ(၂၇) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ စစ်တက္ကသိုလ် ဗိုလ်လောင်း သင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုး ညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

( ခ ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၂၀)ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) မျက်မှန်တပ်ဆင်ထားသူများ မဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲ (သို့မဟုတ်) ဝိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ်ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၆ ခုနှစ်၊ သြဂုတ်လ(၂၇)ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) သင်္ချာ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၉)ရက်နေ့တွင် မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

# တပ်မတော်ဆေးတက္ကသိုလ်(အမျိုးသား/အမျိုးသမီး)ဗိုလ်လောင်းများခေါ်ယူခြင်း

၁။ လျှောက်ထားသူသည်-

(က) ၂၀၂၇ ခုနှစ်၊ ဇန်နဝါရီလ(၁)ရက်နေ့တွင် အသက်(၂၀)နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား အိမ်ထောင်မရှိဖူးသူ(လူပျို/အပျို)ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် (၅)ပေ၊ (၃)လက်မနှင့် ကိုယ်အလေးချိန် ပေါင်(၁၀၀)နှင့်အထက်ရှိရမည်။

(ဃ) အမြင်အာရုံကြီးမားစွာချို့ယွင်းသူမဖြစ်စေရ။(မျက်မှန်တပ်ဆင်သူများလည်း လျှောက်ထားနိုင်သည်။)

(င) တက္ကသိုလ်ဝင်စာမေးပွဲတွင် သိပ္ပံဘာသာတွဲဖြင့် ဖြေဆိုအောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာ တိုင်းစစ်ဌာနချုပ်များတွင် ၂၀၂၆ ခုနှစ်၊ ဇွန်လ(၂၉)ရက်နေ့မှစ၍ အခမဲ့ရယူနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်၊ မြို့နယ် ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ ပူးတွဲတင်ပြရမည်။

၄။ လျှောက်လွှာကို ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ(၂၇) ရက်နေ့နောက်ဆုံးထား၍ လျှောက်လွှာထုတ်ယူခဲ့သော တိုင်းစစ်ဌာနချုပ်များသို့ ပြန်လည်ပေးပို့ကြရမည်။

၅။ သတ်မှတ်ချက်နှင့်ပြည့်စုံပြီး အရည်အချင်းပြည့်မီသော လျှောက်လွှာရှင်များသာ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ဖြေဆိုကြရမည်။

၆။ တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲတွင် တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်-

(က) အင်္ဂလိပ်စာ။

(ခ) ဇီဝဗေဒ နှင့် ဓာတုဗေဒ။

၇။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ(၁၈)ရက်နေ့တွင် မိမိတို့လျှောက်လွှာ တင်သွင်းရာ တိုင်းစစ်ဌာနချုပ်တည်ရှိသည့်မြို့၌ ဖြေဆိုကြရမည်။

၈။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုရမည့် နေရာနှင့်အချိန်ကို သတင်းစာမှ ကြော်ငြာပေးမည်။

၉။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင်ဖော်ပြထားသည့် ခုံအမှတ်အတိုင်းဖြစ်သည်။

၁၀။ ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲ ဖြေဆိုအောင်မြင်သူများသည် တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက် အစစ်ဆေးခံရမည်။ တပ်မတော်ဗိုလ်ရွေးအဖွဲ့တွင် ဝင်ရောက်အစစ်ဆေးခံရန် အကြောင်းကြားစာများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့် အချိန်မီပေးပို့သွားမည်။

၁၁။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြသောလျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ မိမိတို့ လျှောက်လွှာတင်သွင်းသည့်ဌာနတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို သွားရောက်စုံစမ်းမေးမြန်းနိုင်သည်။

စစ်ရာထူးခန့်ချုပ်ရုံး
ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၂)၊ ဆဒ့်ဒူးဝါးလမ်း၊ မြေကွက်အမှတ် (၈၉၃/ခ)၊ ဧရိယာအကျယ် (၂၀x၆၀) ပေရှိ မြေကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနနှင့် နှစ်(၆၀) မြေငှားစာချုပ်(ဂရန်)တို့တွင် ဦးအုန်းညွန့်[၁၂/သဃက(နိုင်)၀၀၇၉၁၉] အမည်ပေါက်မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဂရန်အမည်ပေါက်ထံမှ အရောင်းအဝယ်အရပ်ကတိဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်ဥမ္မာ [၁၂/မဂတ(နိုင်)၀၁၅၃၈၉]မှ အဆိုပါမြေကွက်အား မိမိသာလျှင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းနှင့် အရှုပ်အရှင်းတစ်စုံတစ်ရာမရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းသဖြင့် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဌေးဌေးအောင် (LL.B) အထက်တန်းရှေ့နေ (စဉ်– ၅၆၃၇၅)**
**အမှတ်(၄၆)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်။**
**၀၉– ၇၈၁၁၀၄၄၂၂**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–စံချိန်မှီအဆင့်(၃)၊ မြေကွက်အမှတ်(၇၈)၊ အကျယ်အဝန်း (၄၀ပေx၆၀ပေ)ရှိ **ဦးစန်းမောင်[၁၂/ကတန(နိုင်)၀၀၈၅၆၇]**အမည်ပေါက် မြေချပါမစ် မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရန်ကုန်မြို့၊ သန်လျင်၊ ကျောက်တန်းမြို့ နယ်၊ သီတာမြိုင်ရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ်(၇၈)ဟု ခေါ်တွင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်များဖြင့် နောက်ဆုံးဝယ်ယူပိုင်ဆိုင်ထားသည်ဟု ဆိုလာသူ **ဦးထွန်းထွန်းဝင်း [၁၂/ကတန(နိုင်)၀၇၄၅၂၂]**က ၎င်းတရားဝင်ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိပြီး လွှဲပြောင်းရောင်းချခွင့်အပြည့်အဝရှိကြောင်း ဖွင့်ဟဝန်ခံ၍ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ **ဒေါ်သူဇာခိုင် [၁၂/ပဇတ(နိုင်) ၀၃၄၄၃၇]**မှ ဝယ်ယူမည်ဖြစ်ပါ၍ အရောင်းအဝယ်ပြုလုပ်သည့်တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိသူ မည်သူမဆို ပိုင်ဆိုင်မှုစာချုပ်စာတမ်း၊ စာရွက်စာတမ်းမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်နေ့မှ (၅)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်ပါရန်နှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဝယ်ယူသူ၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်စုစုမွန် [LL.B,D.B.L,D.I.L,D.I.P.L,DL–101WIPO(Switzerland)]**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၃၄၉၆)**
**ဖုန်း – ၀၉ ၇၉၉၆၆၄၅၅၇ ၊ ၀၉ ၇၈၁၅၃၅၈၂၄ ၊ ၀၉ ၅၀၄၉၁၇၄**
**အမှတ် – ၃၀၂(၁၂+၁)၊ ပါရမီကွန်ဒို၊ ဦးသင်းဖေလမ်း၊ (၁၆)ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**

## "ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ"

လှိုင်သာယာမြို့နယ်၊ မြေတိုင်း ရပ်ကွက်အမှတ်–၄/၆၊ မြေကွက်အမှတ်– ၁၅၀၉+၁၅၁၁၊ ဧရိယာ(၀.၀၆၈)ဧက၊ မြေကွက်တည်နေရာအမှတ်– ၁၅၀၉+၁၅၁၁၊ ရောဝတီလမ်း၊ (၅)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဒေါ်စန်းစန်းဝင်း [၉/မနတ(နိုင်)၀၈၁၄၉၈] အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက် ဒေါ်စန်းစန်းဝင်း [၉/မနတ(နိုင်)၀၈၁၄၉၈] (ဇနီး)သည် (၁၂–၉–၂၀၀၄)ရက်နေ့တွင် ကွယ်လွန်သွားပါသဖြင့် ဦးဌေးမောင် [၉/မနတ(နိုင်)၀၈၁၆၂၈] (ခင်ပွန်း)မှ တစ်ဦးတည်းသော ခင်ပွန်းတော်စပ်ကြောင်း၊ အခြားသော ခင်ပွန်း တစ်ဦးတစ်ယောက်မျှမရှိကြောင်း၊ ၎င်းသာ လျှင် တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း၊ ၎င်းမှလွဲ၍ အခြားအမွေဆက်ခံခွင့် ရှိသူ တစ်ဦးတစ်ယောက်မျှမရှိကြောင်း ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ၊ ဂရန်မူရင်း၊ သေစာရင်း၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်– ၅၊ နည်းဥပဒေ–၁ နှင့် ၅)
## ဗိုလ်တထောင်ခရိုင်တရားရုံးတော်၌
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် – ၃၁

ဦးကိုကိုကြီး
(ကွယ်လွန်သူဒေါ်လှလှဝင်း၏
ဆက်ခံသူ ခင်ပွန်း)

နှင့်

၁။ ဒေါ်ဥမ္မာဝင်း
၂။ ဦးမြင့်စိုး
၃။ ဒေါ်နန်းခန်းဆာ(ကွယ်လွန်သူ ဦးခင်မောင်ဝင်း၏ ဆက်ခံသူဇနီး)
၄။ ဒေါ်မြမြဝင်း
၅။ ဦးသန်းဌေး
၆။ ဒေါ်မူမူဝင်း
၇။ ဦးနိုင်ဝင်း
၈။ ဦးချစ်တင် (ကွယ်လွန်သူ ဒေါ်ဝါဝါ၏ ဆက်ခံသူ ခင်ပွန်း)

**(တရားလို)** **(တရားပြိုင်များ)**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)တိုးချဲ့ရပ်ကွက်၊ ဦးဝိစာရလမ်း၊ အိမ်အမှတ်(၃၉၁)နေ (၃)တရားပြိုင် ဒေါ်နန်းခန်းဆာ (ကွယ်လွန်သူ ဦးခင်မောင်ဝင်း၏ ဆက်ခံသူဇနီး) (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက **"အမွေပုံစီမံခန့်ခွဲပေးစေလိုမှု"** လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ (၁၁)ရက်၊ (၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆုတ် ၁၃ ရက်) မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဇူလိုင်လ (၂၈)ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(အိသွင်သွဲ့သွဲ့)**
**တွဲဖက်ခရိုင်တရားသူကြီး(၃)**
**ဗိုလ်တထောင်ခရိုင်တရားရုံး**

## ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန
## ပြည်တွင်းအခွန်များဦးစီးဌာန
## အောင်ဘာလေသိန်းဆုဌာနခွဲ
## ကြေညာချက်
## (ရက်စွဲ၊ ၂၀၂၆ ခုနှစ်၊ ဇူလိုင် လ ၃၁ ရက်)

၁။ ၂၀၂၆ ခုနှစ်၊ ဩဂုတ် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၈၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **" က " အက္ခရာမှ အစဉ်လိုက် " တ " အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၁၆) လုံးအား ခွဲဝေရောင်းချရာတွင် ထီစာအုပ် **(၁၃၀၉၀၈၈)** အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ် သန်း **(၁၃၀၉၀.၈၈၀)** ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း **(၉၁၆၃.၆၁၆)** ဖြစ်ပါသည်။ (၈၈) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲမှ ဆုမဲတန်ဖိုးမပြည့်မီသည့် ကျပ် သန်း **(၀.၉၆၆)** အား ပေါင်းထည့်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ခွဲဝေချီးမြှင့်ပေးမည့်ထီဆုငွေစုစုပေါင်းမှာ ကျပ်သန်း **(၉၁၆၄.၅၈၂)** ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ် သန်း **(၂၅၀.၀၀၀)** ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

| | | | | | |
|---|---|---|---|---|---|
| (က) | **အထူးဆုကြီး** | | | | |
| | (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| | (၂) | ကျပ်သိန်းသုံးထောင် | = | (၂) | ဆု |
| | (၃) | ကျပ်သိန်းနှစ်ထောင် | = | (၃) | ဆု |
| | (၄) | ကျပ်သိန်းတစ်ထောင် | = | (၄) | ဆု |
| (ခ) | **ဆုတစ်ဆုချင်း** | | | | |
| | (၁) | ကျပ်သိန်းငါးရာ | = | (၁၂) | ဆု |
| | (၂) | ကျပ်သိန်းနှစ်ရာ | = | (၁၂) | ဆု |
| | (၃) | ကျပ်သိန်းတစ်ရာ | = | (၁၅) | ဆု |
| | (၄) | ကျပ်သိန်းငါးဆယ် | = | (၁၆) | ဆု |
| | (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၂၅) | ဆု |
| | (၆) | ကျပ်တစ်ဆယ်သိန်း | = | (၂၉) | ဆု |
| (ဂ) | **ဝေဝေဆာဆာပဒေသာဆု** | | | | |
| | (၁) | ကျပ်သုံးသိန်း | = | (၅၀) | ဆု |
| | (၂) | ကျပ်နှစ်သိန်း | = | (၁၀၀၀) | ဆု |
| | (၃) | ကျပ်တစ်သိန်း | = | (၁၂၀၀၀) | ဆု |
| | (၄) | ကျပ်ငါးသောင်း | = | (၇၀၀၀၀) | ဆု |
| | (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |
| (ဃ) | **ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု** | | | | |
| | (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| | (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| | (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| | (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

၄။ **(၄၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၆ ခုနှစ်၊ ဩဂုတ် လ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေ အပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၈၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၈-၂၀၂၆) ရက်နေ့ (စနေနေ့) ၊ နံနက် (၈း၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၄၃) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို မွန်းလွဲ (၁၄း၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄) ၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့် ၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ခပေါင်းလမ်းသွယ်လမ်း၊ အမှတ် (၁၀/အီး) ဟုခေါ်တွင်သော လှိုင်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၃၂၊ မြေကွက်အမှတ်– ၁/င(၁.ခ)+၁/င(၃.ခ)၊ ဧရိယာ(၀.၀၉၁)ဧကရှိ မြေပိုင်မြေ(လ/န–၃၉) မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ပိုင်ဆိုင်သူထံမှ (၁၅–၆–၂၀၂၆) ရက်စွဲပါ အရောင်းအဝယ်အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသူ ဦးစိုးလွင် [၁၂/ကတတ(နိုင်) ၀၂၁၆၁၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ပေးကတိစာချုပ် ပြုလုပ်ခဲ့ပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းနှင့် စပ်လျဉ်း၍ နစ်နာမှုတစ်စုံတစ်ရာ အကြောင်းရှိနိုင်သူမည်သူမဆို ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါပြီး (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်ချက်မရှိပါက တည်ဆဲဥပဒေများအား မဆန့်ကျင်စေဘဲ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးလိမ္မော် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၄၃၁၄)**
**အမှတ်(၄၆/ပထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း – ၀၉–၆၉၂၂၉၉၅၆၃၊ ၀၉–၄၂၈၆၃၀၇၀၄**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ **လင်း/မြောက်ရပ်ကွက်၊ သရဖဏ်ရိပ်သာ (၁)လမ်း၊ အမှတ်(၂)** ပေါ်တွင်ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၏ ဒုတိယထပ် (၃-လွှာ) (ခြေရင်းခန်း)၊ ဧရိယာ (၁၂ ၃/၂ ×၄၇) ပေ ကျယ်ဝန်းသော တိုက်ခန်းကိုဝယ်ယူရန် လက်ရှိတရားဝင်ပိုင်ရှင် **ဒေါ်အိယုနိုင် (၁၂/လမန (နိုင်) ၁၃၆၁၃၅)** အား ကျွန်ုပ်တို့၏မိတ်ဆွေ **ဒေါ်ခင်မြတ်မွန် (၁၂/စခန (နိုင်) ၀၃၂၃၇၇)** မှ စရံငွေပေးချေထားပြီး ဖြစ်ပါသည်။ စရံငွေပေးချေထားခြင်းကို မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာချုပ်စာတမ်း **(မူရင်း)**များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဖော်ပြပါတိုက်ခန်းကို တရားဝင်နည်းလမ်းတကျ အရောင်းအဝယ်စာချုပ် ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ**

**ဒေါ်အေးမြင့်ရီ**
BSc, DA, HGP, R.L, DBL, DML, DIL
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၇၃)
ဖုန်း-၀၉-၄၂၈၇၇၀၈၂၀

**ဦးသိန်းညွန့်**
BA, HGP, R.L, DBL, DML, DIL
တရားလွှတ်တော်ရှေ့နေ(စဉ်-၃၅၆၁)
ဖုန်း-၀၉-၅၀၅၃၁၀၇

အမှတ်-၁၄၂ ၊ ပထမထပ်၊ ၃၉-လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❖ နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်အခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇူလိုင် ၃၀**

ပညာရေးဝန်ကြီးဌာန ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ အဆိုပါ တက္ကသိုလ်ဝင်း အတွင်း၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများ၊ ပါမောက္ခချုပ်များ၊ ပါမောက္ခများ၊ ဆရာ ဆရာမများ၊

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❂



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရန်ကုန်အနောက်ပိုင်းတက္ကသိုလ် (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ်အဖြစ် ခင်းကျင်းပြသထားသည့် ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

## လျှပ်စစ်မီတာအသစ်များကို Website မှ လျှောက်ထားနိုင်ကြောင်း အသိပေးကြေညာခြင်း

● လျှပ်စစ်ဓာတ်အားသုံးစွဲလိုသော်လည်း မီတာမရှိသေးသည့် မိဘပြည်သူများအနေဖြင့် အိမ်သုံးအပြင် စီးပွားရေး/စက်မှုလုပ်ငန်းများအတွက်ပါ လိုအပ်သည့် လျှပ်စစ်မီတာအသစ်များကို နိုင်ငံတော်အစိုးရထံမှ ငှားရမ်းအသုံးပြုရာတွင် လျင်မြန်စွာရရှိနိုင်ရန်နှင့် တစ်ဆင့်ခံပွဲစားများ၊ ဝန်ထမ်းများ၏ ပါဝင်ပတ်သက်မှုများမှ ကင်းဝေးစေပြီး အချိန်နှင့် စရိတ်စကများ သက်သာစေရန် ရည်ရွယ်၍ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နေ့မှစ၍ Website မှတစ်ဆင့် ရုံးချုပ်သို့ လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

● လျှပ်စစ်ဓာတ်အားကို စတင်ထုတ်လုပ်သည်မှ ပြည်သူများ လက်ဝယ်သို့ ရောက်ရှိလာသည်အထိ နိုင်ငံတော်မှ မတည်ရင်းနှီးထားရသည့် လျှပ်စစ်ဓာတ်အားဆိုင်ရာ အခြေခံအဆောက်အအုံများကို စဉ်ဆက်မပြတ် မွမ်းမံထိန်းသိမ်းခြင်း၊ တိုးတက်ပြောင်းလဲလာသည့် နည်းပညာများနှင့်အညီ အဆင့်မြှင့်တင်ခြင်းတို့ ပြုလုပ်နိုင်မှသာ ပြည်သူများအနေဖြင့် လျှပ်စစ်ဓာတ်အားကို အရည်အသွေးပြည့်မီစွာ အသုံးပြုနိုင်မည်ဖြစ်ရာ ယင်းသို့ဆောင်ရွက်နိုင်ရန်လိုအပ်သော ထိုက်သင့်သည့် အခကြေးငွေများကိုသာ ပေးသွင်းရမည် ဖြစ်ပါသည်။

စာမျက်နှာ ၁၇ ကော်လံ ၄ သို့ ❖

## Esports ကမ္ဘာ့ဖလားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ Yangon Galacticos MLBB အသင်း ဆီမီးဖိုင်နယ် တက်လှမ်း




**ရန်ကုန် ဇူလိုင် ၃၀**

ပြင်သစ်နိုင်ငံတွင် ဇူလိုင် ၂၃ ရက်မှ စတင်ကျင်းပလျက်ရှိသည့် Esports ကမ္ဘာ့ဖလား (Esports World Cup 2026) ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု Yangon Galacticos(YG)၏ MLBB အသင်းသည် Mobile Legend တွင် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိရာ ယမန်နေ့က ဆီမီးဖိုင်နယ်အဆင့်သို့ တက်လှမ်းသွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံ အီလက်ထရောနစ် အားကစားအဖွဲ့ချုပ်မှ သိရသည်။

ဇူလိုင် ၂၉ ရက်က ကွာတားဖိုင်နယ်ပွဲစဉ်တွင် ကမ္ဘောဒီးယားနိုင်ငံမှ PRO Esports အသင်းအား ၃ – ၀ ရလဒ်ဖြင့် အနိုင်ရရှိခဲ့ပြီး ဆီမီးဖိုင်နယ်အဆင့်သို့ ရှုံးပွဲမရှိဖြင့်

စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ○



## ထိုင်းခရီးစဉ် တတိယမြောက်ခြေစမ်းပွဲတွင် ရန်ကုန်စီးတီးအသင်း ရှုံးပွဲကြုံတွေ့

**ရန်ကုန် ဇူလိုင် ၃၀**

၂၀၂၆–၂၀၂၇ ရာသီအတွက် လေ့ကျင့်ပြင်ဆင်နေသည့် မြန်မာနေရှင်နယ်လိဂ်ကလပ် ရန်ကုန်စီးတီးအသင်းသည် ထိုင်းနိုင်ငံ၌ လေ့ကျင့်မှုပြုလုပ်နေပြီး တတိယမြောက်ခြေစမ်းပွဲအဖြစ် ဇူလိုင် ၂၉ ရက်က ထိုင်းလိဂ်–၁ ကလပ် ရရောင်းအသင်းနှင့် ခြေစမ်းကစားရာ သုံးဂိုး – ဂိုးမရှိဖြင့် အရေးနိမ့်ခဲ့သည်။

စာမျက်နှာ ၁၃ ကော်လံ ၃ သို့ ■

## လူကုန်ကူးခံရသူ အမျိုးသား သုံးဦး၊ အမျိုးသမီး ၂၆ ဦး စုစုပေါင်း ၂၉ ဦးတို့ကို ရန်ကုန်၊ မန္တလေးနှင့် မြဝတီမြို့တို့ရှိ ယာယီလက်ခံစောင့်ရှောက်ရေးဂေဟာများတွင် လက်ခံစောင့်ရှောက်ခဲ့ပြီး မိဘရပ်ထံ ပြန်လည်အပ်နှံပေးခဲ့

စာမျက်နှာ » ၁၅

## FIFA - ASEAN Cup 2026 Challenge Division ပြိုင်ပွဲတွင် မြန်မာအသင်း အုပ်စု(A)၌ ကျရောက်



**ရန်ကုန် ဇူလိုင် ၃၀**

FIFA – ASEAN Cup 2026 ပြိုင်ပွဲကို ယခုနှစ်တွင် ပထမဆုံးစတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် Challenge Division ပြိုင်ပွဲ၌ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

FIFA – ASEAN Cup 2026 ပြိုင်ပွဲကို အဆင့်နှစ်ခုခွဲ ကျင်းပမည်ဖြစ်ပြီး Premier Division ပြိုင်ပွဲတွင် ရှစ်သင်း၊ Challenge Division ပြိုင်ပွဲတွင် ခြောက်သင်း ယှဉ်ပြိုင်မည်ဖြစ်သည်။ ပြိုင်ပွဲကို စက်တင်ဘာ ၂၄ ရက်မှ အောက်တိုဘာ ၃ ရက်အထိ ကျင်းပမည်ဖြစ်ပြီး Premier Division ပွဲစဉ်များကို အင်ဒိုနီးရှားနိုင်ငံ၊

စာမျက်နှာ ၁၄ ကော်လံ ၅ သို့ ❐